# ဖူးတာအယ်

၏

၁၉၄၉ မှ ၁၉၉၇ ခုနှစ်အထိ



ကရင့်တော်လှန်ရေး

# နိုင်ငံရေး၊ စစ်ရေးစစ်တမ်း

6/6/98

## မာတိကာ


နိဒါန်း ၁

အခန်း (၁) ကရင့်တော်လှန်ရေး၏ နိုင်ငံရေးအခြေအနေသုံးသပ်ချက်၊ ၂

အခန်း (၂) ဖြတ်သန်းခဲ့ရသော စစ်ရေးအခြေအနေသုံးသပ်ချက်အချို့၊ ၁၁
(က) မြစ်ဝကျွန်းပေါ်တိုင်း ၁၁
(ခ ) ပဲခူးရိုးမတိုင်းနှင့် အရှေ့တိုင်း– ၁၂
(ဂ ) မြစ်ဝကျွန်းပေါ်တိုင်းအား လက်လွှတ်ခဲ့ရခြင်း၊ ၁၄
(ဃ) ပဲခူးရိုးမတိုင်းဆုံးရှုံးခဲ့ရခြင်း ၁၆

အခန်း (၃) အရှေ့တိုင်းကေအဲန်ယူအခြေအနေသုံးသပ်ချက်၊ ၂၁
(က) ယေဘုယျအခြေအနေသုံးသပ်ချက်၊ ၂၁
(ခ ) ရန်သူ့အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးထိုးစစ်နှင့် မိမိတို့တပ်ပေါင်းစု အခြေအနေ၊ ၂၉
(ဂ ) ကေအဲန်ယူ (၁၁)ကြိမ်မြောက်ညီလာခံ ကျင်းပခြင်းနှင့် တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲ ကျင်းပခြင်း၊ ၂၉
(ဃ) ကေအဲန်ယူ ဗဟိုဌာနချုပ်နယ်မြေသစ်ကို ထိုးစစ်ဆင်လာခြင်း၊ ၂၉

အခန်း (၄) ကျယ်ပြန့်သည့်တပ်ပေါင်းစု ဖွဲ့စည်းနိုင်ရေးကြိုးပမ်းချက်များ၊ ၃၂
(က) လက်နက်ကိုင်တော်လှန်ရေးကာလအတွင်း တပ်ပေါင်းစု၏အရေးကြီးမှု၊ ၃၂
(ခ ) လက်နက်ကိုင်တော်လှန်ရေးကာလအတွင်း တည်ဆောက်ခဲ့သည့် တပ်ပေါင်းစုများ၊ ၃၄
(ဂ ) ယနေ့ဖွဲ့စည်းတည်ဆောက်သည့် တပ်ပေါင်းစု၊ ၃၉

အခန်း (၅) ရှေ့လုပ်ငန်းအတွက် ငါတို့၏ သဘောထားအမြင်၊ ၄၂
(က) သာလွန်အားကြီးသည့် ရန်သူကို ငါတို့မကြောက်၊ ၄၂
(ခ ) ရန်သူ၏ပြည့်စုံသော ရုပ်ဝတ္ထုပိုင်ဆိုင်မှုကို ငါတို့မကြောက်၊ ၄၃
(ဂ ) ရန်သူ့နယ်မြေကျယ်ဝန်းပါစေ ငါတို့မကြောက်၊ ၄၄
(ဃ) ရန်သူ၏ ဖိနှိပ်ရေး ယန္တယားကို ငါတို့မကြောက်၊ ၄၅
(င ) ငါတို့အောင်ပွဲခံနိုင်သည့် အဓိက အကြောင်းရပ်၊ ၄၇
(စ ) ရန်သူ၏ အပစ်အခတ်ရပ်စဲရေး ဓေ့စပ်ဆွေးနွေးရေး နိုင်ငံရေးလုပ်ငန်းများကို ဆန့်ကျင်တိုက်ဖျက်ကြ၊ ၄၉

နိဂုံး– ၅၁

# ပူးတွဲအယ်၏ ၁၉၄၉ခုနှစ်မှ ၁၉၈၇ခုနှစ်အထိ နိုင်ငံရေးစစ်ရေးစစ်တမ်း

## နိဒါန်း

ရန်သူနှင့် မိမိအခြေအနေများကို အရှိအတိုင်း လေ့လာကာ ဆန်းစစ်ကင်းပြီး ပကတိအခြေ အနေအတိုင်း အမှားအမှန်ကိုသုံးသပ်မည်။ အမှားကိုပြင်မည်၊ အမှန်ကိုဆက်လုပ်သွားမည်။

ကရင့်တော်လှန်ရေး၏ သက်တမ်းသည် (၄၈)နှစ်ကျော် (၅၀) ပြည့်တော့မည်ဖြစ်သည်။ တော်လှန်ရေးသက်တမ်းတလျှောက် လုပ်ဆောင်ခဲ့သမျှတွင် အမှားချည်းဘဲလည်းမဖြစ်ခဲ့၊ အမှန်တွေချည်းလည်းမဖြစ်ခဲ့ပေ။ အမှားတွေချည်းဖြစ်ခဲ့လျှင် ကရင့်တော်လှန်ရေးမှာ ဆုံးရှုံးရပြီးဖြစ်မည်။ အမှန်ချည်းဖြစ်ခဲ့လျှင် ကရင့်တော်လှန်ရေးသည် အောင်မြင်ခဲ့ပြီးဖြစ်နေမည်။ ယခုလက်ရှိအခြေ အနေတွင် ကရင့်တော်လှန်ရေးမှာ အောင်လဲမအောင် ရှုံးလဲမရှုံး ဖြစ်နေရခြင်းကို ထောက်ရှုခြင်းအားဖြင့် ကရင့်တော်လှန်ရေးသည် မလွဲမသွေပင် အမှားတွေကော အမှန်တွေပါလုပ်ခဲ့ကြမည်ဆိုသည်ကိုသိရှိနိုင်သည်။ ဤသည်မှာ ကရင့်တော်လှန်ရေးရှင်သန်ရပ်တည်နိုင်ရန်အတွက် အလွန်ကောင်းသည့် အတွေ့အကြုံများဖြစ်သည့် အမှားများကို သင်ခန်းစာယူကာ ပြုပြင်ပြီး မိမိတို့၏ အောင်ပွဲအတွက် အမှန်များကို ဆုပ်ကိုင်လျက် ဆက်လက်လုပ်ဆောင်သွားကြဘို့သာရှိသည်။

# အခန်း (၁)
## ကရင့်တော်လှန်ရေး၏ နိုင်ငံရေးအခြေအနေသုံးသပ်ချက်။

ကရင့်လက်နက်ကိုင်တော်လှန်ရေးသည် ၁၉၄၉ခုနှစ်က စခဲ့၏။ စစချင်းမှာပင် မြို့အများအပြားနှင့် နယ်မြေအမြောက်အများကို သိမ်းပိုက်နိုင်ခဲ့သည်။ ဤသည်မှာ နှစ်ပေါင်းထောင်နှင့်ချီ၍ အဖိနှိပ်ခံခဲ့ရသည့် ကရင်လူထုကြီး၏ တော်လှန်သောမျိုးချစ်စိတ်ဓါတ်ကြောင့်ဖြစ်သည်။ ကရင့်လက်နက်ကိုင်တော်လှန်ရေးမှာ တရားသော တော်လှန်စစ်ဖြစ်ကြောင်းကိုလည်း ဖေါ်ပြနေသည်။

နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်၊ မဟာလူမျိုးကြီးဝါဒတို့ကို ကိုယ်စားပြုသော ဖဆပလ အစိုးရသည် ကရင့်တော်လှန်ရေး၏ အဓိကရန်သူဖြစ်သည်။ သို့ဖြစ်၍ ဖဆပလ အစိုးရ၏ ဖိနှိပ်မှုကို ခံနေကြရသောအလုပ်သမား၊ လယ်သမား၊ နေရှင်ပေါက်စ၊ အမျိုးသားနေရှင်များနှင့် ဘဝတူအဖိနှိပ်ခံတိုင်းရင်းသားများသည် ကရင့်တော်လှန်ရေး၏ အဓိကအင်အားစုများ၊ အဓိကမဟာမိတ်များဖြစ်ကြသည်။ ယင်းလူတန်းစား(၄)ရပ်၏ အကျိုးစီးပွားကို တကယ်တန်းလက်တွေ့လုပ်ဆောင်ပေးမှသာ တော်လှန်ရေးအောင်မြင်နိုင်မည်ဖြစ်သည်။

ကရင့်တော်လှန်ရေး၏ အစပိုင်းတွင် တော်လှန်ရေးခေါင်းဆောင်များသည် တော်လှန်ရေး၏ အဓိကရန်သူ၊ တော်လှန်ရေး၏ အဓိကအင်အားနှင့် အဓိကမဟာမိတ်တို့ကို တိကျစွာသိမြင်သတ်မှတ်နိုင်ခဲ့ခြင်းမရှိ၊ မှန်ကန်သည့်တော်လှန်ရေးလမ်းစဉ်ကို ချမှတ်နိုင်ခဲ့ခြင်းမရှိကြ၍၊ မိမိတို့အနေဖြင့် တော်လှန်ရေး၏ အောင်ပွဲအသီးအပွင့်များကို မထိန်းသိမ်းနိုင်ဘဲဖြစ်ခဲ့ရသည်။

မြစ်ဝကျွန်းပေါ်တိုင်းတွင် သိမ်းပိုက်ရရှိထားသည့် နယ်မြေများမှာ ၁၉၅၂ခုနှစ်အတွင်း၌ အားလုံးလိုလိုပင် ဆုံးရှုံးခဲ့ရသည်။ ဤသို့ဆုံးရှုံးခဲ့ရပြီးနောက် ၁၉၅၃ခုနှစ်၊ ဝိန့်ထောင်ကွန်ဖရင့်တွင် ကရင့်တော်လှန်ရေး၏ ရန်သူနှင့်မဟာမိတ်ကို တိတိကျကျသတ်မှတ်ကြပြီး၊ ရန်သူများအားပြတ်ပြတ်သားသားဆန့်ကျင်တိုက်ခိုက်ရေးနှင့် မဟာမိတ်များကို ထိထိရောက်ရောက် အကျိုးပြုရေးဟူသည့် နယ်ချဲ့ပဒေသရာဇ် လက်ဝေခံနေရှင် ဖဆပလ ဆန့်ကျင်ရေး အမျိုးသားဒီမိုကရေစီတော်လှန်ရေးလမ်းစဉ်ကို တိတိကျကျပြန်လည်ချမှတ်နိုင်ခဲ့သည်။

ကရင့်တော်လှန်ရေးလမ်းစဉ်ကို ဤကဲ့သို့မှန်မှန်ကန်ကန် ချမှတ်နိုင်ခဲ့ကြပြီး လက်တွေ့အရလည်း အကောင်အထည်ပေါ်အောင် လုပ်ဆောင်ခဲ့ကြသည့်အတွက် ၁၉၅၃ခုနှစ်ကစပြီး မြစ်ဝကျွန်းပေါ်ရှိ နယ်မြေများကို ပြောက်ကျားအခြေခံဒေသကြီးတခုအဖြစ် ပြန်လည်တည်ဆောက်နိုင်ခဲ့ကြသည်။

ဤကဲ့သို့ မြစ်ဝကျွန်းပေါ်တိုင်းကို ပြောက်ကျားဒေသကြီး တခုအဖြစ် ပြန်လည်တည်ဆောက်လာနိုင်သော်လည်း ကေအဲန်ယူအစည်းအရုံးသည် ကရင်အမျိုးသားထုအတွင်းရှိ လူတန်းစား(၄)ရပ်ဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်၍ မတူညီသည့်လူတန်းစားများကြောင့် မတူကွဲပြား

သည့် လူတန်းစားအတွေးအခေါ်များလည်း ရှိနေကြသဖြင့် ရေရှည်စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် လူတန်းစား(၄)ရပ်ကို စုစည်းနိုင်သည့်တပ်ဦး အဖွဲ့တခုဖွဲ့စည်းရန်လိုအပ်ကြောင်းနှင့် ယင်းတပ်ဦးအဖွဲ့ဝင်များသည် တိုးတက်တော်လှန်သော သဘောတရားတရပ်ကို ကိုင်စွဲပြီး လူတန်းစား(၄)ရပ်၏ အကျိုးစီးပွားကို မျှတအောင် ရှေ့ဆောင်သွားနိုင်ရန်အတွက် ကေအဲန်ယူအစည်းအရုံးအတွင်းမှ တော်လှန်တိုးတက်သော မျိုးချစ်များနှင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း ကေအဲန်ယူခေါင်းဆောင်များက မျှော်မြင်တွေးဆလာကြသည်။ သို့ဖြင့် ကေအဲန်ယူအတွင်း တော်လှန်တက်ကြွသူများအား ရွေးချယ်ဆန်းစစ်ပြီး ကေအဲန်ယူတပ်ဦးအဖွဲ့ကို ဖွဲ့စည်းလိုက်ကြ၏။

ကေအဲန်ယူတပ်ဦးအဖွဲ့ဝင်များသည် ကရင့်တော်လှန်ရေးက ချမှတ်ထားသောအမျိုးသားဒီမိုကရေစီလမ်းစဉ်ကို လက်တွေ့အကောင်အထည် ဖေါ်ကြရမည့်သူများဖြစ်ရာ မာ့က်စ်၏သဘောတရားအရ အလုပ်သမားသဘောတရားလမ်းညွှန်မှုကို ခံယူကျင့်သုံးကြရမည်ဟု သတ်မှတ်ထား၏။ အလုပ်သမားလူတန်းစား သဘောတရား၏ အကျဉ်းချုပ်မှာ အချိန်ကို လေးစားတန်ဘိုးထားခြင်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ စုပေါင်းလုပ်အားကို တန်ဘိုးထားခြင်း၊ နေရှင်ပေါက်စနှင့် အမျိုးသားနေရှင်များကို အရံမဟာမိတ်ဖွဲ့ခြင်း (ပေါင်းလည်းပေါင်း တိုက်လည်းတိုက်) အခွင့်ထူးခံများကို ဆန့်ကျင်ခြင်း၊ တန်းတူအခွင့်အရေးကိုသာ ရှေ့ရှုခြင်း၊ ပစ္စည်းမဲ့ဘဝကို ခံယူခြင်း၊ လူတန်းစားဖိနှိပ်မှုကိုသိခြင်း၊ နာကျည်းခြင်း၊ အညှံ့မခံအရှုံးမပေးခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း၊ တိုက်စိတ်ခိုက်စိတ်ပြင်းထန်ခြင်းတို့ဖြစ်သည်။ ကေအဲန်ယူတပ်ဦးအဖွဲ့ဝင်များအတွင်း ယင်းအလုပ်သမားလူတန်းစား သဘောတရားလမ်းညွှန်မှုကို လိုက်နာခံယူသူများရှိသလို အပြည့်အဝ မလိုက်နာမခံယူနိုင်ကြသူများလည်းရှိသည်။

၎င်းအချိန်ကာလမှာ ခေါင်းဆောင်စောဘဦးကြီးကျဆုံးသဖြင့် ကေအဲန်ယူတပ်ဦးမှ အဖွဲ့ဝင်အတော်များများပင် ရန်သူကိုနာကျည်းပြီး စောဘဦးကြီး၏ စံနမူနာများအတိုင်း လိုက်နာခံယူကျင့်သုံးလုပ်ဆောင်ကြသည်။ ထိုသူများက အများစုဖြစ်သည်။ စောဘဦးကြီး၏ စံနမူနာကို အတုယူခြင်းမှာ တော်လှန်သောမျိုးချစ်သဘောတရားကို လိုက်နာခံယူခြင်းပင်ဖြစ်သည်ဟု ဆိုကြသည်။ စောဘဦးကြီး၏ တော်လှန်သော မျိုးချစ်သဘောတရားအချုပ်ကို ဖေါ်ပြရလျှင် "တော်လှန်ရေးခေါင်းဆောင်အင်အားစုများသည် အမျိုးကိုတကယ်တန်းချစ်သည်ဟုဆိုလျှင် အဆင်းရဲခံနိုင်ရမည်။ အပင်ပန်းခံနိုင်ရမည်။ စည်းလုံးညီညွတ်မှုစိတ်ဓါတ်ရှိရမည်။ ကိုယ်ကျိုးစွန့်ရဲကြရမည်။ အမျိုးသားရန်သူကို ခါးခါးသီးသီး မုန်းတီးနာကျည်းကြရမည်။ တိုက်ရဲသေရဲအောင်ပွဲခံရဲကြရမည်။ အမျိုးသားရန်သူကို အညှံ့မခံအရှုံးမပေးရ။ လိုအပ်လျှင်အသက်ပေးရဲရမည်" ဟူ၍ဖြစ်သည်။ ကေအဲန်ယူတပ်ဦးအဖွဲ့ဝင်များသည် ထိုတော်လှန်သောမျိုးချစ်သဘောတရားကို ကိုင်စွဲပြီး လုပ်ခဲ့ကြသည့်အတွက်ကြောင့်လည်း အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်သည်။

မြစ်ဝကျွန်းပေါ်မှ ယင်းအောင်မြင်မှုကို အကြောင်းပြုပြီး ၁၉၅၆ခုနှစ် မေလကို ကွန်ဂရက်၌

ကရင့်တော်လှန်ရေးနယ်မြေအားလုံး၏ တရားဝင်လမ်းစဉ်အဖြစ် ချမှတ်နိုင်ခဲ့သည်။ ဤကဲ့သို့ ချမှတ်နိုင်ခဲ့သော်လည်း ကရင့်တော်လှန်ရေး၏ အသက်သွေးကြောဖြစ်သော အလုပ်သမား လူတန်းစားသဘောတရားကို မဆိုထားနှင့် တော်လှန်သောစောဘဦးကြီး၏ မျိုးချစ်သဘော တရားကိုပင် ဆန့်ကျင်အံတုသူများ ပေါ်ပေါက်လာကြသည်။

ထို့ကြောင့် ကရင့်တော်လှန်ရေးအတွင်း မတူသည့်ခံယူချက် အမျိုးမျိုးဖြစ်ပေါ်လာပြီး ဝိုဏ်းဂဏသမားများ ကိုယ်ကျိုးရှာအချောင်သမားများ၊ ခါးပိုက်ဆောင်တပ်မွေးသူများ၊ အကျင့် ပျက်လာဘ်စားချစားသူများနှင့် လူထုဆန့်ကျင်ရေးလုပ်ရပ်များ အမျိုးမျိုးအဖုံဖုံ ပေါ်ပေါက်လာ ခဲ့ကြသည်။ လက်ဝဲသဘောတရားကို လက်ခံယုံကြည်ကြသော အုပ်စုဝင်များက တော်လှန်ရေး အတွင်း မလိုလားအပ်သော ဤအပြုအမူများဖြစ်ပေါ်လာရခြင်းမှာ အလုပ်သ မားလူတန်းစား သဘောတရားလမ်းညွှန်မှုကို မခံယူနိုင်ကြ၍သာဖြစ်သည်ဟု သဘောပိုက်ကြသည်။ သို့ဖြင့် ၁၉၅၈ခုနှစ်၊ မေလ၊ မဲခြံ့ဦ ကွန်ဖရင့်တရပ်ခေါ်ယူကာ ကေအဲန်ယူတပ်ဦးကို ဖျက်လိုက်ကြပြီး ကေအဲန်ယူပါတီ (ကရင်အမျိုးသားညီညွတ်ရေးပါတီ)ကို ဖွဲ့စည်းခဲ့ကြသည်။ ကေအဲန်ယူ ပါတီသည် အလုပ်သမားလူတန်းစား သဘောတရားလမ်းညွှန်မှုကို ခံယူရမည်ဟုဆုံးဖြတ်ကြ သည်။ ဤသို့ကေအဲန်ယူတပ်ဦးကိုဖျက်ပြီး ကေအဲန်ယူပါတီအဖြစ် ပြန်လည်ဖွဲ့စည်းလိုက်ခါမှပင် အခြေအနေမှာ ပို၍ဆိုးလာပြီး ၁၉၆၃ခုနှစ်တွင်တကြိမ်၊ ၁၉၆၆ခုနှစ်တွင်တကြိမ်၊ ၁၉၆၈ခုနှစ် တွင်တကြိမ်၊ ကရင့်တော်လှန်ရေးအတွင်း (၃)ကြိမ်တိတိအကွဲအပြဲတွေဖြစ်ခဲ့ရသည်။

၁၉၆၉ခုနှစ်နောက်ပိုင်းတွင် အရှေ့တိုင်းကရင့်တော်လှန်ရေးသည် ကေအဲန်ယူတပ်ဦးကို ပြန်လည်ဖွဲ့စည်းပြီး အလုပ်သမားလူတန်းစား သဘောတရားလမ်းညွှန်မှုကို လက်မခံတော့ပဲ ပယ်ဖျက်လိုက်ကြသည်။ ကရင့်တော်လှန်ရေး၏ မျိုးချစ်သဘောတရားလက္ခဏာ (၁၁)ချက်နှင့် ကရင့်တော်လှန်ရေး လက်တွေ့လုပ်ငန်းလမ်းညွှန်(၁၀)ချက်ကို ချမှတ်လိုက်ကြသည်။ ပဲခူးရိုးမ တိုင်းနှင့် မြစ်ဝကျွန်းပေါ်တိုင်းတို့က မာ့က်စ်ဝါဒ သဘောတရားရေးကို အခြေခံသည့် အလုပ်သ မားလူတန်းစား သဘောတရားလမ်းညွှန်မှုကို ခံယူကျင့်သုံးကြသည်။ ဤသို့ဖြင့် ကရင့်တော်လှန် ရေးသည် အရှေ့တိုင်းကတဖက်၊ ပဲခူးရိုးမတိုင်းနှင့် မြစ်ဝကျွန်းပေါ်တိုင်းတို့ကတဖက် (၂)ဖက်ကွဲ ခဲ့ရသည်။

ကေအဲန်ယူတပ်ဦးနှင့် ကေအဲန်ယူပါတီတို့သည် ဂိုဏ်းကွဲအုပ်စုကွဲများဖြစ်သွားကြသော် လည်း ကရင့်တော်လှန်ရေး၏ မျိုးချစ်သဘောတရားကို လက်ခံယုံကြည်သည်ဟုဆိုသူတွေကော၊ တော်လှန်သည့်အလုပ်သမားလူတန်းစား သဘောတရားလမ်းညွှန်မှုကို လက်ခံသည်ဟု ဆိုသူတွေပါ မည်သည့်အဖွဲ့အစည်းကမျှ တိတိကျကျခံယူလိုက်နာကျင့်သုံးကြသည်ကို မတွေ့ခဲ့ ရပေ။

အမျိုးသားရေး၊ အတန်းအစားရေး စသည့်အဖိနှိပ်ခံတော်လှန်ရေးများသည် ဖိနှိပ်အုပ် စိုးသူများနှင့် မတူညီသော တော်လှန်သည့်သဘောတရားကို တည်ဆောက်ကိုင်စွဲကျင့်သုံးကြ

ရမည်သာဖြစ်သည်။ တော်လှန်သည့်သဘောတရားကို မကိုင်စွဲနိုင်ကြပါက မတော်လှန်သည့်သဘောတရားကို ကိုင်စွဲထားကြမည်မှာ အသေအချာပင်ဖြစ်သည်။ မတော်လှန်သည့် သဘောတရားသည် ဖိနှိပ်အုပ်စိုးသောရန်သူ၏ သဘောတရားနှင့် ထပ်တူထပ်မျှဖြစ်၍ တော်လှန်ရေးအတွက် အဖျက်သဘောတရားသာဖြစ်သည်။ တော်လှန်ရေးအဖျက်သဘောတရားများကို ကိုင်စွဲကာ တော်လှန်ရေးအောင်ပွဲခံနိုင်ရန် ကြိုးပမ်းမည်ဟုဆိုကြသူများ၏ စကားများအား မည်သို့ယုံကြည်ရမည်နည်း။

ကေအဲန်ယူပါတီ မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးရိုးမတိုင်းတို့သည်လည်း တော်လှန်ရေး၏ သဘောတရားနှင့် တော်လှန်ရေးလမ်းစဉ်များ ချမှတ်ထားပြီး၊ ပါးစပ်ကတဖွဖွပြောသော်လည်း လက်တွေ့တွင်မူ လူတန်းစား(၄)ရပ် အုပ်ချုပ်ရေးအာဏာလည်း မတည်ဆောက်နိုင်၊ လူတန်းစား (၄)ရပ်၏ အကျိုးကိုလည်းမလုပ်ဆောင်နိုင်ခဲ့ပေ။ တကယ်တန်းအရေးကြုံလာသည့်အခါတွင် ထိုကဲ့သို့ လူထုနှင့်ကင်းကွာခဲ့မှုများကြောင့် လူရောနယ်မြေပါ ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

အထက်ပါ လက်ငင်းအဖြစ်အပျက်များသည် တော်လှန်သည့်သဘောတရားနှင့် တော်လှန်သည့်လမ်းစဉ်များကို ပါးစပ်ကတဖွဖွပြောပြီး လက်တွေ့မလုပ်ကြသည့်အတွက် နောက်ဆုံး၌ မည်ကဲ့သို့ နိဂုံးချုပ်ကြရသည်ကို သာဓကအနေနှင့် ထောက်ပြခြင်းဖြစ်သည်။

လမ်းစဉ်လုပ်ငန်းများကို ပြန်လည်ညှိနှိုင်းဆွေးနွေးကြသော်လည်း အဓိက ရန်သူသတ်မှတ်ချက်များ၊ မူပြောင်းလဲခြင်းမရှိပါ။ ''လူတန်းစား(၄)ရပ်သည် တော်လှန်ရေး၏အင်အား အဓိက မဟာမိတ်၊ လယ်သမားလူတန်းစားသည် တော်လှန်ရေး၏ မောင်းနှင်ရေးအင်အား အဓိက ဝင်ရိုး''ဟု အစားထိုးပြန်လည်သတ်မှတ်ကြသည်။

ဤသို့ရှုံးလူကွန်ဂရက်မှ လိုအပ်သလို ပြန်လည်ပြင်ဆင်ချမှတ်ခဲ့သော်လည်း တော်လှန်ရေး၏ အသက်ဝိဉာဉ်ဖြစ်သည့် တော်လှန်သည့်မျိုးချစ်သဘောတရားနှင့် တော်လှန်သည့် လမ်းစဉ်လုပ်ငန်းစဉ်အရ၊ အမျိုးသားအစိုးရအာဏာနှင့် တမျိုးသားလုံးအကျိုးစီးပွား ဖော်ထုတ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်မလုပ်နိုင်ခဲ့သဖြင့် တော်လှန်ရေး၏ အရှိန်အဟုန်သည်လည်း မြင့်တက်လာခြင်းမရှိခဲ့ပေ။ မြင့်တက်မလာသည့်အပြင် အဖွဲ့အစည်းအတွင်း စည်းလုံးမှု၊ တပ်တွင်းစည်းလုံးမှုနှင့် လူထုကြီးတရပ်လုံး၏ ထောက်ခံကူညီအားပေးမှုများမှာ တစတစ ဆုတ်ယုတ်လာသည်ကိုပင် တွေ့မြင်လာကြရသည်။

၁၉၉၁ခုနှစ်တွင် မာနယ်ပလော၌ (၁၀)ကြိမ်မြောက် ကွန်ဂရက်ကို ကျင်းပသည်။ ယင်းမာနယ်ပလောကွန်ဂရက်တွင် ဖြစ်ရှိနေသော ပကတိအနေအထားအရ နယ်စပ်ကူးသန်းရောင်းဝယ်ရေးလမ်းကြောင်း ဖြစ်ထွန်းလာသဖြင့် ငွေဝင်လမ်းကောင်းနေခြင်း၊ လက်နက်ခဲယမ်းများ ထိုက်သင့်သလောက် တိုးတက်လာခြင်း၊ တပ်အင်အားတိုးတက်လာခြင်း၊ ရန်ကုန်သူ့ ဥပဒေတွင်းမှ ဒီမိုကရေစီအင်အားစုများ ရောက်ရှိလာကြခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးများနှင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) ဖွဲ့စည်းလာနိုင်ခြင်း၊ တဆက်ထည်းတွင် မြန်မာ

ပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (မဒမခ) ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ ယင်းအဖွဲ့အစည်းများတွင် ကေအဲန်ယူက မဏ္ဍိုင်ဖြစ်လာခြင်း၊ နိုင်ငံတကာ၏ အသိအမှတ်ပြုမှုနှင့် ထောက်ခံမှုများလည်း ရရှိလာခြင်းတို့ကြောင့် မိမိတို့၏လမ်းစဉ်လုပ်ငန်းစဉ်များကို တိုးချဲ့ပြင်ဆင်မှုလုပ်ရန်မလိုဘဲ၊ ကေအဲန်ယူအစည်းအရုံးကို ပိုမိုသိပ်သည်းကျစ်လစ်လာအောင် ဖွဲ့စည်းရေးအတွက် ဒီမိုကရေစီနှင့် ဗဟိုချုပ်ကိုင်မှု စနစ်တကျလုပ်ဆောင်ရန်နှင့် မူလတပ်မတော်ဖွဲ့စည်းပုံ အခြေခံပြီး သိပ်သည်းကျစ်လစ်အောင် ပြန်လည်ဖွဲ့စည်းရန်၊ တော်လှန်သောမျိုးချစ်သဘောတရား လက္ခဏာ (၁၁) ချက်နှင့် လိုက်နာကျင့်သုံးရန် (၁၀)ချက်ကို ကိုင်စွဲပြီး လမ်းစဉ်ပါမှုအတိုင်း တမျိုးသားလုံးစည်းလုံးညီညွတ်ရေးအတွက် အမျိုးသားစီးပွားရေးကို အကောင်အထည်ဖော်ရန်၊ တဆက်တည်းမှာပင် အမျိုးသားအစိုးရ ရုပ်လုံးပေါ်လာရေးအတွက် သမတ၊ ဝန်ကြီးချုပ်၊ ဒု–ဝန်ကြီးချုပ် (၁) (၂) တို့နှင့် ဌာနဆိုင်ရာဝန်ကြီးများ ဖွဲ့စည်းလုပ်ဆောင်သွားရန်တို့ကို ဆုံးဖြတ်ခဲ့ကြသည်။

ယင်းလုပ်ငန်းများအား လက်တွေ့အကောင်အထည်ဖော်ရာတွင် တမျိုးသားလုံးစီးပွားရေးနှင့် တမျိုးသားလုံးစည်းလုံးညီညွတ်ရေးအတွက် ချမှတ်ထားသည့်မူများအတိုင်း ထိရောက်စွာမလုပ်နိုင်ခဲ့ပေ။ တပ်မတော်တရပ်လုံး စည်းလုံးညီညွတ်ရေးနှင့် ဗဟိုကြိုးကိုင်မှုစနစ် ကောင်းမွန်ရေးတို့ကိုလည်း မျှော်မှန်းသလောက် မလုပ်နိုင်ခဲ့ပေ။ အုပ်ချုပ်ရေးပိုင်းမှ သမတ၊ ဝန်ကြီးချုပ်၊ ဒု–ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာဝန်ကြီးများမှာလည်း မိမိဌာနဆိုင်ရာလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည် မဖော်နိုင်ကြပေ။ ၎င်းအပြင် ခရိုင်ဝန်၊ ဒု–ခရိုင်ဝန်၊ ဝန်ထောက်၊ မြို့ပိုင်တို့မှာလည်း မိမိတို့၏ လုပ်ငန်းတာဝန်များကိုပင် ကောင်းစွာမသိကြပဲ၊ အဆင့်ဆင့်အထက်အောက် အမိန့်ညွှန်ကြားချက်များအရ လုပ်ကိုင်ကြရသဖြင့် ဗျူရိုကရေစီစနစ် တစတစဖြစ်ထွန်းလာခဲ့သည်။ စည်းရုံးရေးစနစ်မှာ တဖြေးဖြေးမှေးမှိန်လာပြီး တစထက်တစ လူထုနှင့်ကင်းကွာလာခဲ့ရသည်။ ဤသို့ဖြစ်လာရခြင်းမှာ တော်လှန်သောမျိုးချစ်လက္ခဏာ (၁၁)ချက်နှင့် လက်တွေ့လုပ်ဆောင်ရမည့် (၁၀)ချက်တို့ကို အသုံးမချဘဲ ဘေးဖယ်ထားခဲ့ခြင်းကြောင့်ဖြစ်သည်။ တော်လှန်သည့်သဘောတရား အတွေးအခေါ်မရှိဘဲ တော်လှန်ရေးအလုပ်များကို လက်တွေ့လုပ်နိုင်ကြမည်မဟုတ်ကြောင်း ဤအချက်က အနိုင်အမာဖော်ပြနေသည်။

ဤကဲ့သို့တော်လှန်ရေးလုပ်ငန်းများ ထိထိရောက်ရောက်မလုပ်နိုင်သည့် အခြေအနေတွင် ကေအဲန်ယူဗဟိုဌာနချုပ် မာနယ်ပလောသည် ရန်သူလက်အောက်သို့ ကျရောက်သွားရ၏။ မာနယ်ပလော ရန်သူလက်အောက်သို့ကျရောက်သွားရခြင်းမှာလည်း မိမိတို့၏ တပ်အစိတ်အပိုင်းအချို့ ရန်သူနှင့်ပူးပေါင်းသွားခဲ့ခြင်းကြောင့်ဖြစ်သည်။

ဤသို့သော အခြေအနေတွင် ဗဟိုကော်မတီဝင်များသည် ကနဲလေး၌ အစည်းအဝေးတရပ် ပြုလုပ်ခဲ့ကြ၏။ အစည်းအဝေးတွင် နိုင်ငံရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေးနှင့် စစ်ရေးအခြေအနေများ၊ ပြန်လည်သုံးသပ်ကြသည်။ အားနည်းချက်အားသာချက်များကို မှတ်တမ်းတင် အတည်ပြုကြ၏။ တဆက်တည်းမှာပင် အမျိုးသားကွန်ဂရက်ကျင်းပကြရန် ဆုံးဖြတ်လိုက်ကြသည်။

ယင်းဆုံးဖြတ်ချက်အရ ၁၉၉၅ခုနှစ်တွင် မယ်သရေထာရွာ၌ (၁၁)ကြိမ်မြောက်ကွန်ဂရက်ကို ကျင်းပကြသည်။ ဤကွန်ဂရက်တွင် (ကနဲလေး) ဗဟိုကော်မတီအရေးပေါ်အစည်းအဝေးမှ မိမိတို့၏ နိုင်ငံရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးအားသာချက် အားနည်းချက်များကို မှတ်တမ်းတင်ထားသည့်အတိုင်း အားနည်းချက်များကိုပြင်၊ အားသာချက်များကိုဆုပ်ကိုင်ပြီး ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဗဟိုကော်မတီမှ ပြုစုရေးသားချက်များကို ဆွေးနွေးညှိနှိုင်း အတည်ပြုခဲ့ကြသည်။ ယင်းအတည်ပြုချက်များတွင် သမတ၊ ဝန်ကြီး၊ ဝန်လေး၊ ခရိုင်ဝန်၊ ဝန်ထောက်၊ မြို့ပိုင်တို့ဖြင့် ဖွဲ့စည်းအုပ်ချုပ်သောစနစ်ကို ပယ်ဖျက်ပြီး ဗဟိုဦးဆောင်မှု ပိုမိုသိပ်သည်းခိုင်မာရေးအတွက် နိုင်ငံရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးများကို ဗဟိုအလုပ်အမှုဆောင် ကော်မတီအောက်တွင် ထားရှိလျက် လုပ်ငန်းပိုင်းဆိုင်ရာတာဝန်များကို ဌာနကြီးမှူးနှင့် တဦးချင်းလုပ်ပိုင်ခွင့်များအပေါ် အခြေခံပြီး လုပ်ဆောင်သွားကြရန် ဆုံးဖြတ်အတည်ပြုကြသည်။ ဒီမိုကရေစီနှင့် ဗဟိုချုပ်ကိုင်မှုစနစ်အရ ကေအဲန်ယူအစည်းအရုံးကို ဗဟိုမှ တိုင်း၊ ခရိုင်၊ မြို့နယ်များအထိ သိပ်သည်းကျစ်လစ်အောင် ပြန်လည်တည်ဆောက်ကြရန်နှင့် အရည်အချင်းပြည့် တော်လှန်ရေးခေါင်းဆောင်များဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်လည်း ဆုံးဖြတ်ကြသည်။ တော်လှန်သောတပ်မတော် ပြန်လည်တည်ဆောက်ရေးကိုလည်း သဘောတူဆုံးဖြတ်ကြသည်။ သို့သော် တော်လှန်သောတပ်မတော်တည်ဆောက်ရေး၊ အခြေခံမှုများနှင့် ဖွဲ့စည်းပုံများကို မူမရေးဆွဲမချမှတ်ရသေးပေ။

ယင်းကွန်ဂရက်၌ ထူးခြားသည့်အချက်တခုမှာ စောဘဦးကြီး၏ တော်လှန်သည့်မျိုးချစ်သဘောတရားကို ခေါင်းဆောင်နိုင်စွမ်းရှိသည့် ကေအဲန်ယူအစည်းအရုံးတည်ဆောက်ရေး၊ တော်လှန်သည့်တပ်မတော်တည်ဆောက်ရေးတို့ကို တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်း အနှစ်ချုပ်ရေးဆွဲချမှတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးမြကြ အမှာစာရေးခဲ့သည်။ ဤသည်မှာ ကရင်တော်လှန်ရေးအောင်ပွဲအတွက် ခြေတဘက်တက်လှမ်းလိုက်ခြင်းပင်ဖြစ်သည်။

သို့သော် ကွန်ဂရက်ပြီးသည့်နောက်တွင် တော်လှန်ရေးအတွက် အလွန်အရေးကြီးသောတာဝန်တခုအနေဖြင့် ခံယူပြီး ဗဟို၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ တပ်ရင်း၊ တပ်ခွဲ၊ တပ်စု၊ တပ်စိတ်အထိ တော်လှန်ရေးလုပ်သားကောင်းများဖြစ်ပေါ်လာအောင် ဗဟိုမှ ကြီးကြပ်ကွပ်ကဲလျက် အစီအစဉ်ရှိရှိလုပ်ဆောင်ခြင်းမျိုးဖြစ်သင့်သည်။ ယခုမူ ဤကဲ့သို့ မဟုတ်ဘဲ လုပ်သည့်နေရာတွေက လုပ်ပြီး၊ မလုပ်သည့်နေရာတွေက မလုပ်ဘဲနေကြသည်ကို တွေ့ရှိရသည်။

တည်ဆောက်ရေးလုပ်သည့် ခရိုင်များအနေဖြင့်လည်း သင်တန်းတကြိမ်ကို တလမျှသာ အချိန်ပေးနိုင်ကြသည်။ ခရိုင်အတွင်းရှိ ခေါင်းဆောင်တပ်မှူးများအားလုံးကို ဝေငှသင်ကြားနိုင်ဘို့အတွက် အနည်းဆုံး သင်တန်း ၄–၅ ကြိမ်မျှပေးဘို့ရန်လိုအပ်သည်။ ထို့အပြင် အင်မတန်တော်သည့်သင်တန်းဆရာပင်ဖြစ်ပါစေ၊ သင်တန်းပတ်တကြိမ်လျှင် တလလောက်သာပေးရုံမျှဖြင့် သင်တန်းသားများအားလုံး သဘောပေါက်ခံယူကျင့်သုံးနိုင်ရေးမှာ မည်သည့်နည်းနှင့်မျှ

ဖြစ်နိုင်လိမ့်မည်မဟုတ်ချေ။ အဘယ်ကြောင့်ဟူမူ သင်တန်းသားများသည် မတူသည့်လူတန်းစားအမျိုးမျိုးက လာကြသူများဖြစ်၍၊ မတူသည့်သဘောထားအမျိုးမျိုးရှိနေကြသည့်အပြင် တော်လှန်ရေးအတွင်း ရောက်ရှိလာသည့်အခါတွင်လည်း လိုက်ပါမှုကောင်းသူမကောင်းသူ၊ အကျင့်ပျက်သူမပျက်သူ စသဖြင့် အမျိုးမျိုးပါရှိနေကြ၍ သင်တန်းချိန်တလမျှဖြင့် မလုံလောက်နိုင်သည်မှာ အမှန်ပင်ဖြစ်သည်။

တော်လှန်သည့် အတွေးအခေါ်တည်ဆောက်ခြင်း၊ တော်လှန်သည့်အဖွဲ့အစည်းတည်ဆောက်ခြင်း၊ တော်လှန်သည့်တပ်မတော်တည်ဆောက်ခြင်းမှာ တော်လှန်ရေးအတွင်း ဝင်ရောက်လာပြီဆိုကတည်းက တည်ဆောက်ကြရသည်။ လိုက်ပါမှုမကောင်းသူများကို ထပ်တလဲလဲတည်ဆောက်ရသည်။ လုပ်ရင်းတည်ဆောက် တည်ဆောက်ရင်းလုပ်ခြင်းဖြင့် ရေရှည်တည်ဆောက်ရေးမျိုးလုပ်ရသည်။

တည်ဆောက်ရေးသင်တန်းများတွင် သင်တန်းဆရာများကိုသာ အားကိုးနေကြ၍မဖြစ်၊ အဆင့်မြင့်အဖွဲ့အစည်း ခေါင်းဆောင်များနှင့် အဆင့်မြင့်တပ်မှူးကြီးများကပါ စံပြခံယူကျင့်သုံးကြပြီး ဝိုင်းဝန်းဖိအားပေးမှုမျိုး ပြုလုပ်ဘို့ရန်လိုအပ်သည်။

မယ်သရောထာကွန်ဂရက်တွင် နိုင်ငံရေးနည်းဗျူဟာအရ ပြည်တွင်းငြိမ်းချမ်းမှု ပြန်လည်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးလိုကြောင်း အညံ့ခံအရှုံးပေးရေးမလုပ်နိုင်ကြောင်း တိတိကျကျဆုံးဖြတ်ခဲ့ကြသည်။ လက်တွေ့တွင် ရန်သူနှင့်တွေ့ဆုံကြသည့်အခါ ရန်သူက လက်နက်ချအညံ့ခံရန် တောင်းဆိုလာသည်။ မိမိတို့ကိုယ်စားလှယ်များက ကွန်ဂရက်ဆုံးဖြတ်ချက်များအရ အညံ့ခံလက်နက်ချမှု မလုပ်နိုင်ကြပါ။

အချို့က ကချင်၊ ရှမ်း၊ ဝ၊ ပအိုဝ့်၊ မွန် စသူတို့ လုပ်သလိုလုပ်စေလိုကြသည်။ ကချင်၊ ဝ၊ ပအိုဝ့်၊ မွန် စသည့် နဝတနှင့်အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လောလောဆယ်အခြေအနေ၌ လက်နက်ကိုင်ဆောင်ခွင့်ရထားသော်လည်း နိုင်ငံရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး၊ တပ်တိုးချဲ့ရေးများ လုပ်ပိုင်ခွင့်မရှိပါ။ နဝတ လက်အောက်၌ ၎င်းတို့၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးကို လုပ်ရမည်ဟုဆိုတ၏။

နဝတ က လက်နက်အားလုံးကို သိမ်းယူပြီးနောက် ဥပဒေဆောင်အတွင်း တရားဝင်ဖြစ်ပြီးပါက နဝတ ကျင်းပနေသည့်အမျိုးသားညီလာခံသို့ တက်ရောက်လေ့လာခွင့်ရမည်။ ယင်း နဝတ အမျိုးသားညီလာခံတွင် နဝတ တို့စိတ်ကြိုက်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအား တရားဝင်အတည်ပြုပြီးလျှင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပမည်ဟုဆို၏။ ယင်းဒီမိုကရေစီရွေးကောက်ပွဲတွင် ပါဝင်ခွင့်ရမည်။ (နိုင်ငံရေးလုပ်ပိုင်ခွင့်ရမည်)ဟုဆို၏။

ဤသည်မှာ တိုင်းရင်းသားလူမျိုးများနှင့် ဒီမိုကရေစီရေးကို လိုလားတောင်းဆို တိုက်ပွဲဝင်နေကြသော လူထုကြီးတရပ်လုံးအား သစ္စာဖေါက်ပြီး နဝတ ဘက်တော်သားဖြစ်မှသာ နိုင်ငံရေးလုပ်ပိုင်ခွင့်ရရှိမည်ဟုဆိုခြင်းဖြစ်ရာ ကေအဲန်ယူ၏ မူနှင့်ဆန့်ကျင်နေသောကြောင့် လုံးဝ

လက်ခံနိုင်မည်မဟုတ်ပေ။

လက်နက်ချအညံ့ခံရခြင်းမျိုး၊ ပြည်သူလူထုကြီးတရပ်လုံးကို သစ္စာဖေါက်ရခြင်းမျိုးမဟုတ်လျှင်၊ တခြားနည်းကောင်းလမ်းကောင်းများရှိပါက အကြံပေးတင်ပြကြပါရန် တောင်းဆိုခဲ့ပါသော်လည်း နဝတ အနေဖြင့်သော်လည်းကောင်း၊ အခြားသော ပုဂ္ဂိုလ်တဦးတယောက်မျှသော်လည်းကောင်း အကြံပေးတင်ပြနိုင်ခြင်းမရှိခဲ့ပါ။

ကေအဲန်ယူအစည်းအရုံးအနေဖြင့် လက်နက်ချအညံ့ခံခြင်း မပြုသည့်အတွက် အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အမှန်တရားကို ပြန်လည်စဉ်းစားလာနိုင်စေသည်။ မယ်သရောထာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နီးနှောဖလှယ်ပွဲတရပ် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကြောင့်လည်း ဥပဒေ အတွင်းမှ အတိုက်အခံ ဒီမိုကရေစီအဖွဲ့အစည်းများနှင့် ဒီမိုကရေစီကို လိုလားကြသောလူထုကြီးတရပ်လုံးကပါ ထောက်ခံကြိုဆိုကြသည်။

ပြည်ပဒီမိုကရေစီအင်အားစုများကလည်း ထောက်ခံကြိုဆိုသည်။ သို့ဖြစ်ရာ ကေအဲန်ယူသည် ဗမာပြည်တော်လှန်ရေးတရပ်လုံး၏ အရေးပါသော အနေအထားသို့ရောက်လာရသည်။

ထို့ကြောင့် နဝတ စစ်အစိုးရအနေဖြင့် ဗမာပြည်ရှိ တော်လှန်ရေးအင်အားစုများအနက် ကေအဲန်ယူမှာ အဓိကပစ်မှတ်ဖြစ်သည်ဟု သဘောထားပြီး ကေအဲန်ယူနှင့်တွေ့ဆုံဆွေးနွေးရေးကို တဖက်သတ်ဖျက်လိုက်ကာ စစ်အင်အားအလုံးအရင်းဖြင့် ၁၉၉၇ခုနှစ်၊ ဖေဖေါ်ဝါရီလ (၁၁)ရက်နေ့မှစ၍ ပြင်းထန်ရက်စက်ယုတ်မာသည့် ထိုးစစ်ကြီးတရပ်ပြုလုပ်လာခဲ့ခြင်းဖြစ်သည်။

## နှစ်(၅၀)နီးပါး ဖြတ်သန်းကျော်လွှားလာခဲ့သည့် ကရင့်တော်လှန်ရေး၏ ကောက်နုတ်ချက် အချုပ်မှာ ဤသို့ဖြစ်၏။

ကရင့်တော်လှန်ရေးသည် အဖိနှိပ်ခံကရင်အမျိုးသားထု၏ ဘဝလွတ်မြောက်ရေးအတွက်ဖြစ်၍တရား၏။ ကရင့်တော်လှန်ရေးလမ်းစဉ်ချမှတ်ရာတွင်လည်း အခြေခံအားဖြင့် မှန်၏။ ရန်သူသတ်မှတ်ချက်၊ မဟာမိတ်သတ်မှတ်ချက် (ရန်/ငါ သတ်မှတ်ချက်) ယေဘူယျမှန်၏။ ဤသို့ဆိုလျှင် "ကရင့်တော်လှန်ရေးသည် အဘယ်ကြောင့်မအောင်မြင်ဘဲ ဖြစ်နေရသနည်း။ ကရင့်တော်လှန်ရေးက ချမှတ်ထားသည့်လမ်းစဉ်မူများကို လက်တွေ့အကောင်အထည် မဖေါ်ကြ၍ဖြစ်၏။ ချမှတ်ထားသည့် ကရင့်တော်လှန်ရေးလမ်းစဉ်မူများကို အဘယ်ကြောင့် အကောင်အထည်မဖေါ်ကြသနည်း။ တမျိုးသားလုံး၏ အကျိုးထက် မိမိအကျိုးစီးပွားကိုသာ ပိုပြီးအဓိကထားနေကြ၍ဖြစ်၏။ အဘယ့်ကြောင့် တမျိုးသားလုံးအကျိုးထက်မိမိအကျိုးကို ပိုပြီးအဓိက ထားနေကြသနည်း။ စောဘဦးကြီး၏ တော်လှန်သောမျိုးချစ်သဘောတရားအတွေးအခေါ်ကို ပါးစပ်ကသာလက်ခံကြပြီး တကယ့်

လက်တွေ့တွင်မူ လက်မခံနိုင်ကြသောကြောင့်ဖြစ်၏။ ပါးစပ်ကသာလက်ခံကြပြီး လက်တွေ့လက်မခံကြသူများအား သဘောပေါက်လက်ခံလာအောင် မည်သည့်အတွက်ကြောင့် မလုပ်နိုင်ပါသနည်း။" ဗဟိုခေါင်းဆောင်များကိုယ်၌က လက်တွေ့ခံယူပြီး ဖိဖိစီးစီး လုပ်ဆောင်သွားမည်ဆိုပါကဖြစ်နိုင်၏။

□□□□

## အခန်း ( ၂ )
## ဖြတ်သန်းခဲ့ရသည့် စစ်ရေးအခြေအနေသုံးသပ်ချက်အချို့

၁၉၄၉ခုနှစ်တွင် ကရင့်တော်လှန်ရေးစတင်ခဲ့သည်။ တော်လှန်ရေးတလျှောက် တိုက်ပွဲကြီး တိုက်ပွဲလတ်၊ တိုက်ပွဲငယ်များ အများအပြားရှိခဲ့သည်။ နိုင်ပွဲရှုံးပွဲများရှိခဲ့၏။ နယ်မြေသိမ်းပိုက်နိုင်ခြင်း၊ နယ်မြေဆုံးရှုံးခဲ့ရခြင်းများရှိခဲ့၏။ ဆုံးရှုံးနေသည့်ကာလအတွင်းမှာပင် ဆုံးရှုံးခဲ့ရသည့် နယ်မြေများကို ပြန်လည်သိမ်းပိုက်နိုင်ခြင်းများလည်းရှိခဲ့သည်။

ပုံစံပြရလျှင် ၁၉၄၉ခုနှစ် တော်လှန်ရေးအစပိုင်း၌ မြစ်ဝကျွန်းပေါ်မှ နယ်မြေအမြောက်အများကို သိမ်းပိုက်နိုင်ခဲ့သည်။ ယင်းသိမ်းပိုက်နယ်မြေများမှာ ၁၉၅၂ခုနှစ်သို့အရောက် အားလုံးကိုပင်လက်လွှတ်ဆုံးရှုံးခဲ့ရ၏။ ဤသို့ဆုံးရှုံးခဲ့ရခြင်းမှာ နိုင်ငံရေးအရ မှန်ကန်သည့်တော်လှန်ရေးလမ်းစဉ်ကို မချမှတ်နိုင်ခဲ့ခြင်းနှင့် အရင်းရှင်စစ်ပညာအရ ခံစစ်သေစစ်ရေးကို ကျင့်သုံးခဲ့ကြခြင်းကြောင့်ဖြစ်၏။

၁၉၅၂ခုနှစ်နောက်ပိုင်းတွင် ကရင့်တော်လှန်ရေးလမ်းစဉ်ကို မှန်ကန်စွာချမှတ်နိုင် ခဲ့ပြီး လက်တွေ့အကောင်အထည်ဖော်မှုများလည်း ပြုလုပ်နိုင်ခဲ့သည်။ တဆက်တည်းမှာပင် တော်လှန်ရေးသဘောတရားနှင့်အညီ အညှံ့ခံအရှုံးမပေးသော ခံစစ်ရှင်ပြောက်ကျားစစ်ကို ပြန်လည်ကျင့်သုံးနိုင်ခဲ့ခြင်းကြောင့် မြစ်ဝကျွန်းပေါ် ၌ ပြောက်ကျားစစ်ဒေသ အခြေခံနယ်မြေ များ ပြန်လည်ဖော်ထုတ်နိုင်ခဲ့ကြသည်။

(က) မြစ်ဝကျွန်းပေါ်တိုင်း–

ရန်သူများသည် မြစ်ဝကျွန်းပေါ် ၌ ၁၉၅၂ခုနှစ်မှ ၁၉၆၄ခုနှစ်အထိ ဗေဒါ၊ ဆင်မင်း၊ အောင်စစ်သည်ဟူသည့်ထိုးစစ်ကြီး (၃)ကြိမ်ပြုလုပ်ခဲ့သည်။ ရေတပ်၊ လေတပ်၊ ယန္တယားတပ်၊ ကြည်းတပ်များဖြင့် စစ်အင်အားအလုံးအရင်းသုံးကာ တိုက်ခိုက်သည်။ ယင်းထိုးစစ်များတွင် တိုက်ပွဲစဉ်တလျှောက် တိုက်ပွဲကြီး၊ ငယ်၊ လတ် အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခဲ့ကြရသည်။ မိမိတို့တပ်များသည် ခံစစ်ရှင်နည်းဗျူဟာအရ ခံစစ်အတွင်းမှာပင် ထိုးစစ်တိုက်စစ်များ ပြုလုပ်ခဲ့ကြသည်။ ရန်သူ့တိုက်စစ်ကို ရှောင်နိုင်သလောက်ရှောင်ပြီး မိမိတို့ကသာ ရန်သူကိုစတင်တိုက်ခိုက်ကြသည်။ အားနည်းအဆက်ပြတ်နေသည့် ရန်သူ့တပ်စွဲစခန်းများကိုရွေးကာ အလစ်အငိုက်ရယူတိုက်ခိုက်သည်။ (များသောအားဖြင့် ညတိုက်ပွဲများဖြစ်သည်။) လှုပ်ရှားချီတိုက်လာသော ရန်သူ့များကို အဓိကထားတိုက်သည်။ သတ်ကွင်းကောင်းသောနေရာများတွင် လျှို့ဝှက်နေရာယူကာ၊ ရန်သူများသတ်ကွင်းအတွင်းရောက်မှ လျှပ်တပြက် အမြန်ပြီးအောင်တိုက်သည်။ အင်အားကြီးသော ရန်သူ့စစ်ကြောင်းများသည် တိုက်ပွဲဖြစ်သည့်အခါတွင် ဘယ်တောင်ပံ ညာတောင်ပံ ဖြန့်ကျက်ပြီး တက်ဝိုင်းကြသည်။ ဤသို့ရန်သူများလုပ်လာလျှင် မိမိအင်အားကို ပြန်လည်စုစည်းကာ အား

နည်းသောရန်သူထိုးစစ်တောင်ပံကို တိုက်ရိုက်ချေမှုန်းသည်။ ဖြစ်နိုင်လျှင် ကျန်ရှိသောရန်သူ့စစ်တောင်ပံကိုပါ ဆက်တိုက်ချေမှုန်းသည်။ မိမိနှင့်ရန်သူတို့အင်အားချင်း မမျှလျှင် လျှပ်တပြက် အမြန်တိုက်၊ အမြန်ဆုတ်လုပ်သည်။ ဤသို့ဖြင့် ထိုးစစ်ဆင်လာသောရန်သူ မှာ တိုက်ပွဲတပွဲချင်း ခံစစ်အဆင့်သို့ ရောက်သွားခဲ့ရသည်။

ပုံစံအားဖြင့် အမှတ်(၆)တပ်မဟာနယ်မြေသို့ ရန်သူသည် ထိုးစစ်ကြီး(၂)ကြိမ်၊ (၁၉၈၆ခုနှစ်နှင့် ၁၉၉၁ခုနှစ်တွင်) ပြုလုပ်ခဲ့သည်။ ပထမတွင် ရန်သူစစ်ကြောင်းများသည် ထိုးစစ်အနေအထားဖြင့် တက်လာသည်။ လက်တွေ့တိုက်ပွဲဖြစ်လာသည့်အခါတွင်မူ ခံစစ်အနေဖြင့် မရှုမလှခံ လိုက်ကြရပြီး (၂)ကြိမ်စလုံးပြန်ဆုတ်သွားကြရသည်။ ကိုယ်တိုင်တိုက်ခိုက်ခဲ့ကြသော တပ်မဟာ(၆)မှ တပ်မှူးတပ်သားများက ပိုမိုသိရှိကြမည်ဖြစ်သည်။ ထို့အတူ မြစ်ဝကျွန်းပေါ်၌ ဗေဒါ ဆင်မင်း၊ အောင်စစ်သည် ဟူသည့်ရန်သူ့ထိုးစစ်ကြီးများအား မြစ်ဝကျွန်းပေါ်တိုင်းမှ တပ်မတော်များက ထိုးစစ်ကိုထိုးစစ်ဖြင့် တန်ပြန်ရိုက်ချိုးလိုက်သည်မှာလည်း ဤနည်းအတိုင်းပင်ဖြစ်လေသည်။

ဤတိုက်ပွဲစဉ်များမှာ မြစ်ဝကျွန်းပေါ်တိုင်း စစ်ဒေသနှင့်သာ သက်ဆိုင်သောတိုက်ပွဲများဖြစ်၍ အကျိုးအမြတ်ခံစားခွင့်မှာလည်း မြစ်ဝကျွန်းပေါ်တိုင်းနှင့်သာ သက်ဆိုင်မည်ဖြစ်သည်။ သို့ရာတွင် မြစ်ဝကျွန်းပေါ်သည် ကရင့်တော်လှန်ရေးဒေသအားလုံးနှင့် ဆက်စပ်ပတ်သက်နေသော ဒေသတခုဖြစ်၍၊ ကရင့်တော်လှန်ရေးဒေသတခု၏ ရှုံးပွဲနိုင်ပွဲများသည် ကရင့်တော်လှန်ရေးဒေသအားလုံးအတွက် အကျိုးသက်ရောက်မှု၊ ဩဇာလွှမ်းမိုးမှု ရိုက်ခတ်မှုများ အမှန်ပင်ရှိမည်ဖြစ်သည်။

မြစ်ဝကျွန်းပေါ်တွင် ရန်သူထိုးစစ်ကြီးများအား ဤကဲ့သို့ရိုက်ချိုးနိုင်ခဲ့ခြင်းမှာ စစ်ရေးသဘောသက်သက်ကြောင့် မဟုတ်ဘဲ မှန်ကန်သောတော်လှန်ရေးလမ်းစဉ်နှင့် မှန်ကန်သော စစ်ရေးသဘောတရားများကို လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်းတို့ကြောင့်ဖြစ်၏။ ထို့ပြင် ပိုမိုအရေးကြီးပြီး ပို၍အဓိကလည်းကျသည့် အချက်တချက်မှာ စောဘဦးကြီး၏ တော်လှန်သောမျိုးချစ်သဘောတရား အတွေးအခေါ်ကို ခိုင်ခိုင်မြဲမြဲ စွဲကိုင်ထားနိုင်ခြင်းကြောင့်ပင်ဖြစ်လေသည်။

## (ခ) ပဲခူးရိုးမတိုင်းနှင့် အရှေ့တိုင်း–

ပဲခူးရိုးမတိုင်းသည် ၁၉၅၂ခုနှစ် မြစ်ဝကျွန်းပေါ်တိုင်း၌ ရန်သူအကြီးအကျယ် ထိုးစစ်ဆင်သောကြောင့် ဧရာဝတီအရှေ့ဘက်ကမ်းရှိ မိမိတို့တပ်များ ဆုတ်ခွါရှောင်တိမ်းခဲ့သည့် တိုင်းတခုဖြစ်သည်။ ၁၉၅၃–၁၉၅၄ခုနှစ်တွင်မူ မြစ်ဝကျွန်းပေါ်၏ အခြေအနေမှာ ပြန်ကောင်းလာသဖြင့် မြစ်ဝကျွန်းပေါ်တိုင်းသို့ အချို့တပ်များပြန်ဆင်းကာ တာဝန်ယူကြသည်။ တပ်မဟာ(၁)မှ တပ်ရင်း(၁၆) (၁၇) (၁၈)နှင့် တပ်အချို့သည် မူလရှိထားပြီးဖြစ်သောပဲခူးရိုးမ တပ်ရင်း(၂၂) (၂၁)တို့နှင့် ပူးပေါင်းဖွဲ့စည်းပြီး ပဲခူးရိုးမတိုင်းတွင် တာဝန်ယူကြသည်။

ပဲခူးရိုးမတိုင်းသည် အရှေ့ဘက်တွင် ရန်ကုန်၊ တောင်ငူကားလမ်း၊ ရထားလမ်းနှင့် အနောက်ဘက်တွင် သာယာဝတီ၊ ပြည်ရထားလမ်း၊ ကားလမ်းများအကြား၌ တည်ရှိပြီး စစ်ရေးအရ အလွန်အချက်အခြာကျသည့် ဒေသဖြစ်သည်။ ပဲခူးရိုးမတောင်တန်းကြီးများကို အခြေခံပြီး ရန်သူ့ဆက်သွယ်ရေးလမ်းမကြီးများအား အများဆုံးအနှောက်အယှက်ပေးနိုင်သော နေရာဖြစ်သည်။ ရထားလမ်း၊ ကားလမ်းတလျှောက်ရှိ လူထုများသည် ပဲခူးရိုးမတောင်တန်းကြီးကို အခြေပြုကာ အသက်မွေးဝမ်းကြောင်းပြုလုပ်ကြရသည်။ ကုန်သွယ်ကူးသန်းရောင်းဝယ်သူများမှအပ တောင်သူလယ်သမားများနှင့် ဆင်းရဲသောလယ်ယာအလုပ်သမားများမှာ ၎င်းတို့၏ လယ်ယာလုပ်ငန်းများပြီးလျှင် တောင်ပေါ်တက်ပြီး ထင်းခုတ်၊ ဝါးခုတ်၊ ကြိမ်၊ ဖက်နှင့် လယ်ယာသုံးသစ်များကို ခုတ်ကာ အသက်မွေးဝမ်းကြောင်းမှု လွတ်လပ်စွာလုပ်ကိုင်နိုင်ကြသည်။ ထို့ကြောင့် လူထုများသည် တော်လှန်ရေးအင်အားစုများကို ထောက်ခံအားပေးကူညီကြသည်။ တော်လှန်ရေးပြောက်ကျားတပ်များမှာ ရထားလမ်းအနီးရှိ ကျေးရွာများတွင် နေ့ညမပြတ်သွားလာလှုပ်ရှားနိုင်ကြသည်။ ရန်သူများကိုလည်း အဆက်မပြတ်တိုက်ခိုက်နိုင်ကြသည်။

ပဲခူးရိုးမ ကွင်းဒေသများတွင် ဗမာ၊ ကရင်၊ ရှမ်း၊ ချင်းနှင့်ကုလားလူမျိုးများ အနည်းငယ်နေထိုင်ကြသည်။ ဗမာလူမျိုးများမှာ အများစုဖြစ်သည်။ တောင်ပေါ်ဒေသတွင်မူ ကရင်လူမျိုးများသာ နေထိုင်ကြသည်။ တောင်ယာ၊ လယ်ယာများလုပ်စားကြသည်။ တရွာနှင့်တရွာ တရက်ခရီးနှစ်ရက်ခရီးလောက်သွားရသည်။ တရွာလျှင်အိမ် (၁၅/၂၀)လုံးလောက်သာရှိသည်။ အိမ် (၃၀/၄၀)လောက်ရှိသောရွာဟူ၍ အတော်ပင်ရှားပါးသည်။ တော်လှန်ရေးကို ထောက်ခံကြသည်။ တော်လှန်ရေးအဖွဲ့အစည်းမှ ပေးအပ်လာသည့်တာဝန်မှန်သမျှ အကုန်လုပ်သည်။ သို့သော် နိုင်ငံရေးအသိအမြင်မှာမူ အလွန်အားနည်းသည်။

၁၉၆၄–၁၉၆၅ခုနှစ်များအထိ မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမတိုင်းတို့တွင် အခြေအနေကောင်းသည်။ ရန်သူများက ထိုးစစ်ကြီး၊ လတ်၊ ငယ်များ အဆက်မပြတ်လုပ်သည်။ တိုက်ပွဲအစဉ်မပြတ်ရှိသည်။ ရှုံးပွဲနိုင်ပွဲများရှိသည်။

အရှေ့တိုင်းတွင်လည်း ရန်သူ့ထိုးစစ်များမှာ အဆက်မပြတ်ချေ။ ၁၉၅၆ခုနှစ်ကစပြီး ထိုးစစ်အရှိန်မြှင့်လာခဲ့သည်။ အရင်းလဲ့ရင် အဖျားထင်းဖြစ်ဟူသော ကြွေးကြော်သံဖြင့် မင်းရန်အောင်၊ အောင်မော်အေး၊ ရွှေတောင်ကြီးစသည့် ထိုးစစ်ကြီးများကို ပြုလုပ်လာသည်။ ဖါပွန်ခရိုင်အား ကရင့်တော်လှန်ရေး၏ဗဟိုချက်မအဖြစ် သတ်မှတ်ကာ ထိုးစစ်ကြီးများအဆက်မပြတ်လုပ်သည်။ တိုက်ပွဲစဉ်တလျှောက် အရှုံးအနိုင်များရှိခဲ့သည်။ မိမိတို့ကလှုပ်ရှားစစ်၊ ပြောက်ကျားစစ်များဖြင့် ရန်သူ့စစ်ကြောင်းများကို အထိနာအောင်တိုက်ခိုက်ပြီး ရန်သူ့ထိုးစစ်ကြီးများကို ရိုက်ချိုးနိုင်ခဲ့သည်။ ပုံစံအားဖြင့် ကမမောင်း၊ ကဒိုင်တိ၊ ဖါပွန်ကားလမ်း ထိုးစစ်တွင် ရန်သူ့စစ်ကြောင်းမှာ အထိနာပြီး ပြန်ဆုတ်သွားကြရသည်။

(ဂ) မြစ်ဝကျွန်းပေါ်တိုင်းအား လက်လွှတ်ခဲ့ရခြင်း။

၁၉၆၃–၆၄–၆၅ခုနှစ်၊ ကရင့်တော်လှန်ရေးအတွင်း ကေအဲန်ယူနှင့် ကေအဲန်ယူပါတီ အကွဲအပြဲကို အကြောင်းပြုကာ ရန်သူသည် "အရင်းလဲ့ရင်အဖျားထင်းဖြစ်" ဟူသော ကြွေးကြော်သံကို ပြောင်းလဲပြီး "ကိုင်းဖျားကိုင်းနားကို အရင်ချိုင်၊ အမြစ်ကိုနောက်မှကူး" ဟူသည့်ကြွေးကြော်သံကို ဖေါ်ထုတ်လျက်၊ မြစ်ဝကျွန်းပေါ်တိုင်း စစ်ဒေသအား ၁၉၆၆–၆၇ခုနှစ်မှစ၍ မိုးဟိန်းထိုးစစ်နှင့် ၁၉၇၀ခုနှစ် ရွှေလင်းယုန်ထိုးစစ်ကြီးများ ဆက်တိုက်ပြုလုပ်လာသည်။ ဤစစ်ဆင်ရေးမှာ ထူးခြားမှုရှိသည် ကျေးရွာပေါင်း (၃၀၀)ကျော်ခန့်ရှိသည့် သိမ်လာ(သိလ္လာ)မြို့နယ်အတွင်း ကျေးရွာပေါင်း(၁၅/၂၀)ရွာလောက်ကို ဖျက်ကာ သေနင်္ဂဗျူဟာကျေးရွာအဖြစ် ပြန်လည်တည်ဆောက်သည်။ ကျေးရွာလူထု၏ ဆန်စပါးများအားလုံးကို သိမ်းယူသည်။ စုပုံစပါး၊ စုပုံဆန်အဖြစ်ထားပြီး ရန်သူများက ခွက်ချိန်ဖြင့်ဝေပေးသမျှကိုသာ စားကြသည်။ သေနင်္ဂဗျူဟာကျေးရွာအဖြစ် မြို့နယ်တနယ်လုံးပင် လုပ်ဆောင်ရသည်။ ၎င်းသေနင်္ဂဗျူဟာရွာများကို ခြံခတ်ရသည်။ ရန်သူ့ထံမှ ခွင့်ပြုချက်ရမှသာ အပြင်သို့ထွက်နိုင်သည်။ ကရင့်တော်လှန်ရေးနှင့် ဆက်သွယ်ပတ်သက်သည်ဟုသတင်းလျှင် နှိပ်စက်ညှင်းဆဲသတ်ပစ်ကြသည်။ ဤသို့ဖြင့် တော်လှန်ရေးအား ရိက္ခာဖြတ်၊ လူနှင့်အဆက်ဖြတ်၊ သတင်းပြတ်အောင်လုပ်ပြီး သေနင်္ဂဗျူဟာ ရွာသားများအားလုံးကို စုကာ မသင်္ကာသည့်ကွင်း၊ ချောင်း၊ မြောင်း၊ အင်းအိုင်များကို ဝိုင်းစေကျဉ်းစေလျက် ပိတ်ဆို့တိုက်ခိုက်သည်။ တိုက်ပွဲပေါင်းများလာသောကြောင့် တစတစဖြင့် ကျည်ဆံများကုန်လာသည်။ ထမင်းတော်၊ ရေတော်ဖြစ်လာသည်။ ထို့ကြောင့်အသေခံပြီး တိုက်ထွက်၊ ဖေါက်ထွက်ကြရသည်။ ကျဆုံးသူအများအပြားရှိပြီး အချို့သောလွတ်မြောက်သူများမှာလည်း နောက်ထပ်ပိတ်ဆို့ရေးဝှင်တခုနှင့် ထပ်မံကြုံတွေ့ရပြန်သည်။ ဤသို့ဖြင့် နောက်ဆုံး၌ သတ်ဖြတ်ချေမှုန်းခံလိုက်ကြရသည်။

သိလ္လာမြို့နယ်အတွင်း ရန်သူ့ဖြတ်(၄)ဖြတ် စစ်ဆင်ရေးဖြင့် မိမိတို့တပ်များ သုတ်သင်သတ်ဖြတ်ခံရခြင်းကို အကြောင်းပြု၍ ကေအဲန်ယူပါတီဗဟိုမှ ခုခံတိုက်ခိုက်ရေးစီမံချက်ကို ရေးဆွဲချမှတ်ခဲ့သည်။ မြစ်ဝကျွန်းပေါ်နယ်မြေအားလုံး (ခရိုင်၊ မြို့နယ်အားလုံး)မှ မြို့နယ်တိုင်းရှိ မြို့နယ်ကော်မတီများက တပ်စိတ်တစိတ် သို့မဟုတ် တပ်စုတခုနှင့်အတူ မိမိမြို့နယ်အတွင်းရှိ လူထုများကို အဆက်မပြတ်အောင် စည်းရုံးရသည်။ ပြောက်ကျားစစ်ဖြင့် ခုခံတိုက်ခိုက်ရမည်။ ရန်သူပြုလုပ်ထားသည့် သေနင်္ဂဗျူဟာကျေးရွာများကို မိမိတို့သေနင်္ဂဗျူဟာ ကျေးရွာများဖြစ်အောင် အစွမ်းကုန်ကြိုးစားလုပ်ဆောင်ကြရမည်။

ဧရာဝတီအနောက်ဘက်ခြမ်းရှိ ကျန်တပ်များအားလုံး ဝေန်မြစ်အနောက်ဘက် ပင်လယ်ကမ်းခြေနှင့် ရခိုင်ရိုးမအရှေ့ခြမ်းတွင် အခြေခံယူပြီး တပ်များကို(၃)ဖွဲ့ ခွဲ၍ ဟင်္သာတခရိုင် အနောက်ခြမ်းနှင့် မအူပင်ခရိုင်အနောက်ခြမ်းနယ်မြေများတွင် တပ်အင်အား(၂၀၀၀)ကျော်ခန့်၊ ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင်များတွင် တပ်အင်အား(၂၅၀၀)ခန့်၊ ဖျာပုံခရိုင်တွင် တပ်အင်အား(၁၀၀၀)

ခန့်ဖြင့် လိုအပ်သလိုစစ်ကြောင်းများ ဖွဲ့စည်းပြီး ပြောက်ကျားစစ်နှင့် လှုပ်ရှားစစ်များ အဆက်အစပ်ရှိရှိလှုပ်ရှားတိုက်ခိုက်ရန် ယင်းတပ်ဖွဲ့များသည် ဝေနဲမြစ်အနောက်ဘက်ခြမ်းနှင့် ရခိုင်ရိုးမတွင် အခြေခံဒေသများ တည်ဆောက်ရန်၊ ကုန်ထုတ်လုပ်ရေးများလုပ်ရန်နှင့် လူထုများကို စည်းရုံးရန်ဖြစ်သည်။ ဤသို့ဖြင့် ရန်သူပိတ်ဆို့စစ်ဆင်ရေးများကို ရိုက်ချိုးပစ်ရန်ဖြစ်သည်။

ဧရာဝတီမြစ် အရှေ့ခြမ်းတွင် ရှိသောမြို့နယ်များတွင် မြို့နယ်၊ တိုင်း၊ မြို့နယ်ကော်မတီများ အပါအဝင် တပ်စိတ်တစိတ် အများဆုံးတပ်စုတစု ပူးပေါင်းဖွဲ့စီးပြီး ပြောက်ကျားစစ်ဖြင့် လှုပ်ရှားတိုက်ခိုက်ကြရမည်။ ကျန်တပ်များအားလုံးစုစည်း၍ ပဲခူးရိုးမတောင်ကို အခြေခံယူပြီး ဧရာဝတီအရှေ့ဘက်ခြမ်း ဟသီတခရိုင်အပါအဝင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်တောင်ပိုင်းဒေသများတွင် တပ်အင်အား(၁၀၀၀)ကျော်ခန့် လိုအပ်သလို စစ်ကြောင်းများဖွဲ့စည်းပြီး လှုပ်ရှားစစ်နှင့် ပြောက်ကျားများအဆက်အစပ်ရှိရှိဖြင့် လှုပ်ရှားတိုက်ခိုက်သွားရမည်။ မအူပင်ခရိုင်အရှေ့ဘက်ခြမ်းနှင့် အင်းစိန်ခရိုင်များတွင်လည်း တပ်အင်အား(၅၀၀)ခန့်ဖြင့် လိုအပ်သလို စစ်ကြောင်းများဖွဲ့စည်းပြီး လှုပ်ရှားစစ်နှင့် ပြောက်ကျားစစ်များ အဆက်အစပ်ရှိရှိတိုက်ခိုက်သွားရမည်။ ဟံသာဝတီခရိုင်နယ်မြေအတွင်းသို့လည်း လိုအပ်သလို အခွင့်အရေးကောင်းများရှာဖွေပြီး ထိုးဖေါက်ဝင်ရောက်တိုက်ခိုက်သွားရမည်ဖြစ်သည်။

ကေအဲန်ယူပါတီဗဟိုသည် ယင်းစစ်ဆင်ရေးစီမံချက်ကို ရေးဆွဲချမှတ်ပြီး မြစ်ဝကျွန်းပေါ်တိုင်း ဥက္ကဋ္ဌ၊ တိုင်းမှူး၊ တပ်မဟာမှူး၊ တပ်ရင်းမှူးများနှင့် ခရိုင်များ၊ မြို့နယ်များသို့ အချိန်မှီညွှန်ကြားရှေ့ဆောင်ခဲ့သည်။ ဤသို့အချိန်မှီညွှန်ကြားရှေ့ဆောင်ခဲ့သော်လည်း လက်တွေ့တွင် အကောင်အထည်မပေါ်လာခဲ့ပေ။ "မြစ်ဝကျွန်းပေါ်တွင် ဗေဒါစစ်ဆင်ရေးနှင့် မင်းရန်အောင် စစ်ဆင်ရေးကြီးများကို အကြိမ်ကြိမ်ရိုက်ချိုးနိုင်ခဲ့ကြောင်း ယခုလည်းရန်သူ့တပ်အင်အား ပိုများမလာကြောင်း၊ လွယ်လွယ်နှင့်ရိုက်ချိုးနိုင်မည်ဖြစ်ကြောင်း ပါတီဗဟို၏ ညွှန်ကြားချက်သည် ရန်သူထိုးစစ်ကို စတင်၍ခုခံတိုက်ခိုက်ခြင်းမရှိခင်ကပင် မတိုက်ခင်ကပင် တပ်များကို ဆုတ်ခွါရွှေ့ပြောင်းပေးရမည်ဖြစ်၍ စစ်ပြေးဝါဒသာဖြစ်ကြောင်း၊ မြစ်ဝကျွန်းပေါ်အတွက် စိုးရိမ်ပူပန်စရာမရှိကြောင်း မိမိတို့မြစ်ဝကျွန်းပေါ်ရှိ ခေါင်းဆောင်များနှင့် တပ်မှူး၊ တပ်သားများကို အထင်မသေးသင့်ကြောင်း" စသဖြင့် မြစ်ဝကျွန်းပေါ်ခေါင်းဆောင်များက ပါတီဗဟိုသို့ စာရေးအစီရင်ခံကြသည်။ "ပါတီဗဟို၏ စစ်ရေးစီမံချက်များ မှားယွင်းလျှင် အောက်ခြေက အရေးယူနိုင်ကြောင်း၊ ယခုချမှတ်ညွှန်ကြားသည့် စစ်ရေးစီမံချက်ကို တသွေမတိမ်းလိုက်နာကြရမည်ဖြစ်ကြောင်း၊ ပါတီဗဟိုမှ ချမှတ်သောစစ်ရေးစီမံချက်ကို ချက်ခြင်းအကောင်အထည်ဖေါ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း" ပါတီဗဟိုက ထပ်မံညွှန်ကြားသည်။ သို့သော် အချိန်နှောင်းသွားခဲ့ပြီဖြစ်သည်။ ရန်သူ့ထိုးစစ်သည် လပွတ္တာမြို့နယ်မှ စတင်ပြီး တမြို့နယ်ပြီးတမြို့နယ် လုပ်လာပြီးဖြစ်၍ ပြင်ဆင်ချိန်မရလိုက်တော့ပေ။ ဤသို့ဖြင့် တကွက်ပြီးတကွက် ချေမှုန်းခံကြရပြီး ၁၉၇၂ခုနှစ်တွင် မြစ်ဝကျွန်းပေါ်တိုင်း နယ်မြေတခုလုံးဆုံးရှုံးခဲ့ရတော့သည်။

## မြစ်ဝကျွန်းပေါ်တိုင်းတခုလုံး ဆုံးရှုံးခဲ့ရခြင်း၏ အဓိက အကြောင်းအချက်များ။

**နိုင်ငံရေးအရ။** ။ ကရင့်တော်လှန်ရေးသဘောတရားနှင့် လမ်းစဉ်ကို ပါးစပ်ကသာ တဖွဖွ ရွတ်နေကြပြီး လက်တွေ့တွင်မူ လူထုအာဏာမတည်ဆောက်နိုင်ခြင်း၊ ရန်/ငါ ခံယူချက်မပြတ်သားခြင်း ရန်သူကိုအထင်သေးခြင်း။

**စည်းရုံးရေးအရ။** ။ ဗဟိုချုပ်ကိုင်မှုကို တိတိကျကျမခံယူခြင်း၊ နယ်မြေစွဲကြီးခြင်း၊ အရေးကြုံလာလျှင် မိမိနယ်မြေကို မစွန့်နိုင်ခြင်း (အမြဲတမ်းတပ်မတော်မတည်ဆောက်ထားနိုင်ခြင်း) လူထုနှင့်တစတစ ကင်းကွာခြင်း၊ ကေအဲန်ယူပါတီက လက်နက်ကိုင်တပ်ကို အပြည့်အဝခေါင်းမဆောင်နိုင်ခြင်း။

**စီးပွားရေးအရ။** ။ အဖိနှိပ်ခံဆင်းရဲသားလယ်သမား၊ အလုပ်သမားများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခြင်း၊ အခွင့်ထူးခံကိုယ်ကျိုးသမားများ၏ အကျိုးစီးပွားဖြစ်ထွန်းလာခြင်း။

**စစ်ရေးအရ။** ။ လက်နက်ကိုင်တပ်ဖွဲ့များသည် စစ်ရေးတိုက်ခိုက်မှုကောင်းသော်လည်း နယ်မြေ၏ ပကတိအနေအထားအရ ကွင်းပြောင်ကြီးများဖြစ်ခြင်း၊ မြစ်များဝိုင်းပတ်နေခြင်း၊ လူထုတွင်းတပ်ဖျောက်၍မရလျှင် ပြောက်ကျားစစ် လှုပ်ရှားစစ်များအတွက် အခက်အခဲရှိခြင်း မြစ်များ၊ ချောင်းများတားဆီးနေခြင်းကြောင့် မိမိတို့တပ်အချင်းချင်းစစ်ရေးအရ အထောက်အကူပြုရန်ခက်ခဲခြင်း၊ အမြဲတမ်းတပ်ဖွဲ့စည်းပုံမျိုးမဟုတ်သဖြင့် စစ်ရေးအရ လိုအပ်သလို တပ်စုတပ်ဖြန့်ရန် အခက်အခဲရှိခြင်း၊ ပဲခူးရိုးမတိုင်းနှင့် အရှေ့တိုင်းတို့မှာလည်း မြစ်ဝကျွန်းပေါ်တိုင်းကို စစ်ကူပေးရန်အခဆင်သင့်မရှိခြင်း၊ ငွေရေးကြေးရေးအရ မကူညီနိုင်သည့်အပြင် စိတ်ဝမ်းကွဲပြားမှုများလည်းရှိနေခြင်း။

စသည့်နိုင်ငံရေး၊ စည်းရုံးရေး၊ စီးပွားရေး၊ စစ်ရေးအခြေအနေများကြောင့် မြစ်ဝကျွန်းပေါ်တိုင်း နယ်ဒေသ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

### (ဃ) ပဲခူးရိုးမတိုင်း ဆုံးရှုံးခဲ့ရခြင်း။

မြစ်ဝကျွန်းပေါ်တိုင်းကို သိမ်းပိုက်နိုင်ခဲ့သော ရန်သူသည် တဆက်တည်းဆိုသလိုပင် ၁၉၇၇ ခုနှစ်မှစ၍ ပဲခူးရိုးမတိုင်းအား ထိုးစစ်ကြီးတရပ်ဆင်လာသည်။ တောင်ပေါ်တွင်နေထိုင်ကြသော ကရင်အမျိုးသားကျေးရွာများအားလုံးကို ကွင်းဒေသသို့မောင်းချသည်။ ပဲခူးရိုးမအရှေ့အနောက် တောင်ခြေတလျှောက် ရန်သူ့တပ်များက စောင့်ကြပ်ပြီး ကွင်းလူထုများကိုလည်း တောင်ပေါ်မတက်ရအောင် ကြပ်ကြပ်မတ်မတ်ပိတ်ပင်တားမြစ်သည်။ ပဲခူးရိုးမတောင်ပေါ်တွင် တွေ့သမျှလူအားလုံးကို ပစ်သတ်ကြသည်။ ဤကဲ့သို့ ကွင်းလူထုများနှင့် တော်လှန်ရေးအဖွဲ့အစည်း

အား အဆက်ပြတ်စေပြီး ရိက္ခာပြတ်အောင်လုပ်သည်။ တော်လှန်ရေးက လုပ်ကိုင်သိမ်းဆီးထားသော တွေ့သမျှဆန်စပါးများအားလုံးကို ဖျက်ဆီးပစ်သည်။ တောတွင်းရှိစားသုံးနိုင်သော အပင်များ၊ ဥများ၊ အရွက်အပွင့်များပါမကျန် အစီအစဉ်ဖြင့် လိုက်လံဖျက်ဆီးပစ်ကြသည်။

တောင်ပေါ်မတက်ရလျှင် ထမင်းမစားရသော အလွန်ဆင်းရဲသည့် ကွင်းလူထုများမှာ တချိန်ကတောင်ပေါ်တက်ပြီး လွတ်လပ်စွာရှာဖွေလုပ်ကိုင်စားသောက်ခွင့် ရခဲ့ကြသော်လည်း ပဲခူးရိုးမတိုင်းရှိ ကေအဲန်ယူပါတီအနေဖြင့် ရန်သူများထိုးစစ်ဆင်နေသည့်ကာလတွင် တောင်တက်၍ လုပ်ကိုင်စားသောက်ကြသူများ စနစ်တကျဖြစ်ရေး၊ ကရင့်တော်လှန်ရေးအတွက်လည်း ဝင်ငွေရရှိရေး၊ ရန်သူ့သူလျှိုများလည်း ထင်သလိုဝင်ထွက်မှုမပြုနိုင်ရေးတို့ကို အကြောင်းပြုလျှက် တောဝင်စည်းကမ်းသတ်မှတ်လိုက်ကြသည်။ တောဝင်သူများသည် ကေအဲန်ယူပါတီ၏ မြို့နယ်သစ်တောဌာနများမှ လက်မှတ်ဖြင့်သာ ဝင်ရောက်လုပ်ကိုင်နိုင်ခွင့်ရှိရမည်။ သက်ဆိုင်ရာမြို့နယ်သစ်တောဌာနမှ တောဝင်လက်မှတ်မပါလျှင် ထိုက်သင့်သလို အရေးယူမည်ဟု ထုတ်ပြန်လိုက်သည်။ တကယ်လက်တွေ့တွင်မူ လက်လှမ်းမှီသလောက် ကျေးရွာများကိုသာ တောဝင်လက်မှတ်ထုတ်ပေးနိုင်သည်။ လက်လှမ်းမမှီသည့်ကျေးရွာများစွာ အတော်ပင်ရှိသည်။ ယင်းလက်လှမ်းမမှီသောကျေးရွာများတွင် တောဝင်လက်မှတ်ယူနိုင်သူရှိသလို အကြောင်းအမျိုးမျိုးကြောင့် တောဝင်လက်မှတ်မယူနိုင်သူများလည်း အများအပြားရှိသည်။ ရှောတန်းမှ တောဝင်လက်မှတ်စစ်ဆေးသောရဲဘော်များတွင် အခြေအနေကို သေချာစွာစူးစမ်းလေ့လာကာ ကောင်းမွန်အောင်လုပ်ဆောင်သွားနိုင်သော ရဲဘော်များရှိသလို၊ အချို့ရဲဘော်များမှာမူ စည်းကမ်းနည်းလမ်းအတိုင်း တောဝင်လက်မှတ်မပါသူများအား ဒါဏ်ရိုက်ခြင်း၊ အချို့ တခါမှုနှစ်ခါဖြစ်လာသည့်သူများအား သတ်ပစ်သည်အထိ အရေးယူခြင်းမျိုးများလုပ်ခဲ့ကြသည်။ အမှားအယွင်းများထပ်ခါတလဲလဲဖြစ်ပေါ်ခဲ့သောကြောင့် ကွင်းဒေသလူထု၏ ထောက်ခံမှုကျဆင်းသွားရသည်။ ရန်သူသည် ဤအချက်ကို အခွင့်ကောင်းယူပြီး ကေအဲန်ယူပါတီ၏ အရေးယူသတ်ဖြတ်ခြင်း ခံကြရသော မိသားစုဆွေမျိုးသားချင်းများကို စည်းရုံးသိမ်းသွင်းကာ ပဲခူးရိုးမထိုးစစ်တွင် အသုံးချကြသည်။ ရိက္ခာသယ်၊ လမ်းပြ၊ တဲဆောက်၊ သတင်းထောက်စသဖြင့် အမျိုးမျိုးအသုံးချသည်။

အရပ်သားလူထုတဦးတယောက်မျှ မရှိတော့သည့်တောတောင်အတွင်း ရန်သူများသည် တွေ့ပြီးတွင် သတ်မှတ်ကာ ပိတ်ဆို့တိုက်ခိုက်ကြသည်။ မိမိတို့တပ်များမှာ ရဲရဲကြီးခုခံတိုက်ခိုက်ကြပါ၏။ ဖေါက်ထွက်သည့်အကြိမ်ပေါင်းလည်း အများအပြားရှိ၏။ ခဲယမ်းမီးကျောက်များလည်း ကုန်ခမ်းလာ၊ ဒါဏ်ရာရရဲဘော်များလည်း တစထက်တစများလာ၊ အစာကလည်းမစားရ၊ မည်သည့်နေရာကမျှလည်း အကူအညီမရ အကူအညီရနိုင်ရန်အကြောင်းလည်းမရှိတော့သဖြင့် ၁၉၇၅ခုနှစ်၌ ပဲခူးရိုးမတိုင်းအား စွန့်ခွါပေးခဲ့ရလေသည်။ ရန်ကုန်၊ မန္တလေးကားလမ်းကိုဖြတ်၊ စစ်တောင်းမြစ်ကိုကူးစဉ် အမျိုးသမီးတပ်ဖွဲ့ဝင်အချို့နှင့် သက်ကြီးရွယ်အိုရဲဘော်တယောက် ရေနစ်သေဆုံးခဲ့ရသည်။

## ပဲခူးရိုးမတိုင်း လက်လွှတ်ဆုံးရှုံးရခြင်း အဓိက အကြောင်းအချက်များ။

**နိုင်ငံရေးအရ။** ။ လမ်းစဉ်ပါမှုအတိုင်း လူတန်းစား(၄)ရပ် အာဏာမတည်ဆောက်နိုင်ခြင်း။

**စည်းရုံးရေးအရ။** ။ လူထုထောက်ခံကူညီအားပေးရုံဖြင့် မလုံလောက်ခြင်း၊ သိပ်သည်းကျစ်လစ်သော အဖွဲ့အစည်းများနှင့် လုပ်သားကောင်းကေဒါများ လေ့ကျင့်မွေးမြူထားမှု အားနည်းခြင်း။

**စီးပွားရေးအရ။** ။ လူတန်းစား (၄)ရပ်၏အကျိုးစီးပွားကို လက်တွေ့မလုပ်ပေးနိုင်ခြင်း၊ အထူးသဖြင့်တောင်ပေါ်ကို အခြေပြုပြီး အသက်မွေးဝမ်းကြောင်း နေရသူများ၏ တစိတ်တပိုင်း အကျိုးစီးပွားကိုပင် ပိတ်ပင်တားဆီးခဲ့ခြင်း။

**စစ်ရေးအရ။** ။ တိုက်စိတ်ခိုက်စိတ်များကောင်းသော်လည်း ရိက္ခာပြတ်ခြင်း၊ သတင်းမရခြင်း၊ (ဆင်ကန်းတောတိုးဖြစ်နေခြင်း) လူထုနှင့် အဆက်ပြတ်ခြင်း၊ နောက်ခံအင်အားမရှိဖြစ်နေရခြင်း။

အနိုင်နိုင်ငံ စစ်သမိုင်းများအရ အပွဲပွဲနိုင်လာခဲ့ပြီးမှ တပွဲတည်းတွင်ရှုံးခြင်းအားဖြင့် အတိတ်ကရခဲ့သမျှ အောင်ပွဲအားလုံး အလကားဖြစ်သွားရသည့် သာဓကများရှိသလို အကြိမ်ပေါင်းများစွာ ရှုံးပြီးနောက် တပွဲတည်းနိုင်လိုက်ခြင်းကြောင့် အခြေအနေသစ်ကို ဖန်တီးနိုင်ခဲ့သည့် သာဓကများလည်းရှိသည်။ ဤတွင်ပါရှိသော "အပွဲပွဲနိုင်ခြင်း" "အကြိမ်ပေါင်းများစွာရှုံးခြင်း" တို့သည် အခြေအနေတစိတ်တဒေသနှင့်သာသက်ဆိုင်လျက် အခြေအနေတရပ်လုံးကို အဆုံးအဖြတ်ပေးနိုင်သောအရာများမဟုတ်ဟု စစ်ပါရဂူများကဆိုကြသည်။ သို့ဖြစ်ခြင်းကြောင့် ပဲခူးရိုးမစစ်ဒေသနှင့် မြစ်ဝကျွန်းပေါ်စစ်ဒေသများ ဆုံးရှုံးရခြင်းမှာ တစိတ်တဒေသနှင့်သာ သက်ဆိုင်သဖြင့် ကရင့်တော်လှန်ရေးတခုလုံးနှင့် မသက်ဆိုင်ဟုဆိုနိုင်သည်။ သို့သော်တစိတ်တဒေသသည် တခုလုံးနှင့် ဆက်စပ်နေသဖြင့် ဤကဲ့သို့ ပဲခူးရိုးမတိုင်းနှင့် မြစ်ဝကျွန်းပေါ်တိုင်းတို့ ရန်သူ့လက်အောက်သို့ ကျရောက်သွားရခြင်းသည် ကရင်တော်လှန်ရေးအတွက် တစိတ်တဒေသ နစ်နာဆုံးရှုံးမှုဖြစ်ရသည်မှာ အမှန်ပင်ဖြစ်သည်။

### (င) မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးရိုးမတိုင်းကို ပြန်လည်သိမ်းပိုက်နိုင်ရန်ကြိုးပမ်းခဲ့ခြင်း။

မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးရိုးမတိုင်းတို့ ရန်သူ့ထိုးစစ်ကြီးများ ဆင်နေချိန်နှင့် သိမ်းပိုက်ခံလိုက်ရချိန်များတွင် ကေအဲန်ယူအရှေ့တိုင်း၏ အခြေအနေမှာ အလွန်ကောင်းနေသည်။ အရှေ့တိုင်း၌ ရန်သူ့ထိုးစစ်များ အဆက်မပြတ်ရှိနေသော်လည်း စစ်ရှိန်ပြေ့သည်။ အရံထိုးစစ်လောက်သာရှိနေသည်။ ထို့ကြောင့် အရှေ့တိုင်းကေအဲန်ယူနယ်မြေအတွင်း ခရိုင်အားလုံးလိုလိုပင် အကောက်ဂိတ်များဖွင့်၍ ငွေများကောက်ခံနိုင်ကြသည်။ ဝင်ငွေအလွန်ကောင်းနေသည်။ လက်

နက်ခဲယမ်းများ ဝယ်ယူစုဆောင်းလာနိုင်သည်။ တပ်များတိုးချဲ့ဖွဲ့စည်းနိုင်သည်။ ရန်သူ့ထိုးစစ်များကိုလည်း အတော်အတန်ခုခံကာကွယ်နိုင်သည်။ ပြောက်ကျားစစ်၊ လှုပ်ရှားစစ်များ လုပ်နိုင်သည့်အပြင် အကောက်ဂိတ်လုံခြုံရေးအတွက် နေရာယူစစ်ဆင်ရေးများလည်း ပေါ်လာကြသည်။ တဆက်တည်းမှာပင် တပ်မဟာ(၇)နယ်မြေအတွင်း မာနယ်ပလော၌ ဗဟိုဌာနချုပ် အခြေခံစခန်းကိုလည်း တည်ဆောက်ခဲ့ကြသည်။

ဤအောင်မြင်မှုများကို အကြောင်းပြု၍ ရန်သူ့လက်အောက်သို့ကျရောက်သွားရသော မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးရိုးမတိုင်းတို့အား ပြည်လည်သိမ်းပိုက်ရယူရေးမှာ ကေအဲန်ယူဗဟို၌ အဓိက တာဝန်ရှိလာသည်။ တာဝန်ရှိသည့်အတိုင်း ကေအဲန်ယူဗဟိုသည် ပထမ အဆင့် စီစဉ်ဆောင်ရွက်ခဲ့၏။

၁၉၅၁ခုနှစ် မိမိအင်အား(၂၀၀ကျော်ခန့်၊ တပ်မဟာ(၄)နယ်မြေကို အခြေခံကာ ပင်လယ်ကိုဖြတ်၍ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်ခဲ့သည်။ အပိုပါသွားသောလက်နက်(၂၀၀)ကို ဒေသခံရွာသားများအားတပ်ဆင်ပြီး စစ်သင်တန်းပေးနေစဉ် ရန်သူက သတင်းရရှိသွားသည်။ ရေတပ်၊ လေတပ်၊ ခြေလျင်တပ်များဖြင့် တပ်အင်အားအဆမတန် စုစည်းကာ မနားမနေ အဆက်မပြတ်လိုက်တိုက်ကြသည်။ ဤသို့ဖြင့် တပ်ဖျောက်ရန်နေရာမရှိ၊ ခဲယမ်းမီးကျောက်းကလည်းကုန်၊ ဒါဏ်ရာရသူ၊ ကျဆုံးသူများလည်းရှိလာပြီး နောက်ဆုံး၌ ချေမှုန်းခံလိုက်ကြရသည်။

ပဲခူးရိုးမအား ပြန်လည်သိမ်းပိုက်ရေးကိုလည်း စီစဉ်ခဲ့သည်။ မိမိတပ်(၁၅၀)ကျော်ခန့်သည် အမှတ်(၃)တပ်မဟာနယ်မြေမှနေ၍ စစ်တောင်းမြစ်ကို ဖြတ်ကူးပြီး ပဲခူးရိုးမတောင်ခြေသို့ ရောက်ရှိကာ၊ ရန်သူ့တပ်စခန်းတခုကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ ရန်သူများက တပ်အင်အား စုစည်းကာ အဆက်မပြတ်လိုက်တိုက်သည်။ ပဲခူးရိုးမတောင်ပေါ်တက်၍ တိမ်းရှောင်ရ၏။ ရိက္ခာမရှိ၍ ကွင်းရွာများသို့ဆင်းကာ ဆန်ရှာရ၏။ ရန်သူ့တိုက်ခိုက်မှုကိုခံရသည်။ ရန်သူများက အဆက်မပြတ်လိုက်တိုက်ကြသည်။ နောက်ဆုံးတွင်ချေမှုန်းခံလိုက်ကြရသည်။

မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးရိုးမတိုင်းတို့ကို ပြန်လည်သိမ်းပိုက်ရေး ထိုးစစ်လုပ်သည့်အခါတွင် ဖြစ်သင့်သည်မှာ ယင်းသိမ်းပိုက်ရေး ထိုးစစ်များမပြုလုပ်မီ ပထမအဆင့် အနေဖြင့် လုပ်သားကောင်း(ကေဒါ)များ မွေးမြူတည်ဆောက်လေ့ကျင့်သင်ကြားပြီး မြေအောက်အသွင်ဖြင့် စည်းရုံးရေးလုပ်သွားရမည်ဖြစ်သည်။ တစတစဖြင့် နယ်မြေဒေသခံကေဒါများ ခိုင်မာလာအောင် ဖွဲ့စည်းတည်ဆောက်ရမည်။ ရန်သူဒေါက်တိုင်များ၊ သစ္စာဖေါက်များကို သုတ်သင်ပေးပါရန် လူထုကတောင်းဆိုလာအောင် လုပ်ရမည်။ ဤသို့သောအခြေအနေမျိုးဖြစ်လာအောင် ဖန်တီးလျက် လူထုနှင့်ပူးပေါင်းကာ ရန်သူ့ဒေါက်တိုင်များ သစ္စာဖေါက်များကို သုတ်သင်ဖယ်ရှားကြရမည်။ မြေအောက်အသွင်ဖြင့် လူထုအာဏာတည်ဆောက်ပြီးသည့်အခါ ဒုတိယအဆင့် အနေဖြင့် အားနည်းအဆက်ပြတ်နေသော ရန်သူ့စခန်းများကို အမြန်တိုက်၊ အမြန်သိမ်း၊ အမြန်ဆုတ်၊

အမြန်ဖျောက်ဟူသည့် ပြောက်ကျားနည်းဖြင့် လက်နက်ကိုင်တိုက်ပွဲကို တစပြီးတစ စတင်ရမည်။ ဤသို့ဖြင့် ပြောက်ကျားတိုက်ခိုက်မှုများ ကျယ်ပြန့်လာအောင် လုပ်ရမည်။ တတိယ အဆင့် ရန်သူလည်းရောက် မိမိတို့လည်းရောက် ရန်သူလည်းဩဇာစိုက်ထူ၊ မိမိတို့လည်း ဩဇာစိုက်ထူခြင်းများဖြင့် လူထုကိုအခြေခံထားပြီး စိတ်ရှည်ရှည်ဖြင့် လုပ်သွားသင့်သည်။

ဤအချက်မှာ ဖေါက်ပြန်ရေးစစ်တိုင်းကျဆုံးရစမြဲဖြစ်သည်ဆိုသည့် နိယာမတရားကို မလွန်ဆန်နိုင်ခြင်းပင်ဖြစ်၏။ နောက်တချက်အနေဖြင့် ငါတို့ငြင်းမရနိုင်သည့် ရန်သူ၏ အားသာချက်များအတွင်း၌ပင် အားနည်းချက်များရှိနေသောကြောင့်ပင်ဖြစ်သည်။

## အခန်း (၃)
## အရှေ့ဘက်ခြမ်း ကေအဲန်ယူအခြေအနေသုံးသပ်ချက်

(က) ယေဘူယျ အခြေအနေသုံးသပ်ချက်။

ဧရာဝတီတိုင်းနှင့် ပဲခူးရိုးမတိုင်းများ ပြန်လည်သိမ်းပိုက်၍ မရစေကာမူ ကေအဲန်ယူကရင်တော်လှန်ရေး၏ အခြေအနေသည်ကောင်းမွန်လျက်ပင်ရှိနေ၏။

၁၉၈၈ခုနှစ်၌ ဥပဒေအတွင်း လူထုအုံကြွမှုကြီးဖြစ်ပေါ်လာသည်။ ယင်းအရေးအခင်းကြောင့် သပိတ်မှောက်ကျောင်းသားခေါင်းဆောင်များနှင့် အဲန်အဲလ်ဒီ၊ လူ့ဘောင်သစ်၊ အရွေးခံနိုင်ငံရေးပါတီခေါင်းဆောင်အချို့တို့သည် ကေအဲန်ယူတော်လှန်ရေးနယ်မြေအတွင်းသို့ ရောက်လာကြသည်။ ၁၉၉၀ခုနှစ် ပါတီစုံရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အဲန်အဲလ်ဒီပါတီက မဲအနိုင်ရရှိသည်။ နဝတ အစိုးရသည် အာဏာမအပ်သည့်အပြင် လူထုကိုယ်စားလှယ်များအား ဖမ်းဆီးနှိပ်စက်သည်၊ ထောင်ချသည်၊ ထောင်တွင်းရောက်မှ ညှဉ်းပမ်းနှိပ်စက်သတ်ဖြတ်မှုများ လည်းရှိသည်။ ထို့ကြောင့် ပြည်သူ့ကိုယ်စားလှယ်အဖွဲ့သည် ကေအဲန်ယူနယ်မြေဗဟိုဌာနချုပ် မာနယ်ပလောသို့ရောက်လာကြသည်။ ယင်းသို့တော်လှန်ရေးနယ်မြေတွင်း ရောက်လာသူများသည် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ)နှင့်ပူးပေါင်းကာ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (မဒမခ)ကို ဖွဲ့စည်းနိုင်ခဲ့သည်။ အဝေးရောက်ညွန့်ပေါင်းအစိုးရ (အဲစီဂျီယူဘီ) ကိုလည်း ဖွဲ့စည်းလိုက်နိုင်သည်။ နှစ်များမကြာမီပင် အမျိုးသားကောင်စီ (အဲန်စီယူဘီ)ကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။

ကရင်၊ ကရင်နီ၊ ကယန်း၊ ကချင်၊ ရှမ်း၊ ပအိုဝ့်၊ ဝ၊ ပလောင်၊ လားဟူ၊ မွန်စသည့်တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင် တော်လှန်ရေးများသည်လည်း စုစည်းညီညွတ်လာကြသည်။ ဥပဒေအတွင်း ဒီမိုကရေစီတိုက်ပွဲများကလည်း အရှိန်အဟုန်မြှင့်လာနေသည်။ နိုင်ငံတကာမှ ဒီမိုကရေစီလိုလားသူများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ဒီမိုကရေစီကို ထောက်ခံအား ပေးသော အစိုးရများကလည်း နဝတ စစ်အစိုးရအားဆန့်ကျင်ကာ ဖိအားပေးလာကြသည်။ တဆက်တည်းမှာပင် ဒီမိုကရေစီအင်အားစုများနှင့် အမျိုးသားလွတ်မြောက်ရေး တော်လှန်ရေးများကို ပြတ်ပြတ်သားသားထောက်ခံလာနေကြသည်။

ကေအဲန်ယူ ကရင့်တော်လှန်ရေး၏နယ်မြေ မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးရိုးမတိုင်းများ လက်လွှတ်ဆုံးရှုံးသွားရတာကြောင့် ကရင့်တော်လှန်ရေး၏ နယ်မြေတစိတ်တပိုင်း နစ်နာဆုံးရှုံးသွားရသည်မှာ မှန်သော်လည်း မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးရိုးမတိုင်းတို့သည် ကရင့်တော်လှန်ရေး၏ ဗဟိုအချက်အခြာကျသည့် ဗဟိုချက်မ မဟုတ်သည့်အပြင် ဥပဒေအတွင်း ဒီမိုကရေစီတိုက်ပွဲများ အရှိန်မြှင့်လာနေခြင်း၊ တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်တော်လှန်ရေးများ တစထက်တစ စည်းလုံးလာနေခြင်း၊ နိုင်ငံတကာထောက်ခံအားပေးမှုများလည်း ရရှိလာနေခြင်း

တို့ကြောင့် ကရင့်တော်လှန်ရေးမှာ ဆုံးရှုံးလိမ့်မည်မဟုတ်ဘဲ၊ ဤအတိုင်းသာ ဆက်လက်ဖြစ်ပေါ် တိုးတက်နေမည်ဆိုပါက မလွဲမသွေအောင်ပွဲခံရမည်သာဖြစ်သည်။

ကရင့်တော်လှန်ရေး၏ တိုးတက်ဖြစ်ပေါ်လာနေမှုအတွက် နဝတ အစိုးရအနေဖြင့် တိုက်ခိုက်ဖြိုခွဲရမည့်တာဝန်ရှိလာသည်။ မည်သည့်နည်းဖြင့် ဖြိုခွဲမည်နည်း။ စစ်ရေးနည်းဖြင့်သာ ဖြိုခွဲမည်ဖြစ်လေသည်။

## မိမိတပ်စခန်းများအား ရန်သူတိုက်ခိုက်ခြင်း။

ရန်သူများသည် မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးရိုးမတိုင်းတို့အား တိုက်ခိုက်သိမ်းပိုက် အောင်မြင်နိုင်မှုကို နောက်ခံပြုလျက် ၁၉၇၅–၇၆ခုနှစ်ခန့်မှစ၍ ကေအဲန်ယူအရှေ့တိုင်းကို ထိုးစစ်ဆင်လာခဲ့သည်၊ ရန်သူထိုးစစ်သည် ဖါပွန်ခရိုင်အပါအဝင် အမှတ်(၇)တပ်မဟာနယ်မြေအား ကေအဲန်ယူကရင့်တော်လှန်ရေး၏ ဗဟိုအချက်အခြာ ဗဟိုချက်မဟု သတ်မှတ်ဦးတည်ထားသည်၊

## ရန်သူထိုးစစ် ပထမ အဆင့်။

တပ်မဟာ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇ နယ်မြေများကို စတင်တိုက်ခိုက်သည်။ ဒေသခံ တိုင်းတပ်များနှင့် တပ်မများပူးပေါင်းတိုက်ခိုက်လာသည်။ မိမိတို့ကေအဲန်ယူ၏ ပြောက်ကျားစစ်၊ လှုပ်ရှားစစ်တို့ တိုက်ပုံတိုက်နည်းများကိုသိလို၍ အကဲစမ်းခြင်းလည်းဖြစ်ဟန်ရှိသည်။ မိမိတို့ကေအဲန်ယူတပ်များအနေဖြင့် ရန်သူ့အတွင်းပိုင်းတွင် ပြောက်ကျားတပ်များအဖြစ် ဝင်ရောက်ထိုးဖေါက်တိုက်ခိုက်နိုင်မှုအတိုင်းအတာနှင့် မိမိတို့၏ လှုပ်ရှားတပ်များသည် ထိပ်တိုက်ရင်ဆိုင်တိုက်နည်းသုံးလာသလား၊ သို့မဟုတ် တပ်ကိုလျှို့ဝှက်ပြီး အလစ်အငိုက်ရယူတိုက်ခိုက်နည်းမျိုးလား၊ ရန်သူတပ်များကို တိုက်ခိုက်ရာတွင် စုတိုက်၊ ဖြန့်တိုက်သည့် တိုက်ခိုက်သည့်နည်းမျိုးသုံးသလား၊ သို့မဟုတ် အမြဲတမ်းဖြန့်သလား၊ အမြဲတမ်းစုထားသလား၊ စစ်ကူလိုက်မြန်သလား၊ နှေးသလား၊ ရိက္ခာလမ်းကြောင်းများကို ဖြတ်တောက်တိုက်ခိုက်ခြင်း၊ ရှိမရှိစသည်ဖြင့် စစ်မြေပြင်၌ စစ်တိုက်ရင်း ကေအဲန်ယူတပ်များ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာပြီးမှ ကေအဲန်ယူ နေရာယူခုခံတိုက်ခိုက်သော စခန်းများအား ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်နိုင်ရန် ပြင်ဆင်လာသည်ကို တွေ့ရှိရသည်။

## ဒုတိယ အဆင့်။

မိမိတို့ကေအဲန်ယူ၏ နေရာယူတပ်စွဲစခန်းများကို စတင်တိုက်ခိုက်သည်။ မယ်သဝေါစခန်းကို စတင်တိုက်ခိုက်သည်။ ပထမ အကြိမ်တိုက်ပွဲတွင် အကျအဆုံးများစွာဖြင့် ဆုတ်ပြေးရပြီး ဒုတိယ အကြိမ်မှ မယ်သဝေါကို သိမ်းပိုက်နိုင်သွားသည်။ ၎င်းတို့အကျအဆုံး အလွန်များသည်။ မယ်သဝေါသိမ်းပြီးနောက် မယ်တရိစခန်းတိုက်သည်။ လွယ်လွယ်ဖြင့်သိမ်းပိုက်နိုင်သည်။ အကျ

အဆုံးရှိသည်။ မယ်တရိစခန်းကို သိမ်းပြီးသောအခါ မော်ဖိုးကောစခန်းကိုတိုက်သည်၊ တိုက်ပွဲပြင်းထန်သည်။ ရက်သတ္တတပတ်ကျော်ကြာသည်။ တိုက်ပွဲကာလအတွင်း ရန်သူ့လက်နက်များကို မိမိတို့သိမ်းပိုက်နိုင်ခဲ့သေးသော်လည်း နောက်ဆုံး၌ စခန်းကိုရန်သူများသိမ်းပိုက်သွားနိုင်သည်။ မော်ဖိုးကောစခန်းကိုသိမ်းပြီး ဝမ်းခါစခန်းကိုတိုက်သည်။ တိုက်ပွဲအလွန်ပြင်းထန်သည်။ တပတ်ကျော်ကြာလာသည်။ ရန်သူများပြန်ဆုတ်ရသည်။ ရန်သူအကျအဆုံးအလွန်များသည်။ ဝမ်းခါစခန်းကို နောက်ထပ် ၄–၅ ကြိမ်တိုက်သည်၊ တကြိမ်လျှင် အနည်းဆုံးတပတ်ကျော်ကြာသည်။ တိုက်ပွဲကြီးများဟုဆိုရမည်ဖြစ်သည်။ ရန်သူများသည်အကျအဆုံးများစွာဖြင့် ဆုတ်ပြေးရသည်။ ဝမ်းခါစခန်းမှာ ကရင့်တော်လှန်ရေး ခံစစ်ကြောင်းနေရာယူတိုက်ပွဲများအနက် ရန်သူအကျအဆုံး အများဆုံးစခန်းဖြစ်သည်။ ဝမ်းခါကိုတိုက်ပြီးနောက် ဖလူးကိုတိုက်သည်။ ဖလူးစခန်းအား ၃–၄ကြိမ်တိုက်ခိုက်ခဲ့ရာတွင် တကြိမ်လျှင်အနည်းဆုံး တပတ်ကျော်ကြာသည်။ ရန်သူများအကျအဆုံးများစွာဖြင့် ဆုတ်ပြေးရပြန်သည်။

ရန်သူသည် ၁၉၈၂–၈၃မှ ၁၉၈၇–၈၈အထိ (၅)နှစ်ကျော်ကာလအတွင်း တိုက်ပွဲစဉ်တလျှောက် နေရာယူစစ်ရေး၊ လှုပ်ရှားစစ်ရေးနှင့် ပြောက်ကျားစစ်ရေးများပါ တိုက်ပွဲကြီးငယ် စုစုပေါင်း(၃၀၀)ကျော် (၄၀၀)နီးပါးရှိမည်ဟုခန့်မှန်းသည်။ မိမိတို့ဘက်မှ အကျအဆုံးများရှိသော်လည်း ရန်သူအကျအဆုံးမှာ မိမိတို့ထက် အဆပေါင်းများစွာပိုသည်။ ရန်သူအကျအဆုံးအများဆုံးမှာ နေရာယူစစ်ဆင်ရေးတွင်ဖြစ်သည်၊ လှုပ်ရှားစစ်ရေးက ဒုတိယအများဆုံးဖြစ်ပြီး ပြောက်ကျားစစ်ရေးဖြင့် ရန်သူအကျအဆုံးမှာ တတိယ အဆင့်သာရှိမည်ဟု ခန့်မှန်းရသည်။

မိမိတို့ပြောက်ကျားစစ်ဆင်ရေးသည် နယ်မြေအတွင်းပိုင်းတွင် လှုပ်ရှားစစ်ဆင်ရေးတိုက်ပွဲများအတွက် လိုအပ်သလောက် အထောက်အကူမပြုနိုင်ဟု ခန့်မှန်းသုံးသပ်ရမည်ဖြစ်သည်။ အကြောင်းမှု ပြောက်ကျားစစ်ကို အဓိကမထားတော့ဘဲ အများအားဖြင့် လှုပ်ရှားစစ်နှင့် ပူးတွဲတိုက်ခိုက်ခြင်းတွင်သာ အားသန်နေကြသောကြောင့်ဖြစ်သည်။

ပြောက်ကျားများ၏ အဓိကတာဝန်မှာ ပြောက်ကျားစစ်ဆင်ရေးပင်ဖြစ်သည်။ လိုအပ်လာလျှင် လှုပ်ရှားတပ်များသည်လည်း ပြောက်ကျားစစ်ဆင်ရေးလုပ်နိုင်သည်။ ပြောက်ကျားစစ်ဆင်ရေးဖြင့် ရန်သူအားပင်ပန်းအောင်၊ နွမ်းနယ်အောင်၊ ရန်သူ့စစ်ဆင်ရေးမရေမရာဖြစ်အောင်၊ ပျက်စီးအောင်လုပ်ပေးခြင်းဖြင့် မိမိတို့လှုပ်ရှားစစ်များအား ရန်သူကိုပို၍ အထိနာအောင်ချေမှုန်းနိုင်ရန် ထောက်ကူမှုပြုလုပ်ရသည်။ အထူးသဖြင့် ရှေ့တက်နေသောရန်သူကို နောက်ပြန်ဆုတ်အောင်လုပ်ရသည်။ တောင်ဘက်ချီတက်နေသည့် ရန်သူကို မြောက်ဘက်သို့ ပြန်လှည့်သွားအောင်လုပ်ရသည်။ ပြောက်ကျားစစ်၏ အရေးအကြီးဆုံးအလုပ်မှာ ရန်သူ့အတွင်းပိုင်းကို များများအနှောက်အယှက်ပေးရန်ဖြစ်သည်။ ရန်သူအတွင်းပိုင်းသို့ ထိုးဖေါက်ဝင်ရမည်။ ပထမဦးစွာနိုင်ငံရေး၊ စည်းရုံးရေးမှုများအနေဖြင့် မြေအောက်လုပ်ငန်းကို လုပ်ရမည်။ ကျေးရွာများတွင်အမာခံတွေရအောင် စည်းရုံးရမည်။ ရန်သူ့ဒေါက်တိုင်များ သစ္စာဖေါက်များကို

ပညာပေးပြုပြင်ရမည်။ မရလျှင်လူထုနှင့်ပေါင်းပြီး ဖြတ်ပစ်ရမည်။ အားနည်းအဆက်ပြတ်နေသောရန်သူကိုတိုက်၊ ရန်သူ့အဆောက်အဦးတွေကိုဖျက်ဆီး၊ ရန်သူ့နယ်မြေအတွင်း မြေအောက်အာဏာကိုစိုက်ထူ၊ ဤသို့ဖြင့် ရန်သူ့အားရှေ့မတိုးနိုင်ဘဲ၊ နောက်ပြန်ဆုတ်ရအောင် လုပ်ရမည်။ မိမိတို့တော်လှန်ရေးအာဏာ ကျယ်ပြန့်လာအောင်လုပ်ရမည်။ နယ်မြေများကိုလည်း ကျယ်ပြန့်လာအောင်လုပ်ရမည်။ နယ်မြေများကိုလည်းတိုးချဲ့နိုင်ရမည်။ မိမိသြဇာအာဏာကို မတိုးချဲ့နိုင်လျှင် ရန်သူကတိုးချဲ့မည်မှာ မွေတာပင်ဖြစ်သည်၊

မိမိတို့ပြောက်ကျားများမှာ ပြောက်ကျားစစ်ဆင်ရေး၏ သဘောတရားကို နားလည်မှုမှာ အားနည်းနေကြသည်။ ပြောက်ကျားစစ်ဆင်ရေး၏ အနှစ်သဘောမှာ ရန်သူ့နယ်မြေအတွင်း ထိုးဖေါက်ဝင်ရောက်ပြီး မိမိနိုင်ငံရေးလုပ်ငန်းများကို လျှို့ဝှက်လုပ်ခြင်းဖြစ်သည်။ ထိုမှတဆင့် တစတစနှင့် အာဏာတိုးချဲ့ရေး နယ်မြေသိမ်းရေးဖြစ်သည်။ ထိုအချက်ကို သဘောမပေါက်ကြသည့်အတွက် လှုပ်ရှားစစ်ဆင်ရေးကိုလည်း ထိရောက်စွာအထောက်အကူ မပြုနိုင်ဟုဆိုရခြင်းဖြစ်သည်။

လှုပ်ရှားစစ်များမှာ ရန်သူချေမှုန်းရေး အဓိကဖြစ်သည်။ မိမိတပ် ၂၀၀/၃၀၀ခန့် စုစည်းထားခြင်းသည် ရန်သူကိုတိုက်ခိုက်ချေမှုန်းရန်ဖြစ်သည်။ ရန်သူတိုက်ကွက်ရှာမတွေ့သေးသောကြားကာလ တပ်များအနားပေးထားစဉ်၌ မိမိတော်လှန်ရေး၏ နိုင်ငံရေးလမ်းစဉ်ကို လေ့လာနေရမည်။ တော်လှန်ရေးသောသဘောတရားအတွေးအခေါ် တည်ဆောက်ကြရမည်။ စစ်စည်းကမ်းကောင်းအောင် လေ့ကျင့်မှုများလုပ်နေကြရမည်။

ရန်သူအားနည်း အဆက်ပြတ်နေသောစခန်းများ၊ ရန်သူ့အဆောက်အဦးများ၊ ရထားလမ်းများ၊ ကားလမ်းများ၊ တံတားများ၊ ရန်သူ့လှုပ်ရှားစစ်ကြောင်းများ၏ ပျော့ကွက်ဟာကွက်များကို အသေးစိတ်လေ့လာရမည်။ ဒေသခံပြောက်ကျားများနှင့် မိမိတို့ထောက်လှမ်းရေးတပ်များက လူထုထံမှ စုဆောင်းရယူခဲ့သောသတင်းများအား ပြန်လည်လေ့လာစီစစ်ပြီး နိုင်ပေါက်သေချာသည့်စခန်းတခုကိုရွေးရမည်။ အသေးစိတ်စစ်ဆင်ရေးအစီအစဉ်များရေးဆွဲပြီး အသင့်စုဆောင်းထားသော တပ်များဖြင့် လျှို့ဝှက်ချီတက်ကာ အမြန်တိုက်၊ အမြန်သိမ်း၊ အမြန်ဆုတ်၊ အမြန်တပ်ဖျောက်ကြရမည်။ ဤလှုပ်ရှားစစ်ဆင်ရေးနည်းမှာ အမြဲတမ်းတပ်မတော်၏ လှုပ်ရှားစစ်ဆင်ရေးနှင့် အနည်းငယ်ကွဲလွဲမှုရှိသည်။ လက်ငင်းကာလ အခြေအနေနှင့်အညီ ပြောက်ကျားစစ်ဆင်ရေးအသွင်ပါသော လှုပ်ရှားစစ်ဆင်ရေးမျိုးဖြစ်သည်။ တပ်စုခြင်း၊ တပ်ဖြန့်ခြင်း၊ တပ်ဖျောက်ခြင်း၊ တိုက်ခြင်း၊ သိမ်းခြင်း၊ ပြန်ဆုတ်ခြင်းများအားလုံး အမြန်ပြီးလုပ်ဆောင်ရေးကို အခြေခံထားသဖြင့် ပြောက်ကျားစစ်ဆင်ရေးအသွင်ပါသော လှုပ်ရှားစစ်ဟုဆိုရခြင်းဖြစ်သည်။ ခံစစ်အတွင်းမှ ထိုးစစ်အတွင်းမှ ထိုးစစ်လုပ်ခြင်းလည်းဖြစ်သည်။ ရန်သူ့အတိုက်ကိုမခံ၊ ရန်သူ့ကို တိုက်ကွက်မပေး၊ မိမိကသာ ရန်သူ့ကိုတဖက်သတ်တိုက်ခိုက်ခြင်းဖြစ်သည်။ ဤသည်မှာ သေနင်္ဂဗျူဟာခံစစ်၊ နည်းပရိယာယ်အရ ထိုးစစ်လုပ်ခြင်းဖြစ်သည်။

တိုက်ကွက်ရှာသူက တွင်တွင်ရှာကာ၊ နိုင်ပေါက်သေချာသော တိုက်ကွက်ရလျှင် အသင့်စုထားသောတပ်အင်အားဖြင့် တိုက်ရမည်။ နိုင်ပေါက်သေချာမှတိုက်၊ ရှုံးမည်ထင်လျှင် (သို့မဟုတ်) နိုင်ပေါက်မသေချာလျှင် မတိုက်နှင့်၊ အကြောင်းမှု စစ်တိုက်ခြင်းမှာ ရှုံးနိမ့်ရန်အတွက်တိုက်ခြင်းမဟုတ်၊ အနိုင်ယူချင်၍ တိုက်ခြင်းဖြစ်သောကြောင့် နိုင်မည့်တိုက်ပွဲကိုမှ ရွေး၍တိုက်ရခြင်းဖြစ်သည်။

လှုပ်ရှားစစ်ဖြစ်ခြင်းအတွက် လှုပ်ရှားမှုကို ပေါ်လွင်အောင်ဖော်ထုတ်ရခြင်းမျိုးလည်းရှိသည်။ ပုံစံအားဖြင့် မိမိပြင်ဆင်ထားသည့် တိုက်ကွက်အတွင်းသို့ ရန်သူဝင်လာအောင် မြှူဆွဲခြင်းမျိုး၊ ရန်သူ့စခန်းတခုကို ဦးတည်တိုက်ခိုက်ဟန်ဆောင်ပြီး အခြားရန်သူ့စခန်းသို့ သွားတိုက်ခြင်းမျိုး၊ ရန်သူ့စခန်းတခုကို မိမိတို့တပ်များက သိမ်းပိုက်ရေးတိုက်ပွဲဆင်နေချိန်တွင် ရန်သူ့စခန်းတခုမှ စစ်ကူများမသွားနိုင်အောင် ဆွဲဆောင်ထားခြင်းမျိုးစသည်ဖြင့် ဖြစ်သည်။ ဤကဲ့သို့စစ်ရေးအတွက် လိုအပ်သည့်အကြောင်း တစုံတရာကြောင့် ပြောင်ပြောင်တင်းတင်းလှုပ်ရှားရခြင်းမျိုးကလွဲလျှင် အဓိပ္ပါယ်မရှိဘဲ ပြောင်ပြောင်တင်းတင်းလှုပ်ရှားလေ့မရှိပါ။

မိမိတို့လှုပ်ရှားစစ်ကြောင်းများသည် ပြောင်ပြောင်တင်းတင်းပင် လှုပ်ရှားသွားလာသည်။ ကျေးရွာကြီးများတွင် စခန်းချကြသည်။ တခါတရံ တရွာနှစ်ရက်သုံးရက်ကြာသည်။ ရန်သူ့စစ်ကြောင်းများလိုက်လာပါက နေရာကောင်းယူပြီး ထိပ်တိုက်ရင်ဆိုင်ကြသည်။ ဤသည်မှာ လှုပ်ရှားစစ်နှင့် နေရာယူစစ် တွဲဖက်တိုက်နည်းဖြစ်သည်။ ရန်သူကလည်း နားလည်အကင်းပါးသည်။ နေရာကောင်းမှနေ၍ မိမိတို့ရပ်တည်တိုက်ခိုက်လျှင် ရန်သူများက အဝေးမှလှမ်းပစ်တိုက်ခိုက်သည်။ ထို့အတူပင် ရန်သူ့နေရာယူစခန်းများကို မိမိတို့လှုပ်ရှားစစ်ကြောင်းများက အဝေးမှလှမ်းပစ်ခြင်းများလည်းရှိသည်။ တခါတလေ ရန်သူမှရှောင်တိမ်းဆုတ်ခွာသွားသည်။ မိမိတို့ရှောင်တိမ်းဆုတ်ခွာပေးရသည့်အခါများလည်းရှိသည်။ တခါတရံ၌ ရန်သူကိုမိမိတို့က အလစ်အငိုက်တိုက်ခိုက်ချေမှုန်းနိုင်သည်။ ရန်သူ၏ချေမှုန်းမှုကို ခံရသည့်အခါလည်းရှိသည်။

မိမိတို့၏ နေရာယူခံစစ်စခန်းများကို ရန်သူကထိုးစစ်ဆင်တိုက်ခိုက်နေချိန်တွင် ၎င်းတို့အရံတပ်များ လုံလောက်စွာချထားသည်။ မိမိတို့၏လှုပ်ရှားစစ်ကြောင်းများအနေဖြင့် အားကြီးအောင်စုစည်းပြီး ရန်သူ့ထိုးစစ်ကို ကာကွယ်နေသည့်အရံတပ်များအား တိုက်ခိုက်ချေမှုန်းကာ မိမိတို့၏ နေရာယူခံစစ်စခန်းကို ဖိတိုက်နေကြသည့် ရန်သူများအား အတွင်းအပြင် နှစ်ဖက်ညှပ်ပိတ်လျက် တိုက်ခိုက်ချေမှုန်းပစ်နိုင်မည်ဆိုလျှင် မိမိတို့နေရာယူခံစစ်စခန်းများ တခုပြီးတခု ကျဆုံးသွားနိုင်စရာအကြောင်းမရှိပေ။ ယခုမူ မိမိတို့နေရာယူခံစစ်စခန်းများမှာ တခုပြီးတခု ရန်သူ့လက်တွင်းကျဆုံးသွားရသည်။ ဤသို့ကျဆုံးသွားခြင်းမှာ မိမိတို့အပြင်စည်း လှုပ်ရှားစစ်ကြောင်းများအနေဖြင့် ရန်သူ၏ထိုးစစ်အရံတပ်များကို မချေမှုန်းနိုင်ခြင်း၊ ရန်သူ့ဆက်သွယ်ရေးလမ်းကြောင်းများကို မဖြတ်နိုင်ခြင်း၊ ရိက္ခာလမ်းကြောင်းများကို ပြတ်အောင်မဖြတ်နိုင်ခြင်းတို့ကြောင့်ဖြစ်သည်ဟု သတ္တုချရမည်ဖြစ်သည်။ ဤအချက်မှာ မိမိတို့အပြင်စည်းလှုပ်ရှားတပ်

များက ရန်သူ့အရံတပ်များအား အပြည့်အဝ မကာကွယ်နိုင်သေးသည့်အခြေအနေတွင် နေရာယူစစ်ဆင်ရေး မလုပ်သင့်သေးကြောင်းကိုထင်ရှားစေသည်၊

နဝတ စစ်အစိုးရက ကေအဲန်ယူ၏ နေရာယူတပ်စွဲစခန်းများကို တခုပြီးတခု တိုက်ခိုက်သိမ်းပိုက်လာချိန်တွင် မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးရိုးမတိုင်းတို့၏ အထောက်အကူပြုမှုကို လုံးဝမရနိုင်တော့သည့် အခြေအနေဖြစ်နေခြင်းတို့ကြောင့် ယင်းတိုင်းများဆုံးရှုံးသွားခဲ့ခြင်းဖြင့် ကရင့်တော်လှန်ရေးတခုလုံးအား နစ်နာဆုံးရှုံးစေကြောင်း ပေါ်လွင်စေလေသည်။

## အကျအဆုံးများစွာဖြင့် ရန်သူ့ထိုးစစ်ရုတ်သိမ်းရခြင်း။

မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမတို့က အထောက်အကူမပြုနိုင်တော့သော်လည်း တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများဖြစ်သော ကချင်၊ ကရင်နီ၊ ကယား၊ ပအိုဝ်၊ ရှမ်း၊ ပလောင်၊ လားဟူ မွန်နှင့် ဗကပ တော်လှန်ရေးများရှိနေသေးသည့်အတွက် ကရင့်တော်လှန်ရေးမှာ အထောက်အကူပြုအင်အားများ ရှိနေဆဲပင်ဖြစ်သည်။ တချိန်တည်းမှာပင် နဝတစစ်အစိုးရသည်လည်း နိုင်ငံရေးစစ်ရေးအရ မဖြေရှင်းနိုင်သော အကြပ်အတည်းများရှိနေသည်။

ထို့ကြောင့် ကရင့်တော်လှန်ရေးအတွင်း နေရာယူတပ်စွဲစခန်းများကို တဆက်တည်း တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်းမပြုနိုင်တော့ဘဲ ကျန်တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းများဘက်သို့ ပြန်လှည့်ပြီး ထိုးစစ်ဆင်ပြန်သည်။ ဤကဲ့သို့တိုက်ခိုက်နေစဉ်အတွင်း ဗကပ အဖွဲ့အစည်းမှ "ဝ" လူမျိုးစုများကပုန်ကန်ကြပြီး နဝတနှင့်အချို့ပူးပေါင်းလာသဖြင့် နဝတအဖို့ အသက်ရှူပေါက်တခုရရှိသွားခဲ့သည်။ ဤကဲ့သို့သော အခြေအနေ၌ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ကေအဲန်ယူဗဟိုစခန်း မာနယ်ပလောတွင် မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (မဒမခ)ကို ဖွဲ့စည်းလိုက်နိုင်ကြသဖြင့် နဝတ၏ အကြပ်အတည်းမှာ ထွက်ပေါက်ပိတ်သွားရပြန်သည်။

ကေအဲန်ယူဌာနချုပ် မာနယ်ပလောတွင် မဒမခ ကို ဖွဲ့စည်းလိုက်သောကြောင့် မာနယ်ပလောသည် ဗမာပြည်တပြည်လုံး၏ တော်လှန်ရေးဗဟိုချက်မ ဖြစ်လာရသည်။ တဆက်တည်းမှာပင် နဝတ အနေဖြင့် ၎င်းတို့၏နိုင်ငံရေး၊ စစ်ရေးထွက်ပေါက်ရရှိရန်အတွက် အဓိကကျသော တိုက်ကွင်းတိုက်ကွက်ဖြစ်လာရသည်။ ထို့ကြောင့် နဝတသည် တပ်အင်အားအလုံးအရင်းဖြင့် တော်လှန်ရေးအဖွဲ့အစည်းများ စုစည်းရာ မာနယ်ပလောကို ၁၉၉၁–၉၂ခုနှစ်၌ ပြင်းထန်သော ထိုးစစ်ကြီးတရပ် ဆင်လာခဲ့သည်။ မာနယ်ပလောထိုးစစ်၌ နဝတ တပ်များမှာ အလွန်အထိနာသည်။ အတင်းတက် အတင်းတိုက်အမိန့်အောက်တွင် နဝတတပ်များ မရှုမလှသေကြေပျက်စီးကြရသည်။ ထို့ကြောင့် အောက်ခြေကအထက် အမိန့်ကိုမနာခံဘဲ အာခံလာကြသည်ကတစကြောင်း၊ ပေါ်တာများကို အတင်းတက်ခိုင်း၊ မိုင်းရှင်းကိရိယာယ်အဖြစ်အသုံးပြု၊ အတင်းတက်ခိုင်း၍ မရသောပေါ်တာများကို သတ်ပစ်၊ အမျိုးသမီးပေါ်တာများကို မုဒိန်းကျင့် စသည့်လူ့အခွင့်

အရေးချိုးပေါက်မှုများ ပြုကျင့်သောကြောင့် နိုင်ငံတကာကလည်း နိုင်ငံရေးအရ ဖိအားပေးလာကြသဖြင့် နဝတသည် မာနယ်ပလောတိုးစစ်တွင် စစ်ရေးအရရော နိုင်ငံရေးအရပါ အထိနာသွားပြီး အကြပ်အတည်းမှ ထွက်ပေါက်မရအောင်ဖြစ်သွားရသည်။ အထိနာသွားသောကြောင့် ၎င်းထိုးစစ်ကို ပြန်ဆုတ်ရသည်။ နိုင်ငံရေး၊ စစ်ရေးနှစ်လုံးတွင် အဖတ်ဆယ်နိုင်ရေးရည်မှန်းချက်ဖြင့် အမျိုးသားချင်းပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားသွေးစည်းချစ်ကြည်ရေးကို ရှေ့ရှုလျက် ကရင်ပြည်နယ်အတွင်း ထိုးစစ်ကို တဘက်သတ်ရပ်ဆိုင်းလိုက်ကြောင်း ဗိုလ်ချုပ်မောင်လှက ထုတ်ပြန်ကြေငြာလာသည်။

## (ခ)ရန်သူ့အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးထိုးစစ်နှင့် မိမိတပ်ပေါင်းစုအခြေအနေ။

နဝတ၏ ထုတ်ပြန်ကြေငြာချက်နှင့် ပတ်သက်ပြီး မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (မဒမခ)အတွင်း မတူညီသည့် သဘောထားများဖြစ်ပေါ်လာသည်။ နဝတ နှင့်တွေ့ဆုံဆွေးနွေးလိုသူများ၊ တွေ့ဆုံဆွေးနွေးရေးမလုပ်လိုသူများ၊ နိုင်ငံခြားတွင် တွေ့ဆုံဆွေးနွေးလိုသူများ၊ နဝတနှင့် တွေ့ဆုံဆွေးနွေးလျှင် မဒမခ(ဒီအောဘီ)အနေဖြင့်သာ တွေ့ဆုံဆွေးနွေးလိုသူများ စသည်ဖြင့် သဘောထားအမျိုးမျိုးဖြစ်ပေါ်လာသည်။

နဝတ က ပြည်တွင်း၌ပင် ဆွေးနွေးမည်။ တဖွဲ့ချင်းသာဆွေးနွေးမည်။ ဒီအောဘီနှင့် မဆွေးနွေးနိုင်ကြောင်း ထုတ်ပြန်ကြေငြာသည်။ နဝတနှင့်တွေ့ ဆုံဆွေးနွေးမည်ဆိုလျှင် ဒီအောဘီနှင့်တွေ့ဆုံဆွေးနွေးခြင်းသာ [illegible]းဝင်ဖြစ်သည်။ တဖွဲ့ချင်းသွားရောက်ဆွေးနွေးလျှင် တရားမဝင်ဟု ဒီအောဘီကဆုံးဖြတ်ချက်တခုချခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတချို့က ဒီအောဘီ၏ဆုံးဖြတ်ချက်ကို လက်မခံနိုင်ကြောင်းနှင့် မိမိတို့ တိုင်းရင်းသားအဖွဲ့ အစည်းများမှာ လွတ်လပ်သောအဖွဲ့ အစည်းများဖြစ်သည်ဟု အကြောင်းပြကာတဖွဲ့ချင်းအနေဖြင့်၊ သွားရောက်တွေ့ဆုံဆွေးနွေးကြသည်။ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို စွန့်လွှတ်ရန်၊ လောလောဆယ် အပစ်ခတ်ရပ်စဲထားရန်၊ လက်နက်များကိုမူ ဆက်လက်ကိုင်စွဲထားကြရန် သင့်တော်သည့်အချိန်၌လက်နက်များကိုအပ်နှံရန်၊ လောလောဆယ်တွင်နိုင်ငံရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေးများမလုပ်ရန်စသည်တို့ကို လက်ခံကြပြီး၊ အပစ်အခတ်ရပ်စဲလိုက်ကြသည်။ ယင်းမှာ လက်နက်ချအညံ့ခံအရှုံးပေးရေးသာဖြစ်သည့်အတွက် ကေအဲန်ယူသည်တွေ့ဆုံဆွေးနွေးရေးမလုပ်ခဲ့ပေ။ ထာဝစဉ်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံရေးနည်းဖြင့်သာတန်းတူညှိနှိုင်းဆွေးနွေးအဖြေရှာရမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ နဝတက လျှို့ဝှက်ဆွေးနွေးမှုများလုပ်ရန် နိုင်ငံရေး၊ ဘာသာရေးအရ လေးစားယုံကြည်လောက်သောပုဂ္ဂိုလ်များအား ကြားဝင်စေ့စပ်ပေးသူများအဖြစ် ကေအဲန်ယူသို့ အကြိမ်ကြိမ်အခါခါစေလွှတ်ခဲ့သည်။

နဝတသည် မာနယ်ပလောအား ကောင်းစွာအထောက်အကူပြုပေးနိုင်သော တပ်မဟာ

(၆)နယ်မြေ ဖလူးအခြေစိုက်စခန်းကို ၁၉၉၀ခုနှစ်ကပင် တိုက်ခိုက်သိမ်းပိုက်လိုက်နိုင်ပြီးဖြစ်သည်။ တဆက်တည်းမှာပင် သေ့ဘောဘိုး၊ ဝေါလေနှင့် တပ်မဟာ(၆)အခြေခံဒေသများသို့ ထိုးစစ်ဆင်ခဲ့သည်။ တပ်မဟာ(၄)နယ်မြေ အခြေစိုက်စခန်းအချို့သို့လည်း ထိုးစစ်ဆင်လျက်ရှိရာ နဝတ အနေဖြင့် ကေအဲန်ယူ၏ အဓိက အခြေစိုက်စခန်းကြီးဖြစ်သော မာနယ်ပလောကို တိုက်ခိုက်ရယူနိုင်ရေး ကြိုးပမ်းဆို့သာကျန်ရှိတော့သည်။ ဤအခြေအနေတွင် နဝတသည် နိုင်ငံရေး၊ စစ်ရေးအရ အခွင့်ကောင်းတခုကို ရရှိသွားခဲ့သည်။ နှစ်နှင့်ချီ၍ ၎င်းတို့လျို့ဝှက်စီစဉ်ခဲ့သော ဘာသာရေးအရ သပ်လျှိုသွေးခွဲမှု၏ ရလာဒ်မှာ အကောင်အထည်ပေါ်လာသည်။ အဖွဲ့အစည်းအတွင်း ထက်အောက်မညီမျှမှု ပြဿနာအချို့ကြောင့်လည်းကောင်း၊ ဘာသာရေးအရ အဖိနှိပ်ခံရသည်ဟု နားလည်မှုလွဲမှားခြင်းကြောင့်လည်းကောင်း၊ မာနယ်ပလောနယ်မြေကို ကာကွယ်နေကြသည့် တပ်မှူးတပ်သားအချို့မှာ ကေအဲန်ယူကို ဆန့်ကျင်ခွဲထွက်ခဲ့ကြပြီး နဝတ နှင့်ပူးပေါင်းသွားခဲ့သည်။ အတွင်းလူများ သစ္စာဖေါက်သွားသောကြောင့် ကေအဲန်ယူစွန့်ခွါခဲ့သော မာနယ်ပလောနယ်မြေကို နဝတ သည် အလွယ်အကူသိမ်းပိုက်နိုင်ခဲ့သည်။ တဆက်တည်းမှာပင် ဝမ်းခါ တပ်ခွဲအခြေစိုက်စခန်းကိုလည်း အကြိမ်ကြိမ်တိုက်ခိုက်ကာ သိမ်းပိုက်နိုင်ခဲ့ကြသည်။

(ဂ) ကေအဲန်ယူ (၁၁)ကြိမ်မြောက် ညီလာခံကျင်းပခြင်းနှင့် တိုင်းရင်းသား လူမျိုးများ နီးနှောဖလှယ်ပွဲကျင်းပခြင်း။

ကေအဲန်ယူဗဟိုသည် မာနယ်ပလောအခြေစိုက်စခန်းစွန့်ခွါပြီး နောက်အူးပလာယာခရိုင်၊ အမှတ်(၆)တပ်မဟာနယ်မြေတွင် အခြေစိုက်ခဲ့သည်။ ကနဲလေးစခန်းတွင် အရေးပေါ်ဗဟိုကော်မတီအစည်းအဝေးကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် တော်လှန်ရေးကာလအတွင်း အမှားအယွင်းများကို ပြန်လည်သုံးသပ်ကြသည်။ သုံးသပ်တွေ့ရှိသောအမှားအယွင်းများမှာ ဗဟိုခေါင်းဆောင်များသာ တာဝန်ရှိကြောင်း၊ အစည်းအဝေးမှ မှတ်တမ်းတင်သည်။ (၁၁)ကြိမ်မြောက် ကေအဲန်ယူညီလာခံကို မယ်သရောထာတွင် ကျင်းပဖြစ်သည်။ ကရင့်တော်လှန်ရေး၏ နိုင်ငံရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးများ ဆွေးနွေးကြပြီး လိုအပ်သလို ပြန်လည်ပြင်ဆင်ကြသည်။ တော်လှန်ရေးအတွေးအခေါ်တည်ဆောက်ရေး၊ ကေအဲန်ယူအစည်းအရုံးအား တော်လှန်ရေးကို ခေါင်းဆောင်နိုင်စွမ်းရှိသောခေါင်းဆောင်များဖြင့် သိပ်သည်းကျစ်လစ်အောင် ပြန်လည်ဖွဲ့စည်းရေး၊ ကရင့်အမျိုးသားတပ်မတော်ကို တော်လှန်သောတပ်မတော်ဖြစ်အောင် တည်ဆောက်ရေးများ ဆုံးဖြတ်အတည်ပြုကြသည်။

ကေအဲန်ယူ (၁၁)ကြိမ်မြောက်ညီလာခံ (၁၉၉၅ခုနှစ်၊ ဇူလိုင်/ဩဂုတ်)အပြီး အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံနီးနှောဖလှယ်ပွဲ (၁၉၉၇ခုနှစ်၊ ဇန်နဝါရီလ)ကို မယ်သရောထာမှာပင် ကျင်းပခဲ့သည်။ ယင်းတိုင်းရင်းသားလူမျိုးပေါင်းစုံ နီးနှောဖလှယ်ပွဲတွင် အရေးကြီးသောနိုင်ငံရေး၊ စည်းရုံးရေး

ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ကြသည်။ ယင်းဆုံးဖြတ်ချက်များကို ပြည်တွင်းပြည်ပ ဒီမိုကရေစီ အင်အားစုများ လူမှုရေးအဖွဲ့အစည်းများ စာနာထောက်ထားတတ်ကြသော နိုင်ငံတကာအစိုးရများက ကြိုဆိုထောက်ခံကြသည်။

## (ဃ) ကေအဲန်ယူ ဗဟိုဌာနချုပ်နယ်မြေသစ်ကို ထိုးစစ်ကြီးဆင်လာခြင်း။

ကေအဲန်ယူ (၁၁)ကြိမ်မြောက် ညီလာခံပြီးသည့် နောက်ပိုင်းတွင် နဝတ နှင့်တွေ့ဆုံဆွေးနွေးရေး ကြားဝင်ဆောက်ရွက်ပေးသော ခွန်မြ၊ ထွန်းအောင်ချိန်၊ အေစိုးမြင့် စသူတို့၏ ကြိုးပမ်းမှုမှာ အောင်မြင်သွားခဲ့သည်။ ကေအဲန်ယူနှင့် နဝတတို့ တွေ့ဆုံဆွေးနွေးဖြစ်ကြ၏။ (၃)ကြိမ်မြောက်ဆွေးနွေးခဲ့ပြီး နောက်တွင် မယ်သရောထာ၌ တိုင်းရင်းသားလူမျိုးပေါင်းစုံနှီးနှောဖလှယ်ပွဲကို (မဒတ)က ကမကထ ပြုလုပ်ကျင်းပခဲ့သည်။ ယင်းနှီးနှောဖလှယ်ပွဲ၏ ဆုံးဖြတ်ချက်များအား ပြည်တွင်းပြည်ပဒီမိုကရေစီ အဖွဲ့အစည်းများသာမက နိုင်ငံတကာကပါ ထောက်ခံလာကြသောကြောင့် လက်နက်ချရေးနည်းလမ်းကိုသာ တွင်တွင်ပြောခဲ့သော နဝတ စစ်အစိုးရမှာ နိုင်ငံရေးအရ အလွန်ပင်အထိနာသွားရသည်။ ထို့ကြောင့် ကေအဲန်ယူနှင့် ဆက်လက်တွေ့ဆုံဆွေးနွေးရေးကို တဖက်သတ်ဖျက်လိုက်ပြီး အသင့်ပြင်ထားသော တပ်များကို အမြန်စုစည်းကာ ဖေဖော်ဝါရီလဦးပိုင်းတွင်ပင် ထိုးစစ်ကြီးတရပ်ဆင်နွှဲတိုက်ခိုက်လာသည်။ ဒူးပလာယာခရိုင် အမှတ်(၆) တပ်မဟာကို အဓိကပစ်မှတ်အဖြစ် သတ်မှတ်လိုက်ပြီး တချိန်တည်းမှာပင် ကျန်ခရိုင်ဒေသများသို့လည်း ထိုးနက်တိုက်ခိုက်သည်။ အရှေ့တောင်တိုင်းဒေသတပ်များအပါအဝင် တပ်မပေါင်း (၁၄)ခုနှင့် တပ်အင်အား(၅၀၀၀၀)ကျော်ခန့် ပါဝင်သည်။ ဒူးပလာယာခရိုင်အမှတ်(၆) တပ်မဟာနယ်မြေတွင် တပ်မ(၇)မနှင့် ဒေသခံတပ်များအပါအဝင် အင်အား(၂၀၀၀၀)ကျော်ဖြင့် စစ်ကြောင်း ၄-၅ကြောင်းထိုးစစ်ဆင်လာသည်။ အမှတ်(၆)တပ်မဟာရုံးစခန်းနှင့် ဒူးပလာယာ ခရိုင်ရုံးစခန်းအပါအဝင် တောင်ခြေတလျှောက် အချက်အခြာကျသည့်နေရာများကို အင်အားအလုံးအရင်းဖြင့် တပ်စွဲလိုက်ပြီး မိမိတို့ကေအဲန်ယူတပ်များအား ချေမှုန်းပစ်ရန် လှုပ်ရှားစစ်ကြောင်းများဖြင့် အကွက်မလပ် တောနင်းရှာဖွေတိုက်ခိုက်သည်။

ရန်သူ့ထိုးစစ်အစပိုင်းတွင် မိမိတို့ပြောက်ကျားတပ်များက အဆက်မပြတ်တိုက်ခိုက်နိုင်ခဲ့ကြသည်။ ပုံစံအားဖြင့် ခရိုင်အခြေခံဒေသအတွင်းသို့ ဝင်ရောက်လာသော စစ်ကြောင်းကို ဖိုးချီမှုရွာမှ မယ်သရောထာအထိ လမ်းတွင်ပြောက်ကျားတိုက်ပွဲ ၄-၅ပွဲ တိုက်နိုင်ခဲ့သည်။ အခြားနေရာများတွင်လည်း တိုက်ကြသည်။ ရန်သူ့ထိုးစစ်ဝင်လာပြီးနောက် (၆)ရက်ခန့်အကြားတွင် ပြောက်ကျားတိုက်ပွဲပေါင်း (၇၀)ကျော်ဖြစ်ခဲ့သည်ဟု ရန်သူများကထုတ်ပြန်ကြေငြာသည်။

ဤသို့ကြီးမားသောအင်အားဖြင့် ရန်သူများက မိမိတို့ခရိုင်တပ်မဟာ ဒေသအတွင်းပိုင်းကို ရှင်းလင်းတိုက်ခိုက်နေချိန်တွင် မိမိတို့တပ်မဟာမှ တပ်ရင်း(၁၆) တပ်ရင်းမှူး သူမုဟဲသည် ကရင့်အမျိုးသားများနှင့် အဖိနှိပ်ခံပြည်သူများကို သစ္စာဖောက်ပြီး ရန်သူထံလက်နက်ချသွားခဲ့ရာ

အရေးကြီးသည့် ကြေးနန်းဆက်သွယ်ရေးရာမှုများလည်း သစ္စာဖေါက်သူပုန်ဟဲနှင့်အတူ ပါသွားသောကြောင့် ခရိုင်၊ မြို့နယ်၊ တပ်မဟာတို့နှင့် မိမိတို့အောက်ခြေတပ်များ ယာယီအဆက်အသွယ်ပြတ်သွားရသည်။ ဤသို့အဆက်အသွယ်ပြတ်သွားသည့်ကာလတွင် ကျုံ့ဒိုးမြို့နယ် ဥက္ကဋ္ဌ စောသာနှင့် စစ်ကြောင်းမှူးဗိုလ်မှူးဖါးခတို့သည် သစ္စာဖေါက်၍ ရန်သူ့လက်ကိုင်ဒုတ် မြိုင်ကြီးငူဆရာတော်နှင့် ဆက်သွယ်ပြီး အပစ်အခတ်ရပ်ဆိုင်းလိုက်ပြန်သောကြောင့် မိမိတို့ပြောက်ကျားတပ်ဖွဲ့များမှာ အထက်အောက်အဆက်အသွယ်မရခင် စပ်ကြားပြောက်ကျားတိုက်ခိုက်မှုများ အရှိန်ပျော့သွားရခြင်းဖြစ်သည်။

သစ္စာဖေါက် သူပုန်ဟဲ၏ ခြိမ်းခြောက်၊ လှည့်ဖြားခေါ်သွားခြင်းခံရသော ကော့ကရိတ်မြို့နယ် ဥက္ကဋ္ဌပဒိုဖေါဒေးအပါအဝင် ဗိုလ်ကြီးကြည်ဝင်း၊ ဗိုလ်ကြီးသာဂေ၊ တပ်ရင်း(၁၆)ရုံးထိုင်မှူး ဗိုလ်ကြီးအက်ဒွပ်တို့သည် သူပုန်ဟဲမှာ လက်နက်ချအညံ့ခံအရှုံးပေးပြီး မိမိလူမျိုးနှင့် မိမိတော်လှန်ရေးကို သစ္စာဖေါက်သူမှန်းသိလာကြသဖြင့် မိခင်ကေအဲန်ယူဘက်သို့ ပြန်လာကြပြီးဖြစ်သည်။ ဗိုလ်ကြီးကြည်လင်းတပ်များနှင့် အမှတ်(၆)တပ်မဟာ တပ်တို့မှာ ပြန်လည်ပူးပေါင်းဖွဲ့စည်းလိုက်ပြီးဖြစ်သည်။

ဤသို့ အမှတ်(၆)တပ်မဟာတပ်များ နဝတကို ပြန်တိုက်နေကြပြီးဖြစ်၍ အမှတ် ၁–၂–၃–၄–၅–၇ တပ်မဟာနယ်မြေဒေသများသည်လည်း တစထက်တစ တိုက်ပွဲအရှိန်အဟုန်မြင့်တက်လာနေကြပြီဖြစ်သည်။ ကရင့်တော်လှန်ရေး တောတွင်းတနေရာမှနေ၍ ကေအဲန်ယူ ဥက္ကဋ္ဌကြီးဗိုလ်ချုပ်ကြီးမြနှင့် ဗိုလ်ချုပ်ကြီးတာမလာဘောတို့သည် ပြောက်ကျားစစ်ရေး တိုက်ခိုက်မှုကို ဦးစီးညွှန်ကြားနေကြပြီးဖြစ်သည်။

အရင်းရှင်စစ်သဘောတရားကိုသာ လေ့လာသိရှိခံယူထားသူတို့သည် အဆမတန် အင်အားကြီးမားသော နဝတ ထိုးစစ်ကိုအကြောင်းပြု၍ ကေအဲန်ယူနှင့် ကေအဲန်ပီပီတို့မှာ မကြာခင်ပြုတ်သွားတော့မည်ဟုယူဆသည်။ ဤယူဆချက်မှာ မှားယွင်းကြောင်း (၄၈)နှစ်ကျော်ရှည်ကြာခဲ့သည့် ကရင့်တော်လှန်ရေးစစ်ပွဲက အခိုင်အမာသက်သေပြနေပေသည်။

စစ်ဒေသတခု သို့မဟုတ် စစ်ပွဲကြီးတပွဲ အနိုင်တိုက်လိုက်နိုင်သောကြောင့် အားလုံးကိုနိုင်သည့် သေနင်္ဂဗျူဟာ ဗဟိုချက်မမျိုး ပြောက်ကျားစစ်ဆင်ရေးကာလတွင် မရှိနိုင်ပါ။ ရှိလည်းမရှိခဲ့ပါ။ ဒေသတခု၌ စစ်အင်အားအလုံးအရင်းဖြင့် ဝင်ရောက်ထိုးစစ်ဆင်နေလျှင် အခြားဒေသများတွင် ပြောက်ကျားစစ်ပွဲများဖြစ်နေဦးမည်ပင်ဖြစ်သည်။ ဒေသတခုအတွင်းမှာပင် ထိုဒေသအား အပိုင်သိမ်းလိုက်နိုင်ပြီဟုခံယူပြီး အင်အားအမြောက်အများဖြင့် တပ်စွဲနေရာယူထားလျှင်လည်း ပြောက်ကျားစစ်ပွဲများမှာ တစတစဖြစ်ပေါ်လာဦးမည်ပင်။ ထို့ကြောင့် စစ်ဒေသတခုသို့မဟုတ် တိုက်ပွဲကြီးတပွဲ အနိုင်ရရုံမျှဖြင့် စစ်တပွဲလုံးအနိုင်ရမြဲဟုမဆိုနိုင်။

ပုံစံအားဖြင့် မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးရိုးမတိုင်းတို့ကို အနိုင်ရလိုက်ကာမျှဖြင့် ကရင့်တော်လှန်ရေးတခုလုံးကို နိုင်ပြီဟုမဆိုနိုင်၊ မြစ်ဝကျွန်းပေါ်တိုင်းနှင့် ပဲခူးရိုးမတိုင်းတို့ကို အနိုင်ရရှိ

သည့်အတွက် ကေအဲန်ယူအရှေ့တိုင်းကို မှချနိုင်ရမည်ဟုဆို၍လည်းမဖြစ်ပါ။ အဘယ်ကြောင့်ဆိုသော် မြစ်ဝကျွန်းပေါ်တိုင်း ပဲခူးရိုးမတိုင်းတို့နှင့် ကေအဲန်ယူအရှေ့တိုင်းတို့မှာ မတူသည့်အခြေခံတရားများရှိနေခြင်းကြောင့်ဖြစ်သည်။

မြစ်ဝကျွန်းပေါ်တွင် တောတောင်လည်းမရှိ၊ အိမ်နီးချင်းတိုင်းပြည်များလည်းမရှိ၊ လူထုကြီးကိုရန်သူက ချုပ်ကိုင်ထားနိုင်သည့် အခြေအနေရှိသည်။ လူထုနှင့်တော်လှန်ရေး အဆက်ပြတ်အောင်လုပ်နိုင်သည်။ ပဲခူးရိုးမတိုင်းတွင်လည်း နယ်စပ်ဒေသမရှိပါ။ တောတောင်တော့ရှိသည်။ သို့သော်တောင်ပေါ်ကရင်လူဦးရေးမှာ အလွန်နည်းသည်။ ယင်းလူထုများကို ကွင်းဒေသသို့မောင်းချလိုက်သည်။ ကွင်းဒေသမှလူထုများကိုလည်း တောင်ပေါ်သို့လုံးဝတက်ခွင့်မပေး။ တောတွင်းမှာတွေ့သည့်လူများအားလုံးကို ပစ်သတ်သည်။ ဤသို့ဖြင့် တော်လှန်ရေးရဲဘော်များမှာ လူထုနှင့်အဆက်ပြတ်ကာ ရှုံးပွဲကိုတွေ့ကြုံရင်ဆိုင်ခဲ့ကြရသည်။ လူထုနှင့်အဆက်ပြတ်သောတော်လှန်ရေးများမှာ အရှုံးနှင့်တွေ့ကြုံရမည်မှာ အသေအချာပင်ဖြစ်သည်။

ကေအဲန်ယူ အရှေ့တိုင်း၏ အခြေအနေမှာ တောင်တန်းကြီးများလည်း မြင့်မားကျယ်ပြန့်သည်။ မြေပြန့်တောများလည်း အလွန်ကျယ်ဝန်းသည်။ တောင်ပေါ်မြေပြန့် လူထုကျေးရွာများ အများအပြားရှိသည်။ လူထုအတွင်းမှာလည်း ကရင်အမျိုးသားမှာ အများစုဖြစ်သည်။ ထိုင်းနိုင်ငံနှင့်လည်း မိုင်(၁၀၀၀)ခန့် နယ်နမိတ်ချင်းဆက်စပ်နေသည်။ လူထုကိုအဆက်မပြတ်စည်းရုံးသိမ်းသွင်းနိုင်သည့် အခြေအနေကောင်းများ အပြည့်ရှိသည်။ အကယ်၍ မိမိတို့ ကေအဲန်ယူခေါင်းဆောင်များအနေဖြင့် အလွန်ညံ့နေစေကာမူ လူထုကြီးမှာ ရန်သူကအကြပ်ကိုင်လာလျှင် နိုင်ငံခြားသို့ထွက်ပြေးနိုင်သည်။ ဒုက္ခသည်စခန်းကလည်း အဆင်သင့်ရှိသည်။ လက်နက်ခဲယမ်းများလည်း ငွေရှိလျှင်ဝယ်၍ရနိုင်သည်။ ဤအချက်များကြောင့် လူထုကိုစည်းရုံးထားနိုင်သည်။ လူထုကိုမှန်ကန်စွာစည်းရုံးထားနိုင်လျှင် ပြောက်ကျားစစ်အဆက်မပြတ်တိုက်နိုင်သည်။ ပြောက်ကျားစစ်ကို အဆက်မပြတ်တိုက်နိုင်ပါက မိမိတို့ကေအဲန်ယူမပြုတ်ဘဲ၊ ရန်သူသာပြုတ်ရမည်ဖြစ်သည်။

□□□□

## စခန်း (၄)
## ကျယ်ပြန့်သည့် တပ်ပေါင်းစုဖွဲ့စည်းနိုင်ရေးကြိုးပမ်းချက်များ၊

(က) လက်နက်ကိုင်တော်လှန်ရေးကာလအတွင်း တပ်ပေါင်းစု၏အရေးကြီးမှု။

၁။ လက်နက်ကိုင်တော်လှန်ရေးအတွက် မရှိမဖြစ် အဓိကလက်နက်ကြီး (၃)ရပ်လိုအပ်သည်။ ပြဒါးရှင် (၃)လုံးဟုလည်းခေါ်သည်။

(၁) ရှေ့ဆောင်ပါတီအဖွဲ့အစည်း တော်လှန်ရေးကိုမှန်ကန်စွာ ရှေ့ဆောင်ရန် ရှေ့ဆောင်တပ်ဦးဖြစ်သည်။

(၂) တပ်မတော် ရန်သူကိုတိုက်ခိုက်သုတ်သင်ချေမှုန်းရန်။

(၃) တပ်ပေါင်းစု အာဏာသိမ်းရန် စိုက်ထူရန်။

တော်လှန်ရေးသည် အာဏာပြဿနာဖြစ်သည်။ အာဏာမဲ့များက အာဏာရှင်များကို ဆန့်ကျင်တော်လှန်တိုက်ခိုက်သည်။ တပ်ပေါင်းစုအာဏာက ဖေါက်ပြန်သောအာဏာကို ဖြိုချပြီး တော်လှန်ရေးအာဏာကိုခိုင်မြဲစွာ တည်ဆောက်ရန် (ဝါ) အာဏာသိမ်းရန်ဖြစ်သည်။

၂။ ရန်သူသည်လည်း ဖေါက်ပြန်သောတပ်ပေါင်းစုနှင့် အာဏာတည်ဆောက်ထိန်းသိမ်းထားသဖြင့် မိမိမှ တော်လှန်သည့်တပ်ပေါင်းစုဖြင့် အာဏာသိမ်းရမည်ဖြစ်သည်။

တိကျစွာအားဖြင့် ရန်သူမှ တပ်ပေါင်းစုနာမည်ဖြင့် အာဏာသိမ်းထားမည်မဟုတ်သော်လည်း ဖေါက်ပြန်တဲ့အင်အားစုများ (အမျိုးသားနှင့်လူတန်းစားများ)ကို စည်းရုံးစုစည်းထားပြီး တိုင်းပြည်အာဏာကို ချုပ်ကိုင်ထားသည်။ တော်လှန်ရေးအင်အားစုများကမှု ကျယ်ပြန့်ကြီးမားခိုင်ခန့်သည့်တပ်ပေါင်းစုဖြင့် အာဏာကိုသိမ်းပိုက်နိုင်မည်ဖြစ်သည်။

၃။ ယခင်အတွေ့အကြုံများအရ တပါတီ တဖွဲ့တစည်းနှင့် ရန်သူကိုမချေမှုန်းနိုင် (အပြုတ်ချေမှုန်းရေး) အာဏာခိုင်မြဲစွာ မစိုက်ထူမတည်ဆောက်နိုင်။

တပ်ပေါင်းစုနှင့်သာ အာဏာသိမ်းနိုင်မည်ဖြစ်သည်။

ဥပမာ – ကရင့်တော်လှန်ရေး (၃)လနဲ့ ရန်သူကိုအပြုတ်တိုက်ဘို့၊
ဗကပ (၂) နှစ်အတွင်း စစ်နိုင်ရေးလမ်းစဉ်ချမှတ်ခဲ့သည်။
စသည်များသည် နောက်ဆုံးတွင် အောင်မြင်မှုမရခဲ့ချေ။

<u>စောဘဦးကြီး၏ ကြိုးပမ်းချက်များ။</u>

(၁) ကရင်တမျိုးသားလုံးကို ခိုင်မြဲစွာစုစည်းထားခဲ့သည်၊ တနည်းအားဖြင့် ကရင်အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုအတွက်ကြိုးစားခဲ့ပြီး အောင်မြင်မှုရရှိခဲ့သည်။

၁။ ကရင့်မျိုးနွယ်စုအားလုံးကို နိုင်မြဲစွာစုစည်းထားခဲ့သည်။ စကော၊ ပိုး၊ ပကူး၊ ပအိုဝ့်၊ ပဒေါင်၊ စသည်ဖြင့် ကရင့်မျိုးနွယ်စုအားလုံးကို စုစည်းခဲ့သည်။

၂။ ဘာသာရေးအရလည်း စုစည်းနိုင်ခဲ့သည်။

(က) ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာများ၊

(ခ ) ခရစ်ယာန်အချင်းချင်း၊ အထူးသဖြင့်ပရိုတက်စတင့်၊ ကက်သလစ်၊ နှစ်ချင်းနှင့် အခြား ပရိုက်တက်စတင့်များ။

(ဂ ) ကရင်အဖွဲ့အစည်းများအားလုံးကို ကေအဲန်ယူအဖြစ်စုစည်းခဲ့သည်။

– ကေအဲန်အေ (ဒေါကလု) ၁၉၈၁ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။

– ဘီကေအဲန်အေ (ဦးပဏ္ဍာဝံသနှင့် စောမြသိန်းတို့မှ ခေါင်းဆောင်) ၁၉၃၇ခုနှစ်၊ ၃၈ခုနှစ်လောက်တွင် ကေစီအိုလူငယ်ဌာနအဖြစ် စတင်ဖွဲ့စည်းသည်။

ဤအဖွဲ့အစည်းအားလုံးကို ကေအဲန်ယူအဖြစ် ၁၉၄၇ခုနှစ် ဖေဖေါ်ဝါရီလ(၅)ရက်နေ့က ကရင်အမျိုးသားအဖွဲ့အစည်းပေါင်းစုံ အစည်းအဝေးတွင် ကေအဲန်အေမှ ဆရာဖိုးအေးအဆိုပြု တင်ပြချက်ကို အားလုံးသဘောတူထောက်ခံအတည်ပြုကြသည်။ ထို့ကြောင့် ကေအဲန်ယူကရင် အမျိုးသားအစည်းအရုံးသည် (တော်လှန်ရေးကျောထောက်နောက်ခံလည်းဖြစ်) တော်လှန်ရေး ရှေ့ဆောင်တပ်ဦးလည်းဖြစ်သည်။ ကရင်အမျိုးသားများရဲ့ တပ်ပေါင်းစုကြီးဖြစ်သည်။

## (၂) ဘဝတူ အဖိနှိပ်ခံလူမျိုးစုများကို စုစည်းသည်။

(၁) မွန်အမျိုးသားများ ၁၉၄၉ခုနှစ် မော်လမြိုင်ကွန်ဂရက်အပြီး မွန်နှင့်ကရင်ခေါင်းဆောင်များ မြင့်မားသောသဘောတူညီချက်များရရှိခဲ့သည်။

၂။ ကချင်၊ ၃။ ချင်း၊ ၄။ ရှမ်း၊ ၅။ လားဟူ စသည်များ။

မှတ်ချက်။ ။ ကရင်လက်နက်ကိုင်တော်လှန်ရေး မစမီအချိန်၌ ကရင်နီနှင့် ပအိုဝ့်အမျိုးသားအားလုံးသည် ကရင်အမျိုးသားများအဖြစ် ခံယူကြပြီး ကေအဲန်ယူအလံတော်အောက်၌ စုစည်းခဲ့ကြသည်။

## (၃) အုပ်စိုးသူဆန့်ကျင်သည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို စုစည်းသည်။

– အင်းစိန်တိုက်ပွဲကာလ ပြည်သူ့ရဲဘော်နှင့် အလံနီပါတီများနှင့် ဆက်သွယ်သည်။ ဤကဲ့သို့ ဆက်သွယ်ခြင်းဖြင့် ရန်သူပိတ်ဆို့မှုကြား လိုအပ်သောရိက္ခာများ အသင့်အတင့်ရရှိပြီး အင်းစိန်မှ ညအချိန်လှိုင်မြစ်ကို ဖြတ်ကူး၍အောင်မြင်စွာဆုတ်ခွာနိုင်ခဲ့သည်။

– အင်းစိန်မြို့ကိုသိမ်းသော်လည်း အင်းစိန်ထောင်မှနိုင်ငံရေးသမားများ(အဖွဲ့အစည်းပေါင်းစုံ) ကို လွှတ်ပစ်လိုက်သည်။ ကရင့်တော်လှန်ရေးကို ထောက်ခံသူအချို့ ပေါ်လာသည်။
– အင်းစိန်ထောင်မှ လွှတ်လာသောပြည်မြို့ရှိ ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု (ပီဒီအက်ဖ်) ဌာနချုပ်သို့ ဦးမောင်ကလေးကို တပ်ပေါင်းစုအဖြစ် စေလွှတ်ခဲ့သည်။

(ခ) လက်နက်ကိုင်တော်လှန်ရေးကာလအတွင်း တည်ဆောက်ခဲ့သော တပ်ပေါင်းစုများ။

၁၉၅၆ခုနှစ် မောကိုတွင် ကျင်းပသောဒုတိယအကြိမ်မြောက် ပြည်လုံးဆိုင်ရာ အမျိုးသားကွန်ဂရက်တွင် အောက်ပါကရင့်တော်လှန်ရေး ရည်မှန်းချက် (၄)ရပ်နဲ့ လုပ်ငန်းစဉ်(၉)ချက် ချမှတ်အတည်ပြုခဲ့သည်။ ကရင့်တော်လှန်ရေး၏ ရည်ရွယ်ချက်များ။

(၁) ကရင်အမျိုးသားများ အချုပ်အခြာအာဏာပိုင် ကရင်ပြည်ရရှိရေး (ကရင့်အမျိုးသားအရေး)

(၂) ဘဝတူ အဖိနှိပ်ခံလူမျိုးစုများ အချုပ်အခြာအာဏာပိုင် ပြည်များအသီးသီးရရှိရေး (လူမျိုးစုအရေး)

(၃) ဆန္ဒအရ ပူးပေါင်းပြီး ခွဲထွက်ခွင့်အပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ်များပူးပေါင်းထားသော ဖက်ဒရယ်ပြည်သူ့ဒီမိုကရေစီ ပြည်ထောင်စု သမတ နိုင်ငံတော်သစ်တည်ဆောက် ရေး၊ (ပြည်ထောင်စုအရေး)နှင့်

(၄)အဆုံးသတ်ရည်မှန်းချက်မှာ (ဆိုရှယ်လစ်လောက တည်ဆောက်ရေး)ဖြစ်သည်။

မှတ်ချက်။ ။ ယခုကေအဲန်ယူလမ်းစဉ်တွင် လူလူချင်းသွေးစုတ်ချယ်လှယ်မှုကင်းသော ဘဝတိုးတက်သောငြိမ်းချမ်းသာယာသော ဘဝသစ်တည်ဆောက်ရေးဟု ဖေါ်ပြထားသည်။

လုပ်ငန်းစဉ် (၉)ချက်မှာ–

(၁) ကရင့်တော်လှန်ရေးကို ရှေ့ဆောင်ရန် ကေအဲန်ယူပါတီကို ရှေ့ဆောင်တပ်ဦးအဖြစ်လည်းကောင်း၊ ကရင်တမျိုးသားလုံးကို စုစည်းရန် ကေအဲန်ယူကိုလည်းကောင်း စည်းရုံးဖွဲ့စည်းရန်။

(၂) လူမျိုးစုအရေးနှင့် ပတ်သက်၍ ဘဝတူ အဖိနှိပ်ခံလူမျိုးစုများ လွတ်မြောက်ရေးအတွက် ဒီမိုကရက်တစ်လူမျိုးစုများ ညီညွတ်ရေးတပ်ဦးကို ဖွဲ့စည်းပြီး အတူတကွတိုက်ပွဲဝင်ရန်။

(၃) ကျယ်ပြန့်သည့် ဒီမိုကရေစီတပ်ပေါင်းစုတရပ် တည်ဆောက်ရန်။

(၄) စီးပွားရေးလုပ်ငန်းများ (လူတန်းစား–၄–ရပ်အတွက်၊ လုပ်ငန်းများ ချမှတ်ပေးသည်)။

(၅) စစ်ရေးလုပ်ငန်းများ၊ ရေရှည်စစ်ကိုအခြေခံသည့် ပြည်သူ့တော်လှန်စစ် သေနင်္ဂဗျူဟာ နည်းပရိယာယ်များ။

(၆) ရန်သူသိမ်းထားသော နယ်မြေအတွင်းလုပ်ငန်း၊ တော်လှန်ရေးအာဏာစိုက်ထူရန်နှင့် မြေအောက်လုပ်ငန်းများ။

(၇) လူမှုရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ လမ်းပန်းဆက်သွယ်ရေးစသည့် လုပ်ငန်းများ။

(၈) ဘာသာရေးလုပ်ငန်းများ။

(၉) နိုင်ငံခြားရေးဝါဒ ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်ရေးမူ (၅)ချက် စသည်များဖြစ်သည်။

အထက်ပါ ကရင့်တော်လှန်ရေးရည်ရွယ်ချက်နှင့် လုပ်ငန်းများကို လေ့လာကာ တပ်ပေါင်းစုလုပ်ငန်းနှင့်ပတ်သက်၍ ပထမတွင် မဟာဗမာလူမျိုးကြီးဝါဒီများ၏ ဖိနှိပ်မှုကို အထူးခံနေရသော ဘဝတူလူမျိုးစုများကိုစုစည်းပြီး လူမျိုးစုများညီညွတ်ရေး၊ တပ်ပေါင်းစုတရပ် ဖွဲ့စည်းလုပ်ဆောင်ရန်နှင့် တဆက်တည်း တပြည်လုံးအတိုင်းအတာ ဆောင်သည့်အမျိုးသားရေးနှင့် အတန်းစားရေးကို အခြေခံသည့်ကျယ်ပြန့်သော ဒီမိုကရေစီတပ်ပေါင်းစုတရပ် တည်ဆောက်ရန်ဟူ၍ တပ်ပေါင်းစုနှစ်မျိုး ဖွဲ့စည်းလုပ်ဆောင်ရေးအား ချမှတ်ထားသည်ကို တွေ့ရပေသည်။ ဤသည်မှာ မြန်မာပြည်တော်လှန်ရေး၏ ထူးခြားချက်အရ လုပ်ငန်းများ ချမှတ်ထားရခြင်းဖြစ်သည်။ ယင်း ၁၉၅၆ခု နှစ်လမ်းစဉ်အရ တပ်ပေါင်းစုနှင့်ပတ်သက်၍ ကြိုးစား၍အကောင်အထည်ဖော် လုပ်ဆောင်ကြရာ အောက်ပါတပ်ပေါင်းစုများ ဖွဲ့စည်းတည်ဆောက်ခဲ့သည်။ သို့သော် စာအုပ်ပေါ်တွင်သာ ချမှတ်နိုင်ပြီး လက်တွေ့တွင်ထိရောက်စွာ မဆောင်ရွက်နိုင်ခဲ့ပေ။

ဖွဲ့စည်းခဲ့သောတပ်ပေါင်းစုများမှာ–

၁။ ၁၉၅၆ခုနှစ်၊ ဧပြီလတွင် စေတောပယ်၌ ဒလညတ (DNUF)ခေါ် ဒီမိုကရက်တစ်လူမျိုးစုများ ညီညွတ်ရေးတပ်ဦးကို ဖွဲ့စည်းသည်။
ကချင်၊ ကရင်နီ၊ မွန်နှင့် ပအိုဝ့်များသာပါဝင်သည်။

မှတ်ချက်။ ။ ၎င်းအချိန်၌ ဤလူမျိုးစုများသာ လက်နက်ကိုင်တော်လှန်ရေးထလုပ်ကြသည်။ ရခိုင်အမျိုးသားတော်လှန်ရေးရှိသော်လည်း ဝေး၍ အဆက်မရဘဲရှိသည်။

– ၁၉၅၇ခုနှစ်တွင် ပဲခူးရိုးမ၌ ဒလညတ ဗဟိုသဘာပတိအဖွဲ့ကျင်းပရန်စီစဉ်သည်။ မွန်နှင့် ကရင်ကိုယ်စားလှယ်များသာ တက်ရောက်နိုင်ပြီး ကရင်နီအနေနှင့် ဥက္ကဋ္ဌ ထေးပလို ကိုယ်တိုင် တက်ရောက်ရန်ဖြစ်သော်လည်း လုပ်ကြံခံရသည်နှင့် တဆက်တည်းအဖွဲ့အတွင်း ကြီးမားသည့်လက်နက်ကိုင် ပဋိပက္ခဖြစ်ပေါ်လာရာ အစည်းအဝေးမတက်ရောက်နိုင်တော့ချေ။

– ရခိုင်အမျိုးသားများနှင့်အဆက်ရ၍ ချိန်းဆိုထားသော်လည်း ရန်သူလှုပ်ရှားမှုကြောင့် ၎င်းတို့ မတက်ရောက်နိုင်။

– ၁၉၅၈ခုနှစ် ပအိုဝ့်နှင့် မွန်အဖွဲ့များ အခုလိုက်လက်နက်ချကြ၍ ဒလညတ ရပ်ဆိုင်းရလေသည်။

၂။ ၁၉၅၉ခုနှစ်၊ မေလ(၁၆)ရက်နေ့တွင် မဲပိုင်၊ ထိုကော့စော့ခ်ီး၌ မဒညတ (အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု)ကို ပထမတွင် ကေအဲန်ယူပါတီ၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ မွန်ပြည်သစ်ပါတီ (၃)ဖွဲ့ ပါဝင်ဖွဲ့စည်းပြီးနောက်တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် ချင်းအမျိုးသားဦးစီးအဖွဲ့ဟူ၍ အဖွဲ့(၅)ဖွဲ့ဖြစ်လာသည်။

- တူတာတွဲလုပ်၊ မတူတာခွဲလုပ် (မတူတာညှိ၊ ညှိမရခွဲလုပ်)မှုကို အခြေခံပြီး ဖွဲ့စည်းသည်။ အဖွဲ့အစည်းတိုင်း ကိုင်ပိုင်ပြဌာန်းခွင့်ရှိသည်။

- အများသဘောတူဆုံးဖြတ်သည်မဟုတ်ဘဲ၊ အဖွဲ့တဖွဲ့မှသဘောမတူက မလုပ်ရေးမူအရ ဖွဲ့စည်းသည်။ "မဒညတ" ဖွဲ့စည်းစဉ်ကတည်းက အမျိုးသားရေးပေါ်လစီတွင် ကေအဲန်ယူပါတီက တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ဗကပ မှ တန်းတူရေးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးဟူ၍ မူ(၂)မူဖြစ်ခဲ့ရာ ၁၉၆၉ခုနှစ်ကျမှသာ"ဗကပ" အနေနဲ့ ကေအဲန်ယူပါတီမှ အစဉ်တစိုက်တင်ပြ တိုက်ပွဲဝင်ခဲ့သော တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်မှုကို တရားဝင်လက်ခံလာသည်။

- ၁၉၇၁ခုနှစ်တွင် ပြည်ထောင်စုသစ် ဖွဲ့စည်းရေး (ဗမာအမျိုးသားများ ပြည်နယ်တခု) စသည်ဖြင့် မြင့်သောတူညီမှုကို "မဒညတ" သဘာပတိအစည်းအဝေး၌ ချမှတ်နိုင်ခဲ့သည်။ ပြည်တွင်း၌ မြင့်မားသောတူညီမှုရရှိသော်လည်း ပြည်ပရောက် ဗကပ ခေါင်းဆောင်များသည် အမျိုးသားရေးပေါ်လစီနှင့် ပတ်သက်၍ တန်းတူရေးနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ နောင် စုစည်းမည့် သမတ နိုင်ငံတော်သစ်သည် ပြည်ထောင်စုမဟုတ်ဘဲ တရုတ်ပြည်ကဲ့သို့ တပြည်ထောင်စနစ်ဖြစ်သည်ဟု ခိုင်မာစွာရပ်တည်သည်။

- ၁၉၇၂ခုနှစ်၌ "မဒညတ" ဗဟိုအောင်နိုင် ပူးတွဲတပ်သည် ရန်သူကို စလိုက်မကဘဲ ခွဲလိုက်အထိ ချေမှုန်းနိုင်ခဲ့ပြီး၊ အင်အားတောင့်တင်းလာသည်။ ရန်သူမှအောင်စိုးမိုး စစ်ဆင်ရေးဖြင့် ဖြတ်(၄)ဖြတ်စနစ်နဲ့ ပြန်လည်ထိုးစစ်ဆင်ရာ ရန်သူကိုအထင်သေးခြင်း၊ လုံလောက်သော ပြင်ဆင်ချိန်ရရှိခြင်း၊ "ဗကပ" မှ ရန်သူတိုက်ရေးထက် "မဒညတ"ကို ဗကပ ကသာ ခေါင်းဆောင်ရမည်ဟု အတင်းတောင်းဆိုလာခြင်း၊ စသည်များကြောင့် နောက်ပိုင်းတွင် ရန်သူထိုးစစ်ကို မိမိ၏ပြန်လှန်ထိုးစစ်ဖြင့် ရိုက်ချိုးရန် ဆောင်ပုဒ်မှာ အကောင်အထည်မဖော်နိုင်တော့ဘဲ ဖြစ် ခဲ့သည်။

- ၁၉၇၅ခုနှစ် "ဗကပ" ဗဟိုဥက္ကဋ္ဌ သခင်ဇင်နှင့် သခင်ချစ်တို့ ကျဆုံးသွားသည်ကတကြောင်း ကေအဲန်ယူပါတီကို ရုတ်သိမ်းလိုက်သည်ကတကြောင်းတို့ကြောင့် "မဒညတ"မှာ အလိုအလျောက်ရပ်ဆိုင်းရတော့သည်။

၃။ ၁၉၆၀ခုနှစ် ဧပြီလ (၂၈)ရက်နေ့တွင် မဲ့ပ ရေးဌ လလမဖ (NLA) လူမျိုးစုများလွတ်မြောက်ရေး မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းသည်။ မဲ့ပရေး အစည်းအဝေးတွင် ကရင်၊ ကရင်နီ၊ ရှမ်းများ တက်ရောက်ပြီး ကချင်ကျောင်းသားများအချို့ အကဲခတ်လေ့လာသူအဖြစ် တက်ရောက်သည်။ "လလမဖ" ကရင်၊ ကရင်နီ၊ ရှမ်း (၃)ဖွဲ့သာပါဝင်ပြီး စိုင်းဆံ (ယခု ဆေထင်)ကို အလှည့်ကျ အတွင်းရေးမှူးအဖြစ် ရွေးကောက်သည်။ အရွေးခံရပြီး နောက်ဆေထင်လည်း တခါမှလုပ်ငန်း တာဝန်ကို မစနိုင်ဘဲဖြစ်ခဲ့သည်။

စစ်ရေးသဘောတူညီချက်အရ ရှမ်းပြည်သို့ ပထမတွင်မှု လင်းထင်ခေါင်းဆောင်သော "လလမဖ" တပ်ရင်းတရင်းပို့သော်လည်း ရန်သူနှင့်တိုက်ပွဲဖြစ်ပွား၍ ပြန်လှည့်လာရသည်။ နောက်ပိုင်းတွင် တပ်မဟာ(၇)မှ တပ်ခွဲနှင့် တပ်မဟာ(၃)မှ တပ်ခွဲပေါင်း (၂)ခွဲ ရှမ်းပြည်သို့ပို့နိုင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရည်မှန်းချက်များ မဆောင်ရွက်နိုင်ဘဲ တနှစ်ကျော်ကြာပြီး နောက်ပြန်ခေါ်ရသည်။

၁၉၆၃ခုနှစ်တွင် မှုဆိုးတို့ လက်နက်ချကြသဖြင့် "လလမဖ"လည်း အလိုလျောက်ပျက်စီးသွားသည်။

၄။ ၁၉၆၅ခုနှစ် မိုးရာသီတွင် တဘီထာ (ဖါပွန်ခရိုင်)၌ ကရင်၊ ကရင်နီ၊ ကယန်း၊ ရှမ်းများပါဝင်သောလူမျိုးစု အဖွဲ့အစည်းများဖြစ်ကြသည့် ကေအဲန်ယူပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကယန်းပြည်သစ်ပါတီနှင့် ရှမ်းပြည်စစ်ကောင်စီ (SSWC)တို့ စည်းဝေးကြရာ ညီညွတ်သော လူမျိုးစုများတပ်ဦး (United Nationalities Front)တရပ်ကို ဖွဲ့စည်းပြီး နယ်ချဲ့ပဒေသရာဇ်စနစ်နှင့် မဟာလူမျိုးကြီးဝါဒ ဆန့်ကျင်ရေးလမ်းစဉ်တရပ်ကို ချမှတ်လေသည်။ (SSWC) ကိုယ်စားလှယ်မှ တက်ကြွစွာပါဝင်ဆွေးနွေးပြီး ဆုံးဖြတ်ချက်များကို သဘောတူလက်မှတ် ရေးထိုးသော်လည်း သက်ဆိုင်ရာဗဟိုသို့ ပြန်ရောက်သွားသည့်အခါ ကြီးကျယ်သောဆိုရှယ်လစ်လမ်းစဉ် ထူထောင်လာသည်ဆိုပြီး အရေးယူခံခဲ့ရသည်။ "ညလတ"လည်း မလှုပ်ရှားနိုင် ဘဲဖြစ်ခဲ့ရသည်။

၅။ ၁၉၆၇ခုနှစ် ကေအဲန်ယူပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကယန်းပြည်သစ်ပါတီ၊ မွန်ပြည်သစ်ပါတီနှင့် ဗိုမီအမျိုးသားတပ်ဦးများ ပါဝင်သောအစည်းအဝေးတရပ်ကို ကရင်နီဗဟို၌ ကျင်းပပြီး "လညတ" လူမျိုးစုများ ညီညွတ်ရေးတပ်ဦးကို ဖွဲ့စည်းခါ တပ်ဦးလမ်းစဉ်တရပ်ကိုလည်းချမှတ်သည်။ သဘာပတိအဖွဲ့ဝင်များကိုလည်းရွေးကောက်သည်။ ယခင်အတွေ့အကြုံများကို သင်ခန်းစာယူပြီး တပ်ဦး၏စုစည်းထားသော တပ်မရှိပါက ဘာမှလုပ်ငန်းအကောင်အထည်ဖေါ်နိုင်မည်မဟုတ်၍ "လညတ" တပ်ဖွဲ့ကိုလည်း တကြိမ်တည်းဖွဲ့စည်း

သည်။ ယင်းတပ်ဖွဲ့ထဲတွင် ကေအဲန်ယူတခွဲ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ တခွဲနှင့် ကယန်းပြည်သစ်ပါတီမှ တစုကို အခြေခံပြီး စုစည်းရန်နှင့် တပ်ဦးစီးအဖွဲ့ကိုလည်း ဖွဲ့စည်းပေးသည်။ လက်တွေ့တွင် ကေအဲန်ယူပါတီမှ တစုအင်အား(၄၀)၊ ကရင်နီမှ တစုနှင့် ကယန်းမှ တစိတ်သာစုစည်းနိုင်သည်။ ယင်း "လညတ" တပ်သည် ကရင်နီ၊ ကယန်းနှင့် ရှမ်းပြည်တွင်ရှိသော ရလလဖ/ဗကပတို့နယ်မြေ၌ အတော်လှည့်ရပြီး မဟာမိတ်တပ်များနှင့်အတူ ရန်သူကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ပြီး လူမျိုးစုအမျိုးသားပြည်သူများမှ အတော်အားတက်လာသည်။ "လညတ" တပ်ဖွဲ့ကို ကြိုဆိုထောက်ခံအားပေးကြသည်။ ရလလဖ တပ်များနှင့် ပူးတွဲစဉ် ရန်သူအားတပ်စုလိုက်မကဘဲ၊ တပ်ခွဲလိုက်ချေမှုန်းနိုင်ခဲ့သည်။ ၁၉၇၅ခုနှစ်တွင် ကေအဲန်ယူပါတီကို ရုပ်သိမ်းလိုက်သဖြင့် "လညတ"နှင့် "လညတ"တပ်ဖွဲ့မှာလည်း အလိုအလျောက်ပျက်စီးသွားသည်။

၆။ ၁၉၇၀ခုနှစ်၊ ဧပြီလတွင် ဘန်ကောက်၌ ဦးနုခေါင်းဆောင်သော ပါလီမန်ဒီမိုကရေစီပါတီ (ပဒပ)ကေအဲန်ယူနှင့် မွန်ပြည်သစ်ပါတီခေါင်းဆောင်များ တွေ့ဆုံစည်းဝေးကြပြီး နောက် (တညလ) တပ်ပေါင်းစု (တိုင်းရင်းသားပေါင်းစုံ ညီညွတ်ရေးနှင့် လွတ်မြောက်ရေးတပ်ပေါင်းစု) တရပ်ကို ဖွဲ့စည်းတည်ထောင်ခါ တပ်ပေါင်းစုလမ်းစဉ်ချမှတ်ရန် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုလည်း ရွေးကောက်တင်မြှောက်သည်။ ယင်းတပ်ပေါင်းစုထဲ ရှမ်းမျိုးချစ်ပါတီ (ဂျင်မီယန်း)နှင့် ချင်းဒီမိုကရေစီပါတီ (ဦးမန်းတလိန်း)တို့ နောက်တွင် ဝင်ရောက်ပါဝင်သဖြင့် အဖွဲ့(၅)ဖွဲ့ဖြစ်လာသည်။

၇။ ၁၉၇၃ခုနှစ်၊ ဧပြီလကုန်လောက်တွင် ကရင်နီဗဟိုဌာနချုပ်၌ ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံး၊ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ကယန်းပြည်သစ်ပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ဗိုမီအမျိုးသားတပ်ဦးနှင့် ရလလဖ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြရာ တော်လှန်သောလူမျိုးပေါင်းစုံ မဟာမိတ်အဖွဲ့ (တလမဖ)ကို ကေအဲန်ယူအစည်းအရုံး၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ရှမ်းပြည်တိုးတက်ရေးပါတီနှင့် ကယန်းပြည်သစ်ပါတီမှ ပါဝင်ဖွဲ့စည်းပြီး ယင်း(တလမဖ)သည်းလည်း ကျယ်ပြန့်စွာမလှုပ်ရှားနိုင်ဘဲဖြစ်ခဲ့သည်။

၈။ ၁၉၇၅ခုနှစ် မေလတွင် ကေအဲန်ယူဌာနချုပ်၌ တော်လှန်သော လူမျိုးပေါင်းစုံနီးနှောဖလှယ်ပွဲ တရပ် ကျင်းပရာ ရတတလ ကေအဲန်ယူအစည်းအရုံး၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီနှင့် မွန်ပြည်သစ်ပါတီခေါင်းဆောင်များ တက်ရောက်ပြီး ပမဒတ ခေါ် ပြည်နယ်ပေါင်းစုံပြည်ထောင်စု အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုတရပ်ကို ဖွဲ့စည်းသည်။ မွန်ပြည်သစ်ပါတီသည် ယင်းတပ်ပေါင်းစုထဲတွင် မပါဝင်သဖြင့် အဖွဲ့(၄)ဖွဲ့ဖြင့်

စတင်ဖွဲ့စည်းသည်။ တပ်ပေါင်းစုရဲ့လမ်းစဉ်တရပ်ကို ချမှတ်ပြီး ဗဟိုသဘာပတိအဖွဲ့နှင့် အလုပ်အမှုဆောင်အရေးမှုများ ရွေးကောက်တင်မြှောက်သည်။ ၁၉၇၅ခုနှစ်၊ နိုဝင်ဘာလတွင် ကယန်းပြည်သစ်ပါတီမှ တပ်ပေါင်းစုထဲဝင်ရောက်လာသဖြင့် (၅)ဖွဲ့ဖြစ်လာသည်။ ၁၉၇၆ခုနှစ်တွင် ဒုတိယအကြိမ် တော်လှန်သောလူမျိုးပေါင်းစုံနှီးနှောဖလှယ်ပွဲတရပ်ကို ကေအဲန်ယူဗဟိုစခန်းတွင် ခေါ်ယူကျင်းပရာ အဖွဲ့ပေါင်း(၁၃)ဖွဲ့ တက်ရောက်ပြီး အဖွဲ့များ၏ အမြင်များကို အသီးသီးတင်ပြကြပြီးနောက် ပမဒတ၏ သဘောထားနှင့် ပမဒတ ထဲမပါဝင်နိုင်သေးသည့် တော်လှန်သောလူမျိုးပေါင်းစုံ စစ်ရေးမဟာမိတ်အဖွဲ့ ဖွဲ့စည်းလုပ်ဆောင်ဘို့ ဘုံရန်သူနေဝင်းစစ်အစိုးရကို ညီညီညွတ်ညွတ်တိုက်နိုင်ကြဘို့၊ ဗကပ အပေါ်သဘောထားများ ဆွေးနွေးညှိနှိုင်းချမှတ်ကြသည်။ နောက်ဆုံးတွင် ပမဒတကို မဒတ (အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု)ဟု မေလ(၁၁)ရက်နေ့မှ စတင်ခေါ်ဝေါ်ရန်ဆုံးဖြတ်ကြသည်၊

## (၈) ယနေ့ဖွဲ့စည်းတည်ဆောက်သည့်တပ်ပေါင်းစု။

ယနေ့တည်ဆောက်ဖွဲ့စည်းသည့် တပ်ပေါင်းစုနှင့်ပတ်သက်၍ ၁၉၇၅ခုနှစ်၊ မေလ(၂၇)ရက်နေ့တွင် ပမဒတ (ပြည်နယ်ပေါင်းစု ပြည်ထောင်စုအမျိုးသားဒီမိုကရေစီတပ်ပေါင်းစု)ကို ဖွဲ့စည်းပြီး ၁၉၇၆ခုနှစ် မေလတွင် ကျင်းပသောတပ်ပေါင်းစု သဘာပတိအစည်းအဝေးက ပမဒတကို မေလ (၁၁)ရက်နေ့မှစ၍ မဒတ ဟုခေါ်ဝေါ်ကြရန် နာမည်ပြောင်းလဲခေါ်ဝေါ်သည်ကို အထက်၌ဖေါ်ပြပြီးဖြစ်သည်။ မဒတ ရဲ့ဖြစ်ပေါ်လာပုံနှင့် ယနေ့ပါဝင်သောအဖွဲ့အစည်းများ၊ အဖွဲ့၏ မူဝါဒလမ်းစဉ်နှင့် ခေါင်းဆောင်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

## မဒတ တပ်ပေါင်းစု ဖွဲ့စည်းခြင်းသမိုင်း။

၁၉၇၅ခုနှစ်၊ မေလ(၁၅)ရက်နေ့မှစ၍ မေလ(၂၈)နေ့အထိ တော်လှန်သောလူမျိုးပေါင်းစု မဟာမိတ်အဖွဲ့မှ ကမကထပြုလုပ်ပြီး တော်လှန်သောလူမျိုးပေါင်းစုံနှီးနှောဖလှယ်ပွဲ တရပ်ကို ကေအဲန်ယူဌာနချုပ်၌ ကျင်းပခဲ့သည်။ အဖွဲ့(၁၀)ဖွဲ့ကို ဖိတ်ခေါ်ရာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ရတတရ ကေအဲန်ယူ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၊ မွန်ပြည်သစ်ပါတီ (၅)ဖွဲ့သာ တက်ရောက်ပြီး ကေအိုင်အို၊ ကယန်းပြည်သစ်ပါတီ၊ ရလလဖ နှစ်ဖွဲ့နှင့် ပလောင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့များ မတက်ရောက်နိုင်ပါ။ ယင်းနှီးနှောဖလှယ်ပွဲတွင် မေလ(၂၇)ရက်နေ့မှ ပမဒတ (ပြည်နယ်ပေါင်းစုံပြည်ထောင်စုအမျိုးသားဒီမိုကရေစီတပ်ပေါင်းစု)ကို ဖွဲ့စည်းပြီး အဖွဲ့၏လမ်းစဉ်နှင့် လုပ်ငန်းများနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေကို ရေးဆွဲပြဌာန်းသည်။ တပ်ပေါင်းစုတွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ရှမ်းပြည်တိုးတက်ရေးပါတီနှင့် ကေအဲန်ယူအစည်းအရုံးဟူ၍ (၄)ဖွဲ့ပါဝင်သည်။

၁၉၇၅ခုနှစ်၊ နိုဝင်ဘာလတွင် ဗဟိုသဘာပတိအစည်းအဝေး ကျင်းပရာ နိုဝင်ဘာလ(၇)

ရက်နေ့၌ ကယန်းပြည်သစ်ပါတီက ပါတီတပ်ပေါင်းစုထဲ ဝင်လာသဖြင့် (၅)ဖွဲ့ဖြစ်လာသည်။ ဘဏ္ဍာရေး၊ စစ်ရေး၊ စည်းရုံးရေးနှင့် နိုင်ငံခြားဆက်သွယ်ရေးလုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်အတည်ပြုပြီး ဘဏ္ဍာရေး၊ စစ်ရေး၊ စည်းရုံးရေးနှင့်နိုင်ငံခြားဆက်သွယ်ရေးကော်မတီများနှင့် ကော်မတီအသီးသီး၏ အတွင်းရေးမှူးများကို ရွေးကောက်တင်မြှောက်သည်။

၁၉၇၆ခုနှစ် ဧပြီလ(၂၆)ရက်နေ့တွင် ဒုတိယ အကြိမ်မြောက် ပမဒတ ဗဟိုသဘာပတိအဖွဲ့ အစည်းအဝေးကို ကျင်းပသည်။ ယင်းအချိန်၌ တော်လှန်သောဘဝတူလူမျိုးစုများ၏ ပါတီအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ ရောက်ရှိလာ၍ လူမျိုးပေါင်းစုံ စည်းလုံးညီညွတ်ရေး တည်ဆောက်ရန် တပ်ပေါင်းစုကြီးတိုးချဲ့ဖွဲ့စည်းနိုင်ရန်အတွက် တော်လှန်သောလူမျိုးပေါင်းစုံ နီးနှောဖလှယ်ပွဲတရပ်ကို ၂၈–၄–၇၆ရက်နေ့မှ ၆–၅–၇၆ရက်နေ့အထိ ကျင်းပခဲ့သည်၊

၎င်းနှီးနှောဖလှယ်ပွဲ၌ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၊ ကယန်းပြည်သစ်ပါတီ၊ ကချင်လွတ်လပ်ရေးအဖွဲ့၊ ကရင်နီအမျိုးသားတော်လှန်ရေးကောင်စီ၊ ကရင်အမျိုးသားအစည်းအရုံး၊ လားဟူအမျိုးသားတိုးတက်ရေးပါတီ၊ မွန်ပြည်သစ်ပါတီ၊ ပလောင်လွတ်မြောက်ရေးအဖွဲ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ တော်လှန်သောရှမ်းပြည်ညီညွတ်ရေးတပ်မတော် (မိုးဟိန်းအဖွဲ့) ပြည်ထောင်စုပအိုဝ့်အမျိုးသားအဖွဲ့ချုပ်နှင့် ရှမ်းပြည်ညီညွတ်ရေးတပ်မတော် (လွယ်မော်)အဖွဲ့ ဟူ၍ အဖွဲ့(၁၃)ဖွဲ့ တက်ရောက်ကြသည်။

ယင်းနှီးနှောဖလှယ်ပွဲတွင် အဖွဲ့အစည်းအသီးသီးမှ မိမိတို့၏ သဘောထားများကို အသီးသီးတင်ပြကြပြီး ပမဒတ၏ လမ်းစဉ်၊ လုပ်ငန်းစဉ်များကို အတူလေ့လာဆွေးနွေးကြသည်။ တပ်ပေါင်းစုထဲမပါဝင်နိုင်သေးသည့် အဖွဲ့အစည်းများကို တော်လှန်ရေး၊ စစ်ရေးမဟာမိတ်အဖွဲ့တရပ် ဖွဲ့စည်းလုပ်ဆောင်ဘို့လည်း သဘောတူကြသည်။ ယင်းနှီးနှောဖလှယ်ပွဲ၌ ၇၅/၇၆နှစ်တွင် ကချင်လွတ်လပ်ရေးအဖွဲ့၊ လားဟူအမျိုးသားတိုးတက်ရေးပါတီ၊ ပလောင်ပြည်လွတ်မြောက်ရေးအဖွဲ့နှင့် ပြည်ထောင်စုပအိုဝ့်အမျိုးသားအဖွဲ့ချုပ်ပေါင်း (၄)ဖွဲ့ တပ်ပေါင်းစုသို့ဝင်ရောက်လာသဖြင့် အဖွဲ့ဝင်စုစုပေါင်း (၉)ဖွဲ့ ဖြစ်လာသည်။ ၇၅/၇၆နှစ်မှ စ၍ ဒုတိယ အကြိမ်မြောက် ပမဒတ ဗဟိုသဘာပတိ အစည်းအဝေးကို ဆက်လက်ကျင်းပရာ တပ်ပေါင်းစုလမ်းစဉ်လုပ်ငန်းစဉ်များနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ စည်းမျဉ်းဥပဒေနှင့် နည်းဥပဒေများကို ပြန်လည်ဆန်းစစ်ပြီး လိုအပ်သလိုပြင်ဆင်ဖြည့်စွက်မှုများပြုလုပ်သည်။

၁၀–၅–၇၆ရက်နေ့တွင် တပ်ပေါင်းစု၏ အရေးပေါ်ညီလာခံတရပ်ကို ကျင်းပပြီး တပ်ပေါင်းစုဗဟိုသဘာပတိအဖွဲ့ဝင်များကို အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ကြပြီး ဗဟိုသဘာပတိ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် တွဲဘက်အထွေထွေအတွင်းရေးမှူးများ ရွေးကောက်တင်မြှောက်ခြင်း၊ တပ်ပေါင်းစု၏စစ်ရေး၊ စည်းရုံးရေး၊ ဘဏ္ဍာရေးနှင့် နိုင်ငံခြားဆက်သွယ်ရေးလုပ်ငန်းများကို ချမှတ်ကြသည်။

နောက်ဆုံးတွင် ပမဒတ ကို ၁၉၇၆ခုနှစ် မေလ (၁၁)ရက်နေ့မှစ၍ မဒတ (အမျိုးသားဒီမို

ကရေစီတပ်ပေါင်းစု)ဟု ခေါ်ဝေါ်ကြရန် အားလုံးတညီတညွတ်ထည်းသဘောတူဆုံးဖြတ်ကြသည်။

အထက်တွင်တင်ပြခဲ့သည့်အတိုင်း တပ်ပေါင်းစုအမျိုးမျိုးကို ကြိုးပမ်းဖွဲ့စည်းခဲ့ကြသည်။ ပထမတွင် မဒတ တပ်ပေါင်းစုဖွဲ့နိုင်ခဲ့သည်။ ယခုအချိန် မဒမခ ခေါ် မြန်မာနိုင်ငံဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်အထိ ပိုမိုကျယ်ပြန့်သည့် တပ်ပေါင်းစုကို ဖွဲ့စည်းနိုင်ခဲ့ပါသည်၊ ဆက်လက်ပြီး ပိုမိုကျယ်ပြန့်ထိရောက်သည့် တပ်ပေါင်းစုဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းလျက်ရှိနေပါသည်၊ တပ်ပေါင်းစုကို နယ်ချဲ့ဆန့်ကျင်ရေး၊ မြေရှင်ပဒေသရာဇ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဒီမိုကရေစီ တော်လှန်ရေးစသည့် နိုင်ငံရေးအခြေခံပေါ်တွင် ဖွဲ့စည်းခဲ့ကြသော်လည်း တပ်ပေါင်းစုအတွင်း ပါဝင်ကြသောအဖွဲ့အစည်းများသည် ပါးစပ်ကသာတူညီသည်ဟု လက်ခံကြသော်လည်း လက်တွေ့မှာမူ ထိထိရောက်ရောက် အကောင်အထည်မဖော်နိုင်ခဲ့ကြသည်ကို တွေ့ရပေသည်။ ဤသည်မှာ အတွေးအခေါ်ခံယူချက်ခြင်း မတူကြသည့်အတွက် ပြဿနာများကို လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်ရာတွင် အကွဲကွဲအပြားပြား ဖြစ်လာရသည်ကို တွေ့ရပါသည်။

ဥပမာ မဒမခ အတွင်း တပ်ပေါင်းစုဆိုင်ရာလမ်းစဉ်များ ဆွေးနွေးကြရာတွင် အားလုံးက သဘောတူလက်ခံခဲ့ကြသော်လည်း လက်တွေ့မှာ ကချင်ကတမျိုး၊ မွန်ကတဖုံ၊ ရှမ်းကတနည်း၊ ကရင်က တသွယ်စီကွဲပြားနေပြီး လက်တွေ့လုပ်ကြရာမှာလည်း စုစည်းမှုမရှိဘဲ အကွဲကွဲအပြားပြားဖြစ်လာသည်။ တပ်ပေါင်းစုအဖွဲ့ဝင်များ သဘောထားခံယူချက်ခြင်း မတူကွဲပြားနေမှုကြောင့်ပင်ဖြစ်သည်။ တပ်ပေါင်းစုဖြင့် စည်းစည်းလုံးလုံးဆက်လက်ချီတက်ရေးမှာ လေးနက်သည့် ခံယူမှုမရှိကြခြင်းဖြစ်သည်။ တပ်ပေါင်းစုအတွင်း သာမန်ပြဿနာ မတူနိုင်သော်လည်း အရေးကြီးပြဿနာကို တူညီအောင်လုပ်နိုင်ရေးသည် အလွန်အရေးကြီးကြောင်းတွေ့ရပါသည်။

အမှန်မှာ အောင်ပွဲခံနိုင်ရေးအတွက် ဖွဲ့စည်းနိုင်ရမည့် အကျယ်ပြန့်ဆုံးသော တပ်ပေါင်းစုမှာ လက်ဝဲလက်ယာ မခွဲခြားဘဲ ဘုံရန်သူကို ဦးတည်တိုက်သည့် တိုင်းရင်းသားလူမျိုးအားလုံးကို စုစည်းထားကာ လူတန်းစား (၄)ရပ်ဖြစ်သည့် အလုပ်သမား၊ လယ်သမား၊ မြို့နေလူလတ်တန်းစားများနှင့် အမျိုးသားဓနရှင်များ၏ အကျိုးစီးပွားကို မျှတစွာဆောင်ရွက်သည့်တပ်ပေါင်းစုမျိုးဖြစ်သင့်သည်ဟု ထင်မြင်ပါသည်။

## ခေါင်း (၅)
## ရှေ့ရည်မှန်းဖေ့ဘောက် ငါတို့၏ သဘောထားအမြင်

ငါတို့သည် ရန်သူအင်အားကို ကြောက်စရာမလို

ပြောက်ကျားစစ်ဖြစ်ပေါ်လာရခြင်းမှာ တော်လှန်သောစစ်တရားအရ၊ အဆမတန် အင်အားကြီးမားသောရန်သူကို အညံ့မခံအရှုံးမပေးသည့် တော်လှန်သော အတွေးအခေါ် ကြောင့်ဖြစ်သည်။ ပြောက်ကျားစစ်မှာ အင်အားအလွန်ကြီးမားသောရန်သူကို ထိပ်တိုက်ရင် ဆိုင်သည့် အရင်းရှင်စစ်ဆင်ရေးမျိုးနှင့် ကွာခြားချက်ရှိသည်။ အင်အားကြီးသည့်ရန်သူကို ထိပ် တိုက်ရင်ဆိုင်မတိုက်ဘဲ ရန်သူ၏တိုက်ခိုက်ချေမှုန်းမှုကို မခံ၊ အလစ်အငိုက်ရအောင် ဖန်တီးယူပြီး ရန်သူကို တဘက်သတ်တိုက်ခိုက်ချေမှုန်းသည့် စစ်မျိုးဖြစ်၍ ရန်သူ့သံချပ်ကာကားတပ်ကြီးများ လေတပ်၊ ရေတပ်များ အင်အားကြီးမားသည့် ရန်သူတပ်မ၊ တပ်မဟာကြီးများကို ကြောက်စ ရာမလိုပါ။

(က) သာလွန်အားကြီးသည့် ရန်သူကို ငါတို့မကြောက်။

ရန်သူသည် တိုက်ပွဲတိုင်း၌ ငါတို့ထက်သာလွန်ကောင်းမွန်သည့် လက်နက်များကို သုံးပြု နိုင်သည်။ ဤသို့လက်နက်ခဲယမ်းများကို အမြောက်အများအသုံးပြုနိုင်ကြသည်မှာ အမျိုးသား ဝင်ငွေ၏ (၆၂%)ကို စစ်စရိတ်အဖြစ် အသုံးချနေကြ၍ဖြစ်သည်။ သို့ရာတွင် လက်ရှိအခြေအနေ ၌ တိုင်းပြည်၏အမျိုးသားဝင်ငွေမှာ ဒလဟောကျဆင်းနေပြီး နိုင်ငံခြားကြွေးမြီများ အတောမ သတ် တိုးတက်နေခြင်းကြောင့် ရန်သူအနေဖြင့် စစ်ဆင်ရေးကြီးတပွဲ ဆင်နွှဲဘို့ရန်မှာ အတော်ပင် ခက်ခက်ခဲခဲ ကြိုးစားရမည်ဖြစ်သည်။

လက်ရှိကာလတွင် ရန်သူ့အနေဖြင့် မသက်သာ၍ ထိုးစစ်ကြီးများ ဆင်နွှဲနေရသော်လည်း စွမ်းအားကြီးလက်နက်အရေအတွက်ကို လိုအပ်သလောက် စိတ်တိုင်းကျ အသုံးပြုနိုင်မည်မ ဟုတ်ပါ။ ရန်သူနှင့်တိုက်သည့်စစ်ပွဲတိုင်းမှာ ရန်သူအသုံးပြုသည့် လက်နက်ကိုလည်း ကြောက်စ ရာမလို၊ အကြောင်းမှာ ငါတို့မှာ ပြောက်ကျားစစ်ကို ဆင်နွှဲနေခြင်းကြောင့်ဖြစ်ပြီး၊ နောက်တ ကြောင်းမှာ ၎င်းလက်နက်များကို တိုက်စွမ်းရည်ညံ့ဖျင်းသည့် ကြေးစားတပ်သားများက ကိုင် ဆောင်ထားကြခြင်းကြောင့်ပင်ဖြစ်၏။ တိကျစွာဆိုရပါက လက်နက်အမြောက်အများ ရှိနေစေကာမူ ထိထိရောက်ရောက်အသုံးပြုနိုင်သည့် စွမ်းရည်ညံ့ဖျင်း ချို့တဲ့မှုကြောင့် ငါတို့ထက် သာလွန်သည့်လက်နက်ဖြင့် ငါတို့အားချေမှုန်းရန် ကြိုးစားနေသည့်ရန်သူ့ထိုးစစ်ကို မကြောက် ဟုဆိုလိုခြင်းဖြစ်သည်။

ငါတို့သုံးနိုင်သည့် လက်နက်အရေအတွက်နှင့် ငါတို့တိုက်နေသည့် ပြောက်ကျားတိုက်ပွဲ သင်္ချာန်ကို ယနေ့အထိ ရန်သူမအောင်နိုင်ရခြင်းမှာ ရန်သူ၏အားသာချက်များကိုယ်၌က

အာနည်းချက်များရှိနေခြင်းကြောင့် ဖြစ်သည့်အပြင် ငါတို့၏တိုက်ခိုက်ရေးစွမ်းရည်နှင့် ငါတို့၏ ပြောက်ကျားတိုက်ခိုက်ရေး တိုက်ပွဲသဏ္ဍာန်မှန်ကန်နေခြင်းကြောင့်ဖြစ်သည်။

(ခ) ရန်သူ၏ ပြည့်စုံသော ရုပ်ဝတ္ထု ပိုင်ဆိုင်မှုကို ငါတို့မကြောက်။

ရန်သူ့ထဲ၌ ဆေးဝါး၊ စားနပ်ရိက္ခာ ထောက်ပံ့ရေးအသုံးအဆောင်ပစ္စည်း ဇိမ်ခံပစ္စည်းများ အပြင် ရာထူးအဆင့်အတန်းလစာဝင်ငွေနှင့် အကျိုးခံစားခွင့် အခွင့်အရေးများ ပြည့်ပြည့်စုံစုံရှိ နေ၏။ ဤရုပ်ဝတ္ထုပိုင်းဆိုင်ရာများမှာ တိုင်းပြည်၏ သယံဇာတများကို ရောင်းချ၊ လူထု၏ ချွေး နည်းစာများကို သွေးစုပ်၊ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးကာ စစ်တပ်၏ ပုဂ္ဂလိက ပိုင်ဆိုင် မှုများကို တိုးပွားအောင်လုပ်၊ အစရှိသည့်လုပ်ရပ်များကြောင့် ပြည့်စုံနေခြင်းဖြစ်၏ ပြည်တွင်း စစ်ကြောင့် ဆင်းရဲမွဲတေနေသည့် တိုင်းပြည်ထဲတွင် စစ်တပ်ခေါင်းဆောင်ပိုင်းများက အာဏာနှင့် နေဥစ္စာအပေါ် ယစ်မူး သာယာစည်းစိမ်ခံဘို့ရန်အတွက် အခမ့်ကြီးစားနေကြ၏။

တဘက်တွင်လည်း တော်သေမှာကြောက်၍ စစ်တိုက်စားနေရသည့် ကြေးစားစစ်သားများ က ထိန်းချုပ်ဘို့ရန်အတွက် စစ်ဗျူရိုကရက် အုပ်ချုပ်မှုပုံစံတခုတည်းနှင့် မလုံလောက်ဘဲ ရုပ်ဝတ္ထု ပစ္စည်း၊ ရာထူး၊ အဆင့်အတန်း၊ ပုဂ္ဂလိကအကျိုးခံစားခွင့် အခွင့်အရေးများနှင့် လူထုကိုတရား ဝင်ဖိနှိပ်နိုင်ရေးအတွက် အဆင့်အတန်းအလိုက် ပုခုံးထက်၌လိုင်းများကြယ်ပွင့်များပါ တပ်ဆင် ပေးရ၏။ ဤကဲ့သို့ရုပ်ဝတ္ထုများပြည့်စုံအောင် ဖန်တီးလျက်၊ အခကြေးငွေအပေါ် အခြေခံထား သည့် ရန်သူကြေးစားတပ်မှာ လူထုအတွက် အကြီးမားဆုံးဖိနှိပ်ရေး ယန္တယားတခုသာဖြစ်၏။

ငါတို့တပ်သည် ရန်သူ့ကြေးစားတပ်နှင့် အစစအရာရာတွင် ဆန့်ကျင်ဘက်ဖြစ်ခြင်း ကြောင့် ရန်သူ့တပ်လို ရုပ်ဝတ္ထု ပိုင်ဆိုင်မှုမျိုးလုံးဝမရှိနိုင်ပါ။ လက်တွေ့ကျကျပြောရပါက ငါတို့ တပ်တွင် တကယ်လိုအပ်သည့် ရုပ်ဝတ္ထုပစ္စည်း (ဥပမာ ခဲယမ်းမီးကျောက်)များကိုပင် ပြည့်ပြည့် စုံစုံဖြည့်ဆည်းပေးနိုင်သည့် အခြေအနေမရှိသေးပါ။

ငါတို့တပ်မတော်သည် တော်လှန်ရေးတပ်ဖြစ်ခြင်းကြောင့် ရန်သူ့တပ်လိုအခကြေးငွေနှင့် အခွင့်ထူးခံ သာယာမှုမျိုးတွေကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ပါ။ ငါတို့အတွက် တော်လှန်ရေး က ပေးနိုင်သည်မှာ တော်လှန်ရေးတာဝန်နှင့် တော်လှန်ရေး၌ မရှိမဖြစ် လိုအပ်သည့်အရာများ ကိုသာ ခြိုးခြံဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ငါတို့အတွက်ကြောင့် လူထုဝန်ပိစေသည့် အဖြစ်မျိုးမရှိရလေအောင် ရုပ်ဝတ္ထုပစ္စည်းတိုင်း ကို ချွေတာရမည်ဆိုသည့်အသိ ငါတို့မှာရှိရမည်။ တော်လှန်ရေးသမားတယောက်အဖြစ်ကို လိုလိုလားလားခံယူကာ တိုက်ပွဲဝင်နေသည့်ကာလ၌ ချို့ချို့ငဲ့ငဲ့နေထိုင်ရသည့် ဘဝကိုသာ လိုလားသူတွေဖြစ်ရမည်။

မရှိခြင်းနှင့်ရောင့်ရဲနိုင်အောင် ထုသားပေသားတကျ လေ့ကျင့်ထားသည့်ငါတို့ တပ်မ တော်သည် စစ်အောင်နိုင်ရေးအတွက် အသုံးမလိုသည့် ရုပ်ဝတ္ထုပစ္စည်းတိုင်းကို ဇိမ်ခံပစ္စည်း

အဖြစ် သတ်မှတ်ပစ်ပယ်ထားသည့်ဖြစ်၍ ရန်သူ၏ရုပ်ဝတ္ထုပြည့်စုံ ပိုင်ဆိုင်မှုအပေါ်တွင် ငါတို့ မကြောက်ဟုဆိုရခြင်းဖြစ်၏။

ယခုအချိန်တွင် ရန်သူသည်အချက်အခြာမြို့ကြီးအားလုံးနှင့် ကျေးလက်ဒေသ အမြောက် အများကို တပ်စွဲပိုင်ဆိုင်ထား၏။ ငါတို့၏အခြေခံဒေသအချို့နှင့် လွတ်မြောက်ဒေသအချို့ ကိုလည်း ရန်သူကထိုးစစ်ဆင်ပြီး တိုက်ခိုက်သိမ်းပိုက်ထားနိုင်သေးသည်။ လက်ရှိအခြေအနေတွင် ရန်သူ့နယ်မြေအကျယ်အဝန်းနှင့် ငါတို့နယ်မြေ အကျယ်အဝန်းမှာ ရန်သူ့အင်အားနှင့် ငါတို့ တပ်အင်အားများ ကွာခြားသလိုပင် ကွာခြားနေကြပြီး ရန်သူကထိုးစစ်နေရာ ငါတို့က ခံစစ်နေ ရာမှာ ရောက်ရှိနေကြသော်လည်း ရန်သူ၏ရုပ်ဝတ္ထုပြည့်စုံမှုကို ငါတို့ကြောက်ရန်မလိုပေ။

## (ဂ) ရန်သူ့နယ်မြေကျယ်ဝန်းပါစေ၊ ငါတို့မကြောက်။

လက်ရှိကာလတွင် တော်လှန်စစ် သေနင်္ဗျူဟာအရ၊ ငါတို့အနေဖြင့် နယ်မြေအသေ ဖက်တွယ်မှုထက် နယ်မြေအရှင်လှုပ်ရှားမှုကို ကျင့်သုံးရမည်ဖြစ်၏။

ပုံစံအားဖြင့် ရန်သူထိုးစစ်ဆင်လာသည့်အခါ အလွန်အချက်အခြာကျလွန်းသည့် နယ်မြေ မှအပ ကျန်နယ်မြေများတွင် နေရာယူခံစစ်ဆင်ခြင်းထက် နယ်မြေအနှံ့အပြား၌ ဖြန့်ခွဲကာ လှုပ်ရှားခံစစ် စစ်ဆင်သည့်ပရိယာယ်ကို ကျင့်သုံးရမည်ဖြစ်၏။ ဤသို့နေရာအနှံ့အပြား၌ ငါတို့ တပ်ကိုဖြန့်ခွဲပြီး လှုပ်ရှားစစ်ဆင်ခြင်းသည် ရန်သူ့ထိုးစစ်ကို တန်ပြန်ထိုးစစ်ဆင်ချေမှုန်းသည့် နည်း ပရိယာယ်(ဝါ) ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့် ပြန်ရိုက်ချိုးသည့်နည်းဖြစ်၏။

ငါတို့အတွက် အင်မတန်အချက်အခြာကျလွန်းသည့် နယ်မြေမျိုးပင်ဖြစ်စေကာမူ နေရာ ယူခံစစ်နှင့် ဖြန့်ခွဲလှုပ်ရှားစစ်ကို တွဲဖက်သုံးရမည်သာဖြစ်သည်။ ဤနည်းပရိယာယ်နှစ်ခု၏ အပြန်အလှန်အကျိုးပြုမှုသည် ရန်သူ့ထိုးစစ်ကို ပြန်လှန်ချေမှုန်းရေးအတွက် အကောင်းဆုံးနည်း လမ်းဖြစ်သောခံစစ်ကာလဆိုင်ရာ သေနင်္ဗျူဟာတရပ်ပင်ဖြစ်၏။ ဤကာလမျိုးတွင် တဖက်က နယ်မြေထိန်းသိမ်းနိုင်သမျှ ထိန်းသိမ်းပြီးတဖက်ကရန်သူကို ရနိုင်သလောက်ချေမှုန်းရေးမှာ အဓိကလုပ်ငန်းဖြစ်၏။

ငါတို့အနေဖြင့် ယခုကာလတွင် နယ်မြေတခုကို စွန့်လွှတ်ဘို့အခြားနယ်မြေတခုတွင် ဝင်ရောက်လှုပ်ရှားဘို့ နည်းနာအတွက် ဝန်လေးစရာအကြောင်းမရှိပါ။ အကြောင်းမူ နယ်မြေ ဒေသတိုင်း၌ ရန်သူကိုဆန့်ကျင် ငါတို့ကိုထောက်ခံသည့် ပြည်သူလူထုများ အမြဲတမ်းရှိနေကြ၍ ဖြစ်၏။ ပြည်သူလူထုထောက်ခံမှုရရှိအောင်လည်း ငါတို့မဖြစ်မနေလုပ်ဆောင်ရပေမည်။

ရန်သူ့အနေဖြင့် ကျယ်ပြောသည့် နယ်မြေအများအပြားကို တပ်စွဲထားရာတွင် နယ်မြေ ဒေသများကို ထိန်းသိမ်းဘို့ရန် မြို့ကြီးရွာကြီးများ၌ တပ်အင်အားအမြောက်အများဖြင့် အစောင့် ချထားပ်စွဲထားရခြင်းဖြစ်၍ ဤသို့မြို့စောင့်တပ်နှင့် နောက်ချန်တပ်များကို စစ်နောက်ပိုင်းတွင် အများအပြားအသုံးပြုနေရသည့်အတွက် တော်လှန်ရေးစစ်မျက်နှာအသီးသီးသို့ အင်အား

အလုံးအရင်းဖြင့် ရေရှည်ထိုးစစ်ဆင်နိုင်သည့် အခြေအနေမျိုး လုံးဝ မရှိနိုင်၍လည်းဖြစ်သည်။

ယခုကာလတွင် ငါတို့တပ်များကို နယ်မြေတိုင်းမှာ ဖြန့်ခွဲထားပြီး ရန်သူအား ပြင်းပြင်းထန်ထန်တိုက်ပွဲဆင်ကြရမည်။ ငါတို့၏တော်လှန်ရေးသေနင်္ဂဗျူဟာကို ဤပုံစံမျိုးဖြင့် ဖြန့်ခွဲခင်းကျင်းမှသာ ရန်သူကလည်း ငါတို့အား အလုံးအရင်းဖြင့် ထိုးစစ်မဆင်နိုင်မှာဖြစ်သည်။ ထိုးစစ်အဆင့်နေရာသို့ ရောက်ရှိနေသည့်ရန်သူအား ဤနည်းမျိုးဖြင့် ထိုးစစ်ဆင်ခွင့်မပေးဘဲ ချည်နှောင်ထားနိုင်ပါက သေနင်္ဂဗျူဟာ ခံစစ်ကာလကို ကျော်နင်းနိုင်ရေးအတွက် အဓိကဖြစ်သည့် ရန်သူနှင့်ငါတို့၏ အင်အားအချိုးအစားချိန်ခွင်လျှာကို ကောင်းကောင်းကြီး ပြောင်းလဲပစ်နိုင်မှာဖြစ်သည်။

ထို့ကြောင့် ဤကာလမျိုးတွင် ငါတို့အနေဖြင့် နယ်မြေဒေသတိုင်းကို အသေဆုပ်ကိုင်ထားနိုင်ရေးထက် နယ်မြေအနှံ့အပြားမှာ ဖြန့်ခွဲလှုပ်ရှားရေးနည်းပရိယာယ်ကို အခိုင်အမာကျင့်သုံးကြရမည်ဖြစ်သည်။

## (ဃ) ရန်သူ၏ ဖိနှိပ်ရေးယန္တယားကို ငါတို့မကြောက်။

အစိုးရယန္တယားမှန်သမျှ အကုန်ရှိ၏။ ရန်သူသည်ယန္တယားတိုင်းကို အမြင်ကောင်းအောင် တွင်တွင်ကျယ်ကျယ် လည်ပတ်ပြသနိုင်သော်လည်း လူထုအတွက် ထိထိရောက်ရောက် အကျိုးမပြုနိုင်သည့်အဖြစ် တိုင်းပြည်၏ လက်ရှိစီးပွားရေးအခြေအနေနှင့် နိုင်ငံခြားကြွေးမြီများအား ကြည့်ခြင်းအားဖြင့် မှန်းသိနိုင်သည်။

ပြည်တွင်းစစ်ကိုဖန်တီးပြီး လူထုကိုဖိနှိပ်သွေးစုပ်၊ အမျိုးသားနိုင်ငံတော်၏ ဝင်ငွေကို စစ်ဗျူရိုကရက်များ၏ အိတ်ထဲသို့ထည့် စစ်ထောက်လှမ်းရေးယန္တယားကို အသုံးပြုပြီး စစ်တပ်၏ အာဏာကို အခိုင်အမာတည်ဆောက်၊ ဝါဒဖြန့်ချီရေး၊ ယန္တယားအားဖြင့် လူထုကိုမှိုင်းတိုက်၊ တိုင်းရင်းသားလူမျိုးစုများအား သွေးခွဲဖိနှိပ်၊ နိုင်ငံရေးမျက်လှည့်ပွဲတွေလုပ်ကာ လူထုကိုလိမ်ညာလှည့်စား အတိုက်အခံနိုင်ငံရေးအင်အားစုများကို ရက်ရက်စက်စက်နှိပ်ကွပ်၊ လူထုကိုမတရားဥပဒေများဖြင့် စစ်ခုံရုံးဖွဲ့စွဲချက်တင် ထောင်သွင်းအကျဉ်းချ အစရှိသည့်လုပ်ရပ်များဖြင့် ရန်သူသည် အစိုးရယန္တယားအားလုံးကို ထောက်ခံသောလူထုအတော်များများမှ ငါတို့ဘက်၌ ခိုင်ခိုင်မြဲမြဲရပ်တည်နေကြ၏။

ဤသို့သောအစိုးရယန္တယားကို အသုံးပြုနေသော်လည်း ယနေ့အထိ လူထုထောက်ခံမှုများ အပြည့်အဝ မရရှိသေးသည့် ငါတို့၏ ကရင့်တော်လှန်ရေးကိုပင် လုံးဝ မချေမှုန်းနိုင်သည့် သကေကို ကြည့်ပါက ရန်သူ၏ငါတို့အတွက် လုံးလုံးကြောက်စရာမရှိကြောင်း ကောင်းစွာသိမြင်နိုင်သည်။ ယနေ့ရန်သူကို တိုက်ပွဲဝင်နေသည့် ငါတို့၏ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်၊ အမျိုးသားနိုင်ငံရေးလမ်းစဉ်များနှင့် ဤလမ်းစဉ်များကို ထောက်ခံသောလူထုအတော်များများမှ ငါတို့ဘက်၌ ခိုင်ခိုင်မြဲမြဲရပ်တည်နေကြ၏။

ငါတို့၏လက်ကိုင်တော်လှန်ရေးစစ်ပွဲကို ထောက်ခံအားပေးပြီး နဝတ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို နေ့စဉ်ရက်ဆက်ရှုံ့ချနေသည့် ကမ္ဘာ့ပြည်သူများ၏ လူသားချင်းစာနာမှုတွေကိုလည်း ငါတို့ရရှိနေ၏။

ယခုအချိန်တွင် ဥရောပ ဘုံဈေးအဖွဲ့က နဝတအား အခွင့်ထူးခံ ကုန်သွယ်ဘက်အဖြစ်မှ ရုပ်သိမ်းလိုက်ပြီဖြစ်၏။ တဆက်တည်းမှာပင် နဝတ စစ်အစိုးရနှင့် ဖက်စပ်ကာ နောက်ထပ်အသစ်ရင်းနှီးမြှုပ်နှံမှုများ မပြုရန်အမိန့် စီးပွားကုန်သွယ်ရေးပိတ်ဆို့မှု အမိန့်များကို အမေရိကန်သမတ က ထုတ်ပြန်ခဲ့သည့်အပြင် နဝတ စစ်အစိုးရအား အရှေ့တောင်အာရှ ဒေသ (အာစီယံ) အဖွဲ့ဝင်အတွင်း လက်ခံလိုက်ခြင်းကိုလည်း နိုင်ငံများစွာနှင့်အတူ ရှုံ့ချကန့်ကွက်ခဲ့သည်။ နဝတ စစ်အုပ်စုကြီးစိုးနေသည့် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံခဲ့ကြသော ကုမ္ပဏီကြီးအချို့လည်း ရုပ်သိမ်းကုန်ပြီဖြစ်၏။

ရန်သူပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုသတင်းစာနှင့် ဂျာနယ်များအနေဖြင့် ငါတို့လူထုကြီးတရပ်လုံးက ၎င်းတို့၏စစ်အုပ်စုအား ထောက်ခံလာစေရန် မည်သို့မျှမဆွဲဆောင်နိုင်ဘဲ ဖြစ်နေရသည့်အချက်မှာ ရန်သူယန္တယားတိုင်းကိုငါတို့ကြောက်စရာမရှိကြောင်း သက်သေပြနေပါသည်။

ငါတို့အလေးထားရမည့် အဓိက အကျဆုံးအချက်မှာ ရန်သူ၏ကုန်ထုတ်လုပ်ရေးနှင့် လယ်ယာစိုက်ပျိုးရေးယန္တယားများတွင် အသုံးပြုနေသည့် အလုပ်သမားနှင့် လယ်သမားများသည် ငါတို့တော်လှန်ရေးအောင်ပွဲအတွက် အရေးကြီးဆုံး ရေသောက်မြစ်ဖြစ်သည်ဆိုခြင်းကို အပြည့်အဝ မရရှိသေးသည့်အတွက် ငါတို့ကရင့်တော်လှန်ရေးမအောင်မြင်သေးခြင်းဖြစ်သည်။ ထို့ကြောင့် အလုပ်သမားလယ်သမားများ၏ ထောက်ခံမှုကို အပြည့်အဝရရှိအောင် ငါတို့ကြိုးပမ်းရမည်ဖြစ်သည်။

ရန်သူသည် တဘက်တွင် နိုင်ငံတကာ၏ ဖိအားပေးမှု၊ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုနှင့် နိုင်ငံခြားကြွေးမြီပြဿနာတွေကို အကြီးအကျယ်ရင်ဆိုင်နေရပြီး တဘက်တွင်လည်း လက်နက်ကိုင်တော်လှန်ရေးစစ်ပွဲနှင့် မြေပေါ်မြေအောက်နိုင်ငံရေးလုပ်ရှားမှုများကို ကြုံတွေ့နေရသည်။ လက်နက်ကိုင်တော်လှန်ရေးနှင့် မြေပေါ်မြေအောက်နိုင်ငံရေးလှုပ်ရှားမှုတို့မှာ ယခုအချိန်တွင် ဟန်ချက်ညီညီ ပေါင်းစပ်လှုပ်ရှားမှု မပြုနိုင်သေးသော်လည်း ကိုယ့်အဝန်းအဝိုင်းနှင့်ကိုယ် ထိထိရောက်ရောက်လှုပ်ရှားမှုများ ရှိနေခြင်းကြောင့် ရန်သူအနေဖြင့် နိုင်ငံရေးသေတွင်းမှ လွတ်မြောက်ရန်အတွက် ၎င်းတို့၏အတုအယောင် အမျိုးသားညီလာခံကို ရပ်ဆိုင်းထားလိုက်ရပြီးဖြစ်သည်။

ရန်သူအနေဖြင့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအစရှိသည့် ဘက်ပေါင်းစုံတွင် အရှုံးနှင့်ရင်ဆိုင်နေရပြီး အခက်အခဲအကြပ်အတည်း ကြီးကြီးမားမားကြုံတွေ့နေရသည်။ သို့ဖြစ်၍ ထိုအခက်အခဲအကြပ်အတည်းများကို ဖြေရှင်းရန်အတွက် တော်လှန်ရေးအင်အားစုများအား ဖြိုခွဲရေး၊ ရည်မှန်းချက်ပါရှိသည့် နိုင်ငံရေးထိုးစစ်တရပ်ကို ပြောင်းလဲဆင်နွှဲလာခဲ့သည်။ အပစ်အခတ်

ရပ်စဲရေး၊ လက်နက်ချအလင်းဝင်ရေး နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ စေ့စပ်ဆွေးနွေးရေးဟူသည့် နည်းလမ်းများဖြင့်သာဖြစ်သည်။

(c) ငါတို့ အောင်ပွဲခံနိုင်သည့် အဓိက အကြောင်းရင်း။

ကရင့်တော်လှန်ရေးတပ်များကို ရန်သူသည် မည်မျှကြီးမားသည့်အင်အားဖြင့် တိုက်စေကာမူ တော်လှန်သော ကရင့်ပြောက်ကျားစစ်ကို အနိုင်တိုက်နိုင်မည်မဟုတ်ပါ။

အဓိကအကြောင်းများမှာ နှစ်ပေါင်းထောင်နှင့်ချီပြီး အဖိနှိပ်ခံခဲ့ရသည့် ကရင်အမျိုးသားများနှင့် အဖိနှိပ်ခံတိုင်းရင်းသားလူမျိုးများ၊ အဖိနှိပ်ခံပြည်သူများတို့သည် လွတ်လပ်လိုကြ၊ လွတ်မြောက်လိုကြသည်။ ယင်းအဖိနှိပ်ခံပြည်သူများသည် တိုင်းရင်းသားများနှင့် ပြည်သူလူထုကြီးတရပ်လုံးသည် မိမိတို့ဘဝလွတ်မြောက်ရေးအတွက် တော်လှန်တိုက်ခိုက်နေကြပြီဖြစ်၍ မဝေးတော့သည့်တနေ့တွင် မှန်ကန်သည့်တော်လှန်ရေးခေါင်းဆောင်မှုအောက်၌ စုစည်းညီညွတ်လာကြမည်ဖြစ်သည်။ ယခုလက်ငင်းကာလမှာပင် တစတစ ညီညွတ်လာနေပြီဖြစ်သည်။ ပြည်တွင်းတော်လှန်သော အင်အားစုများအပြင် ပြည်ပမှ စာနာထောက်ထားတတ်ကြသောအစိုးရများ၊ လူမှုအခွင့်အရေးအဖွဲ့အစည်းများ၊ ဒီမိုကရေစီအင်အားစုများကလည်း နည်းမျိုးစုံဖြင့် ထောက်ခံကူညီနေကြပြီဖြစ်သည်။

တော်လှန်ရေး၏ အောင်ပွဲမှာ လက်နက်အားကိုး ဖိနှိပ်သောမတရားသည့်စစ်ကို တရားသောတော်လှန်စစ်ဖြင့်သာ အနိုင်ရရှိနိုင်မည်ဖြစ်သည်ကို အလေးအနက်ခံယူထားကြရမည်။

သို့ဖြစ်၍ စစ်၏သဘောသဘာဝကိုလည်း ယေဘူယျသဘောမျှသိထားရန် အထူးလိုသည်။ စစ်၏သဘောသဘာဝကိုသိအောင် လေ့လာမည်ဆိုလျှင် ရန်သူ့အကြောင်းနှင့် မိမိအကြောင်းကို ကောင်းစွာသိမြင်အောင် လေ့လာရေးမှ အစပြုကြရမည်ဖြစ်သည်။

စစ်၏အခြေခံမူများက ရန်သူ့အကြောင်း၊ ကိုယ့်အကြောင်းကို ကောင်းကောင်းသိအောင် လုပ်ရမည်ဟုလမ်းညွှန်ထား၏။ ထို့ကြောင့် မြန်မာပြည်၏ တော်လှန်ရေးစစ်ပွဲတွင် အဓိက ပဋိပက္ခတခုဖြစ်သည့် ရန်သူနှင့်ငါတို့၏ ပဋိပက္ခကို မှန်မှန်ကန်ကန်ဖြေရှင်းနိုင်ရန်အတွက် ငါတို့အနေဖြင့် လက်ရှိနိုင်ငံရေးအခြေအနေတခုလုံးကို အရင်းအမြစ်ကျကျ သိမြင်သဘောပေါက်ထားဘို့လိုအပ်သည်။

ငါတို့အနေဖြင့် လက်ရှိနိုင်ငံရေးအခြေအနေတခုလုံးကို မသိပါက တော်လှန်ရေးစစ်ပွဲ၏ အခြေအနေတခုလုံးတွင်ကော တခုချင်းအခြေအနေတွင်ပါ တော်လှန်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်လွယ်မည်မဟုတ်ပါ။ ငါတို့သိထားရမည့်တခုလုံးအခြေအနေဆိုသည်မှာ ရန်သူ့ဘက်နှင့် ကိုယ့်ဘက်၏ ပကတိအခြေအနေများဖြစ်၏။

ရန်သူ့ဘက်အခြေအနေနှင့် ပတ်သက်၍ ခြုံငုံပြောရလျှင် လက်ရှိကာလတွင် ရန်သူသည် နေရာများစွာ၌ ငါတို့ထက်သာလွန်သည်မှာ အမှန်ပင်ဖြစ်သည်။ ငါတို့ငြင်းမရသည့်ရန်သူ၏

အဓိအားသာချက်များမှာ တပ်သား၊ လက်နက်၊ ရုပ်ဝတ္ထု၊ နယ်မြေ၊ ယန္တယားအစရှိသည့် စစ်ရေးအခြေအနေများသာဖြစ်၏။ ရန်သူအနေဖြင့် မည်သို့မျှငြင်းမရသည့် အဓိကအားနည်းချက်မှာကား စစ်အာဏာရှင်စနစ်ဖြင့် လက်တွေ့ဖိနှိပ်အုပ်ချုပ်နေခြင်းကြောင့် လူထုထောက်ခံမှုလုံးဝမရရှိသည့် ဖေါက်ပြန်ရေးစစ်များကို ဆင်နွှဲနေသည့် အချက်ပင်ဖြစ်သည်။

ငါတို့ အခြေအနေနှင့် ပတ်သက်ပြီး ခြုံငုံပြောရပါက လူထုထောက်ခံမှုလုံးလုံးရရှိနိုင်သည့် တော်လှန်ရေးစစ်ပွဲကို ဆင်နွှဲနေကြခြင်းဘဲဖြစ်၏။ သို့သော်ယခုလောလောဆယ်၌ လူထုတရပ်လုံး၏ထောက်ခံမှုကို ရရှိအောင်မလုပ်နိုင်သေးသဖြင့် လူထုတရပ်လုံး၏ ထောက်ခံမှုကို ရယူအောင်ပွဲဆင်နိုင်ရန်အတွက် မိမိတော်လှန်ရေး၏ ချမှတ်ထားသည့် အခြေခံမူများကို လက်တွေ့အကောင်အထည်ပေါ်အောင် အားသွန်ခွန်စိုက် လုပ်ကြရဦးမည်ဖြစ်၏။

ငင်းတို့တရားသည့် စစ်၊ တိုးတက်သည့်စစ်၊ တနည်းအားဖြင့် တော်လှန်ရေးစစ်ကို ဆင်နွှဲနေသည့်အတွက် လူထု၏ထောက်ခံမှုကို ပြတ်ပြတ်သားသားရရှိပြီး ကာလတခုတွင် အောင်နိုင်ရမည်ဖြစ်၏။ အကြောင်းမှု လူထု၏အကြီးမားဆုံး ရန်သူကို ငါတို့တိုက်နေခြင်းကြောင့်ဖြစ်၏။ တော်လှန်ရေးစစ်ပွဲတိုင်းသည် ရေရှည်စစ်ပွဲဖြစ်ခြင်းကြောင့် တော်လှန်ရေးတရပ်မှာ ရေရှည်ခရီးစဉ်ဖြစ်သည့် တော်လှန်စစ်သေနင်္ဂဗျူဟာ ကာလကြီး(၃)ရပ်ကို မလွှဲမသွေဖြတ်သန်းကြရမည်ဖြစ်သည်။ ရေရှည်စစ်ကို ဆင်နွှဲရမည်ဖြစ်သော ငါတို့အနေဖြင့် ခံစစ်ကာလ ပြင်ဆင်ရေးကာလ ထိုးစစ်ကာလ ဟူသည့်သေနင်္ဂဗျူဟာကာလကြီး (၃)ရပ်ကို မုချဖြတ်သန်းကြရမည်ဖြစ်သည်။

တော်လှန်ရေးသေနင်္ဂဗျူဟာ၏ နောက်ဆုံးကာလဖြစ်သည့် ထိုးစစ်ကာလတွင် နယ်မြေအမြောက်အများကိုသိမ်းပိုက် ရန်သူအမြောက်အများချေမှုန်းပြီး နောက်ငါတို့တော်လှန်ရေးအောင်ပွဲခံရမည်မှာ အမှန်ဖြစ်သည်။ ယခုအချိန်တွင်မူ ပဌမ ကာလဖြစ်သည့် သေနင်္ဂဗျူဟာခံစစ်ကာလအတွင်း၌ပင် ရှိနေသေးပြီး ရန်သူ၏လက်ရှိအခြေအနေမှာ ထိုးစစ်အဆင့်၌ ရောက်ရှိနေခြင်းဖြစ်၏။

ငါတို့၏လက်ရှိအခြေအနေမှာ ခံစစ်ကာလအတွင်း ရောက်ရှိနေရသော်လည်း ရန်သူက ထိုးစစ်ကြီးများဆင်၊ ငါတို့၏လွတ်မြောက်ဒေသနှင့် အခြေခံဒေသများကိုသိမ်း၊ ငါတို့အင်အားများကို သွေးခွဲဖဲ့ထုတ် အစရှိသည့်လုပ်ရပ်များ ထင်သလိုလုပ်နေသည့်အတိုင် ထိုးစစ်အဆင့်မှာ ရောက်ရှိနေသည့်ရန်သူသည် ငါတို့အပေါ် အောင်ပွဲမခံနိုင်ဘဲဖြစ်နေရခြင်းမှာ အဘယ်ကြောင့်နည်း။

ဤအချက်မှာ ဖေါက်ပြန်ရေးစစ်တိုင်းကျဆုံးရစမြဲဖြစ်သည်ဆိုသည့် နိယာမတရားကို မလွန်ဆန်နိုင်ခြင်းကြောင့်ဖြစ်၏။ နောက်တချက်အနေဖြင့် ငါတို့ငြင်းမရနိုင်သည့် ရန်သူ၏ အားသာချက်များအတွင်း၌ပင် အားနည်းချက်များရှိနေခြင်းကြောင့်ဖြစ်၏။

**(စ) ရန်သူ၏ အပစ်အခတ်ရပ်စဲရေး၊ စေ့စပ်ဆွေးနွေးရေး၊ နိုင်ငံရေးလုပ်ကြံမှုကို ဆန့်ကျင်တိုက်ဖျက်ကြ။**

ရန်သူ နဝတသည် အပစ်အခတ်ရပ်စဲရေး၊ စေ့စပ်ဆွေးနွေးရေး နည်းလမ်းများဖြင့် တိုင်းရင်းသားလူမျိုးစုများအကြား တိုင်းရင်းသားလူမျိုးစုများနှင့် ဒီမိုကရေစီလိုလားသူများအကြား နိုင်ငံရေးလုပ်ကြံမှုပြုကာ သွေးခွဲဖဲ့ထုတ်နေသည်ကို ထင်ရှားစွာတွေ့မြင်နေရသည်။ ရန်သူ နဝတ အနေဖြင့် ဤကဲ့သို့လုပ်နေခြင်းမှာ ငါတို့၏ လက်နက်ကိုင်တော်လှန်ရေး မုန်တိုင်းကြီးနှင့် လူထုတိုက်ပွဲမုန်တိုင်းကြီးနှစ်ရပ် ဟန်ချက်ညီညီပေါင်းစပ်မိသွားမည်ကို ကြောက်ရွံ့တုန်လှုပ်နေကြောင်း ပီပြင်စွာပြသနေခြင်းဖြစ်သည်။ ရန်သူ့အနေဖြင့် နိုင်ငံရေးထိုးစစ်တခုဖြစ်သည့် အပစ်အခတ်ရပ်စဲရေး၊ စေ့စပ်ဆွေးနွေးရေးလမ်းကြောင်းကို ဖော်ထုတ်လာခြင်းသည် ၎င်းတို့အာဏာ ဆက်လက်တည်မြဲရေး၊ ဖိအားပေးမှုများမှ အသက်ရှူချောင်ထွက်ပေါက်ရရှိရေး၊ အကြပ်အတည်းများ ပြေလည်ရန်အတွက် ပြင်ဆင်ချိန်ရရှိရေးတို့အပြင် တဖက်မှလည်း တော်လှန်ရေးအင်အားစုများ၏ တော်လှန်ရေးကြီးထွားမလာစေရေးနှင့် တော်လှန်ရေးအင်အားစုများကို တချိန်တွင် အကြီးအကျယ်ချေမှုန်းနိုင်ရေးတို့အတွက်ဖြစ်သည်။ ယခုကေအဲန်ယူအား ထိုးစစ်ကြီးပြုလုပ်လာခြင်းက ဤအချက်ကိုထင်ရှားစေပါသည်။

ရန်သူခင်းသောလမ်းကြောင်းမှာ ဒီမိုကရေစီထွန်းကားရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လူထုတရပ်လုံး၏အကျိုးအတွက် အပစ်အခတ်ရပ်စဲကာ နိုင်ငံရေးအရ ပြေလည်အောင် ဆွေးနွေးပြီး အမှန်တရားကို ဖော်ထုတ်မည့်လမ်းကြောင်း မဟုတ်သည့်အတွက် ကေအဲန်ယူအနေဖြင့် မိမိ၏မှန်ကန်သောလမ်းကြောင်းမှ သွေဖီကာ လိုက်မှားမိလျှင် ရန်သူ့ထောင်ချောက်အတွင်း ဝင်လိုက်မိသလိုဖြစ်သွားနိုင်သည်။

ရန်သူ၌ ဖြေရှင်း၍မရသည့် ကြီးမားသောအခက်အခဲများရှိနေသည်။ ငါတို့အနေဖြင့်လည်း အခက်အခဲများရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် ငါတို့အခက်အခဲမှာ ဖြေရှင်း၍ရသည်။ ငါတို့တော်လှန်ရေးအတွင်း ကိုယ်ကျိုးရှာအချောင်သမားများကို ရှင်းအောင်လုပ်နိုင်ပါက အမျိုးသားထုတရပ်လုံး တခဲနက်ထောက်ခံလာမည်မှာ အမှန်ပင်ဖြစ်သည်။ ဤအခြေအနေမျိုးတွင် ငါတို့အခက်အခဲများလည်း အားလုံးဖြေရှင်းပြီးဖြစ်သွားမည်ဖြစ်သည်။

ငါတို့က နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းရန် တောင်းဆိုသည်။ နဝတက နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်လက်မခံ၊ စစ်ရေးနည်းဖြင့်သာဖြေရှင်းသည်။ ဤသည်မှာ ရန်ဘက် ပဋိပက္ခကို မိတ်ဖက်နည်းဖြင့် ဖြေရှင်း၍မရဆိုသည့်အချက်နှင့် နဝတ က ငါတို့ချီတက်ရမည့်လမ်းကြောင်းကို မှန်မှန်ကန်ကန် လက်ညှိုးညွှန်ပြလိုက်ခြင်းဖြစ်ပင်သည်။ သို့ဖြစ်၍ ငါတို့လည်း စစ်ရေးနည်းဖြင့်သာ ချီတက်ရမည့်အခြေနေရောက်လာရခြင်းဖြစ်သည်။

ငါတို့အတွက် လက်ရှိအခက်အခဲထက် ပိုလာစရာအကြောင်းမရှိ၊ ငါတို့အနေဖြင့် ရန်သူ

ကိုတိုက်နိုင်လေလေ အခက်အခဲများ ပြေလည်လေလေ ဖြစ်လာရမည်ဖြစ်သည်။ ထို့အပြင် ရန်သူကို တိုက်နိုင်လေလေ မိမိတို့အတွင်း စည်းလုံးညီညွတ်မှု ပိုကောင်းလာလေလေ ဖြစ်လာလိမ့်မည်။ ဤသို့ဖြစ်ပေါ်လာနိုင်ရေးအတွက် တော်လှန်ရေးအတွင်းမှ ကိုယ်ကျိုးရှာအချောင်သမားများကို စစ်မှန်သည့်တော်လှန်ရေးသမားတွေဖြစ်လာအောင် လုပ်ဆောင်ဘို့ရန် အဓိက လိုအပ်သည်။

ရန်သူ နဝတ က စစ်ရေးဖြင့်သာ တိုက်ခိုက်ရန် လက်ညှိုးပြခဲ့ပြီး ဖြစ်သည့်အတွက် အရာရာတွင် စစ်ရေးအတွက်သာဖြစ်စေရမည်ဖြစ်သည်။ နိုင်ငံရေးလုပ်ခြင်းမှာ အဓိက က စစ်ရေးအတွက်ဖြစ်ရမည်။ စည်းရုံးရေးလုပ်ခြင်းသည် စစ်ရေးအတွက်ဖြစ်ရမည်။ စီးပွားရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ခြင်းသည် စစ်ရေးအတွက်ဖြစ်စေပြီး၊ ကောင်းမွန်သောအုပ်ချုပ်ရေးလုပ်ခြင်းသည်လည်း စစ်ရေးအတွက်ဖြစ်ရမည်ဖြစ်သည်။ ဤသို့ဆိုရာတွင် စစ်တပ်က အရာရာ၌ ဩဇာလွှမ်းမိုးရမည်ဟူ၍ မူမဆိုလိုပါ။ ကေအဲန်ယူခေါင်းဆောင်များအနေဖြင့် နိုင်ငံရေး၊ စည်းရုံးရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများကို လုပ်ကြရာတွင် တပ်မတော်ကြီးထွားရေး၊ အင်အားတောင့်တင်းခိုင်မာရေး၊ အနိုင်တိုက်ခိုက်ရေးအတွက် လိုအပ်သည့်စိတ်ဓါတ်ရေးရာ အပိုင်းနှင့် ရုပ်ဝတ္ထုပစ္စည်းများကို ထောက်ကူခြင်းဖြင့် တပ်မတော်အတွက် အရာရာမှာ ဦးစားပေးကြရမည်ဟု ဆိုလိုခြင်းသာဖြစ်သည်။

ရန်သူ နဝတ က ငါတို့အား စစ်တိုက်ရန်အတွက် လက်ညှိုးညွှန်ပြထားသော်လည်း ငါတို့အနေဖြင့် တဖက်က စစ်တိုက်ရင်း အခြားတဖက်က ပြည်သူလူထုကြီးလိုလားသည့် စစ်မှန်သောပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အချိန်အခါမရွေး နဝတ နှင့် တွေ့ဆုံဆွေးနွေးရေးလုပ်ရန် တံခါးအမြဲဖွင့်ထားရမည်ဖြစ်သည်။ စစ်ရေးသက်သက်မဟုတ်ဘဲ၊ နိုင်ငံရေးထိုးစစ်နှင့် ပေါင်းစပ်လုပ်ဆောင်ရမည်ဖြစ်သည်။

အထက်ပါ စစ်တမ်းအား အကျဉ်းချုပ်ကောက်ချက်ချပါက ရန်ဘက် ပဋိပက္ခကို မိတ်ဘက်နည်းဖြင့် ဖြေရှင်း၍ မရနိုင်ကြောင်း၊ ရန်ဘက်နည်းဖြင့်သာ ဖြေရှင်းကြရမည်ဖြစ်ကြောင်း၊ နဝတ က ထိုးစစ်ပြုလုပ်လာခြင်းကို ငါတို့ကလည်း စစ်ရေးဖြင့် ပြန်တိုက်ရမည်ဖြစ်ကြောင်းပင်ဖြစ်သည်။ ဤသည်မှာ ဆန္ဒကင်းသည့် ပကတိပိုင်း စစ်စစ်ဖြစ်၍ ယနေ့ငါတို့၏ အဓိက လုပ်ငန်းတာဝန်မှာ ရန်သူ၏ ထိုးစစ်ကို ပြန်လှန်ထိုးစစ်ဖြင့် ရိုက်ချိုးပစ်ရေးသာဖြစ်သည်၊ ဤသည်မှလွဲ၍ အခြားအကြောင်းမရှိနိုင်ချေ။ ထို့ကြောင့် ငါတို့ခေါင်းဆောင်၊ တပ်မှူး၊ တပ်သားများအနေဖြင့် တော်လှန်သည့် စစ်တရားများကို လေ့လာဆည်းပူးရန်လိုအပ်လာသည်။

# နိဂုံး

မျက်မှောက်နိုင်ငံတကာ အခြေအနေကို အကဲဖြတ်ပါက တော်လှန်ရေးအတွက် အထောက်အကူများရှိနေသလို တော်လှန်ရေးအတွက် အဟန့်အတားဖြစ်စေသည့် အကြောင်းအချက်များမှာ အဓိက ဖြစ်လျက်ရှိနေပါသည်။ မည်သို့ပင်ဆိုစေ နိုင်ငံတကာပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမဟာမှ ဗမာပြည်ပြည်သူများ၏ ဒီမိုကရေစီတိုက်ပွဲနှင့် တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားတန်းတူရေးနှင့် ဘဝလွတ်မြောက်ရေးတိုက်ပွဲကိုတော့ စာနာထောက်ခံလျက်ရှိနေပါသည်။ အရေးကြီးသည်မှာ ကျနော်တို့သည် အဖိနှိပ်ခံများဖြစ်သည့် အားလျော်စွာ နယ်ချဲ့စနစ်၊ မြေရှင်ပဒေသရာဇ်စနစ်ကို ဆန့်ကျင်သည့်ဤစနစ်ဆိုးများကို ကိုယ်စားပြုပြီး ပြည်သူများကို စစ်အာဏာရှင်စနစ်ဖြင့် ဖိနှိပ်သည့်ဗျူရိုကရက် ခေရှင်လူတန်းစား လူမျိုးကြီးဝါဒီဖက်ဆစ်စစ်အစိုးရကို ဆန့်ကျင်သည့် တည့်မတ်သောနိုင်ငံရေးလမ်း ကြောင်းပေါ်တွင် ကျနော်တို့ ကချင်အမျိုးသားများ၊ အခြားတိုင်းရင်းသားလူမျိုးများနှင့် ဗမာပြည် ပြည်သူတရပ်လုံး စည်းလုံးညီညွတ်ပြီး ဆက်လက်ချီတက် တိုက်ပွဲဝင်သွားဖို့ဖြစ်ပါသည်။

ယနေ့ဗမာပြည် နိုင်ငံရေးအခြေအနေကို အမှန်အတိုင်း အကဲဖြတ်ပါက စစ်အစိုးရသည် ကြီးမားသည့် နိုင်ငံရေးအကြပ်အတည်းနှင့် တွေ့ကြုံလျက်ရှိနေပါသည်။ စစ်အစိုးရသည် အာစီယံအဖွဲ့ဝင် နိုင်ငံတနိုင်ငံအဖြစ် လူရာသွင်းခံရသော်လည်း အာစီယံနိုင်ငံများက ၎င်းတို့၏ အပြုသဘောဆက်ဆံမှု မူအရ နဝတ အား အမျိုးသားညီလာခံ အမြန်ပြီးရေး၊ နိုင်ငံတော်အခြေခံဥပဒေ အမြန်ဖြစ်ပေါ်လာရေး၊ ရွေးကောက်ပွဲအမြန်ပြုလုပ်ရေး စသည့်တို့ကို (၂၀)ရာစုနှစ်မကုန်မီ ပြုလုပ်ကာ အစိုးရသစ် ပေါ်ပေါက်လာပြီး ပြည်တွင်းတည်ငြိမ်မှု ရှိစေရန်လိုလားလျက်ရှိနေပါသည်။

ဤကိစ္စနှင့် ပတ်သက်ပြီး နဝတ ကလည်း ယခင်တော်လှန်ရေးကောင်စီအစိုးရ လုပ်ခဲ့သလို ဗိုလ်နေဝင်းကနေ မဆလ ဥက္ကဋ္ဌ ဦးနေဝင်းထံသို့ အာဏာလွှဲပေးသည့် ပုံစံမျိုးလုပ်ချင်လျက်ရှိသည်။ သို့သော်လည်း ယနေ့အခြေအနေမှာ နဝတ အဖို့ ထိုကဲ့သို့လုပ်နိုင်ရန်အခြေအနေ မရှိပေ။ ယင်းကြောင့် နဝတ အတွက် အခက်ကြုံလျက်ရှိနေပါသည်။

နဝတသည် ၁၉၉၀ခုနှစ် ရွေးကောက်ပွဲကို မတတ်သာ၍ ပြုလုပ်ခဲ့ပါသည်။ သို့သော် ၎င်းတို့မျှော်လင့်ခဲ့သလို ဖြစ်မလာခဲ့ပေ။ ယခုအချိန်မှာလည်း ၎င်းတို့ပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံကို အဲန်အဲလ်ဒီက သပိတ်မှောက်လိုက်သဖြင့် နဝတ အတွက်ပို၍ အခက်ဖြစ်နေပါသည်၊ ယခုတိုင်အမျိုးသားညီလာခံကို ပြန်လည်ပြီးကျင်းပခြင်းမပြုနိုင်ခြင်းမှာ ဤညီလာခံအား မည်ကဲ့သို့အဆုံးသတ်ရမည်ကို အခက်တွေ့နေခြင်းကြောင့်ဖြစ်သည်၊ ၎င်းအပြင် အမျိုးသားညီလာခံအတွင်းမှာလည်း သပိတ်မမှောက်ဘဲ ပူးသတ်ရေးလမ်းစဉ်အရ ပါဝင်လျက်ရှိနေသူများကလည်း မပြေလည်မှုရှိနေပါသေးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်လာပါကလည်း စေ့စပ်ထားသော အဖွဲ့များထံမှ လက်နက်ဖြုတ်ရပါမည်။ ဤကဲ့သို့လုပ်ရေးမှာ နဝတ အဖို့ ကျားမြီးဆွဲသလို ဖြစ်ပုံ

ပေါ်နေပါသည်။ ဤစေ့စပ်သည့် အဖွဲ့များသည် လက်နက်မဲ့ဖြစ်သွားမည့် အခြေအနေကို လိုလားမည်မဟုတ်ချေ။ လက်နက်သည် ၎င်းတို့၏အသက်ရှင်ရပ်တည်ရေးအတွက် အသက်ဖူး ဖြစ်နေသည်ကို သူတို့ကောင်းကောင်းနားလည်ထားကြသူများဖြစ်သည်။ ၎င်းတို့အကျိုးစီးပွား နှင့်လည်း တိုက်ရိုက်ပတ်သက်လျက်ရှိနေသည်။

တဖန် ကျနော်တို့ ကေအဲန်ယူလည်း နဝတက မျှော်လင့်ထားသလို မဖြစ်လာပေ။ နဝတ မျှော်လင့်ထားသလိုဖြစ်သွားပါက ၎င်းတို့အတွက် အသက်ရှူပေါက်တခုဖြစ်သွားမှာ သေချာ သည်။ ဤကဲ့သို့မဖြစ်သည့်အပေါ် နဝတသည် ကေအဲန်ယူကို နည်းမျိုးစုံဖြင့် ဖြိုခွဲရန်ဆက် လက်ပြီး ဆင်ကြံမည်သာဖြစ်သည်။ ယင်းကြောင့်ရန်သူမှ ကျနော်တို့ကို မဖြိုခွဲနိုင်ရန် အထူးသဖြင့် ခေါင်း ဆောင်မှုအဖွဲ့သည် စည်းလုံးညီညွတ်ကြရသည်။ တော်လှန်သည့်မျိုးချစ်စိတ်ဓါတ်ကို စွဲမြဲစွာ ဆုတ်ကိုင်ပြီး ကြံ့ကြံ့ခိုင် ရပ်တည်သွားရမည်ဖြစ်သည်၊ ဤသည်မှာ ကျနော်တို့အတွက် အရေးကြီး သည့် တောင်းဆိုချက်ဖြစ်သည်။ ယနေ့ နဝတ ပြုလုပ်နေသည့် ကျနော်တို့အပေါ် ထိုးစစ်ကြီးသည် နဝတ စစ်အုပ်စု၏ စစ်မာန မည်မျှထောင်လွှားနေသည်ကို ပြဆိုလျက်ရှိသည်။ တဖက်တွင် လည်း နဝတသည် စစ်မှန်သည့်ငြိမ်းချမ်းရေးကို မလိုလားကြောင်း အခိုင်အမာ ပြဆိုလျက်ရှိ နေသည်။ ဤသည်ကို ကျွန်ုပ်တို့ သတိပြုကြရမည်။

အထက်ဖေါ်ပြသည့် အချက်များသည် စစ်အုပ်စု၏ နိုင်ငံရေးအကြပ်အတည်း တစိတ် တဒေသသာဖြစ်ပေသေးသည်။ ဤအကြပ်အတည်းထက် အခြေခံကျသည့် အကြပ်အတည်း ရှိနေပါသေးသည်။ နဝတ အဖို့ ရင်ဆိုင်နေရသည့်အခြေခံနိုင်ငံရေးအကြပ်အတည်းမှာမူ ဗမာ ပြည်ရှိ လူမျိုးပေါင်းစုံပြည်သူလူထုတရပ်လုံးကတဖက် နဝတစစ်အုပ်စုကတဖက် ဤနှစ်ဖက် အကြား တည်ရှိသည့် ပဋိပက္ခကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အကြည်အတည်းပင်ဖြစ်သည်။ ဤအကြပ်အတည်းသည် နဝတအဖို့ အဓိကအကြပ်အတည်းပင်ဖြစ်သည်။ ဤပဋိပက္ခနှင့် အ ကြပ်အတည်းသည် ဗမာပြည်လူ့အဖွဲ့အစည်းအတွင်း တည်ရှိနေသောပြဿနာကို ဖြေရှင်းရန် အဓိက အချက်အခြာဖြစ်သည်။ ဤအကြပ်အတည်းသည် မကြာမကြာဖြစ်ပေါ်လျက်ရှိနေ သည့် လူထုအုံကြွမှုဖြင့် ဖေါ်ပြလျက်ရှိသည်။ ဤအကြပ်အတည်းကို နဝတမှာ မည်သည့်နည်း နှင့်မျှ ဖြေရှင်း၍ရမည်မဟုတ်ချေ။ ယခုဖြစ်လျက်၊ ဖြစ်နေဆဲနှင့် ဖြစ်ရှိခဲ့သည့်ပြည်သူလူထုတရပ် လုံး၏ မကျေနပ်မှုနှင့် လူထုလှုပ်ရှားမှုသည် ဒီလှိုင်းသဖွယ်ရွေ့ရှားပြီး အထွေထွေလူထုအုံကြွမှုကြီး သို့ ဦးတည်လျက်ရှိနေပါသည်။ ဤနေ့ဖြစ်ပေါ်လျက်ရှိသည့် လှိုင်းကလေးများ ဂယက်ကလေး များသည် နှောင်လာမည့် မဝေးတော့သော အနာဂါတ်တွင် လှုပ်ရှားမှုဒီလှိုင်းကြီးဝါဒီရေ၊ မြစ် သစ်ကြီးတခု မုချပေါ်ပေါက်လာမည့် အလားအလာ အပြည့်အဝရှိနေပါသည်။ နဝတ၏ နိုင်ငံ ရေးအကြပ်အတည်းနှင့် အထူးသဖြင့်စီးပွားရေးအကြပ်အတည်းများသည် မုချတော်လှန်ရေး အောင်ပွဲဆင်ရေးအတွက် အခြေအနေရင့်မှည့်မှုသို့ပြန်လည်ဆိုက်ရောက်နေလိမ့်မည်။ အနေး ရောက်မလား၊ အမြန်ရောက်မလား ဆိုသည့်အချက်သာ ကျနော်တို့စဉ်းစားတွက်ချက်ရမည်

ဖြစ်သည်။ အနေးနှင့်အမြန်ရောက်ရှိလာနိုင်ရေးအတွက် ကျနော်တို့တော်လှန်ရေး ဦးဆောင်လျက်ရှိနေသူများအပေါ် ၌လည်း များစွာမည်တည်လျက်ရှိပါသည်။ တော်လှန်ရေး၏ ရင့်မှည့်မှုအခြေအနေကို ရောက်ရှိသွားရန် ကျနော်တို့ဆက်လက်ပြီး ကြိုးပမ်းသွားရမည်။ ကျနော်တို့ ကရင်အမျိုးသားများ၊ တိုင်းရင်းသားလူမျိုးစုံပြည်သူများကို ဤအတိုင်းဆက်ပြီးနေ၍တော့ မဖြစ်ချေဟုသိရှိပြီး နိုးကြားလာအောင်လုပ်ကြရမည်။ တဖက်တွင်လည်း နဝတ စစ်အစိုးရကိုလည်း ဤအတိုင်းသာ ဆက်သွား၍မဖြစ်ချေဘူး၊ တခုခုတော့လုပ်ရမည်ဟုသိရှိပါရန် ကျနော်တို့ဆက်လက်တိုက်ပွဲဝင်ကြရမည်။ ဤသည်နှင့်ပတ်သက်၍ ရှစ်လေးလုံးအခြေအနေကို ပြန်ပြီးစဉ်းစားသုံးသပ်ရန်လိုအပ်ပါသည်။ ရှစ်လေးလုံးမတိုင်ခင် ဦးနေဝင်းကိုယ်တိုင် ဤအတိုင်းဆက်သွား၍မဖြစ်မှန်းသိလာပြီး အပြောင်းအလဲလုပ်ရန် ဖွင့်ပေးလိုက်ချိန်မှာဘဲ ရှစ်လေးလုံးအုံကြွမှုဖြစ်သည်ကို ကျနော်တို့သတိပြုဖို့လိုပါသည်။ ယခုအချိန်လည်း ဤကဲ့သို့သော အခြေအနေမျိုးကို ဦးတည်လျက်ရှိနေပါသည်။ ဤအခြေအနေမျိုးဖြင့် ကျနော်တို့မိခင်အစည်းအရုံးဖြစ်သည့် ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံးကို နိုင်ငံရေးအရ၊ တွေးခေါ်မှုအရစုစည်းပြီး စည်းလုံးညီညွတ်သော ခေါင်းဆောင်မှုအဖွဲ့ကို တည်ဆောက်ရမည်။ ကရင်အမျိုးသားများနှင့်တကွ ဗမာပြည်ရှိလူမျိုးပေါင်းစုံ ပြည်သူများ၏ သိပ်သည်းကျစ်လစ်သည့် စည်းလုံးညီညွတ်မှုရအောင် ပြုလုပ်ကြရမည်။ ကရင်အမျိုးသားအတွက်ချည်းသက်သက် ထွက်ပေါက်ရှာကိုယ်လွတ်ရုန်း၍ မဖြစ်နိုင်ချေ။ ဤကဲ့သို့ပြုလုပ်ခြင်းသည် ကောက်ကျစ်စဉ်းလဲသည့် မုဆိုး၏ ထောင်ချောက်အတွင်းသို့ ကျရောက်သည့်သားကောင်ပမာ ကျနော်တို့ဖြစ်ဘို့ရှိသည်။ ကျနော်တို့တော်လှန်ရေးကို ဗမာပြည်သူတရပ်လုံး၏ ဒီမိုကရေစီတော်လှန်ရေး ပေါင်းစပ်နိုင်မှသာလျှင် အောင်ပွဲခံရေးအတွက် ရင့်မှည့်သည့်တော်လှန်ရေးအခြေအနေရောက်ရှိအောင် ကျနော်တို့တွန်းဆောင်နိုင်မည်ဖြစ်သည်။ ဥက္ကဋ္ဌကြီး စောဘဦးကြီး မကွယ်လွန်မီ မိန့်ကြားခဲ့သည့် အခြေအနေအရပ်ရပ်၏ တွန်းပို့မှုကြောင့် ကရင်ပြည်မရဘဲမဖြစ် မုချရမည့်အခြေအနေသို့ ရောက်ရှိမည်ဆိုသည်မှာ ဤအခြေအနေမျိုးကို ဆိုလိုခြင်းပင်ဖြစ်သည်။

ယခုအချိန်တွင် ကျနော်တို့ဆင်နွှဲလျက်ရှိသည့် လက်နက်ကိုင်လမ်းစဉ်တွင် လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန်ကို အဓိက တိုက်ပွဲသဏ္ဍာန်အဖြစ်ထားပြီး အခြားတိုက်ပွဲသဏ္ဍာန်မျိုးစုံအဖြစ်ပေါင်းစပ်လုပ်ကိုင်ခြင်းသည် ယခုတိုင်မှန်ကန်သည့် နည်းပရိယာယ်လမ်းစဉ်ပင်ဖြစ်သည်၊ သို့သော်ကျနော်တို့ပြုမိခဲ့သည့် ခံစစ်သေစစ်ရေးအမှားကို ရဲရဲပြင်ပြီး ခံစစ်ရှင်ပြောက်ကျားစစ်ကို ဆက်လက်ပြီးပြုလုပ်သွားရမည်။ ဤနည်းဖြင့် ပြည်သူလူထုနှင့် ကျယ်ကျယ်ပြန့်ပြန့် အဆက်အသွယ်ပြန်ညီရရှိအောင် ကြိုးပမ်းရမည်။ ဤနည်းဖြင့် ဗမာပြည် ပြည်သူတရပ်လုံး၏ တိုက်ပွဲဖြစ်သည့် အထွေထွေအုံကြွမှု အနေးအမြန်ပေါ်ပေါက်စေရေးအတွက် ကျနော်တို့အားဖြည့်သွားရမည်။ တွန်းအားပေးသွားရမည်။

အထက်တွင် ဖေါ်ပြသည့် အခြေအနေသို့ ရောက်ရှိလာရန် ဆက်လက်ကြိုးပမ်းရာတွင်

ကျနော်တို့၌ ရှိသည့်မှားယွင်းသော အတွေးအခေါ်အချို့ကိုတော့ ပြုပြင်ကြရမည်။ ကျနော်တို့ပြုခဲ့သည့်အမှားများကို ရဲရဲကြည့်ပြီး ရဲရဲပြင်ကြရမည်။ အထက်တွင် ကျနော်တင်ပြသည့်အတိုင်း ကျနော်တို့ချမှတ်ခဲ့သည့် တော်လှန်ရေးလမ်းစဉ်သည် အခြေခံအားဖြင့် မှန်ကန်သည်။ သို့သော် အဓိကအားနည်းချက်မှာ ဤလမ်းစဉ်အတိုင်း ကျနော်တို့ မလုပ်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ဤအားနည်းချက်ကို ကျနော်တို့ ရဲရဲပြင်ကြရမည်။ ဤကဲ့သို့မလုပ်နိုင်ခဲ့ခြင်းမှာလည်း ကျနော်တို့အတွင်း ကပ်ညှိလျက်ရှိသည့် လူ့အဖွဲ့အစည်းဟောင်းအတွင်းရှိ မှားယွင်းသော အတွေးအခေါ်များကြောင့်ဖြစ်သည်၊ ကျဆုံးသွားပြီးဖြစ်သည့် ဥက္ကဋ္ဌ စောဘဦးကြီး၏ တော်လှန်သော မျိုးချစ်အတွေးအခေါ်ကို မတည်ဆောက်နိုင်သည်မှာလည်း ဤအကြောင်းကြောင့်ပင်ဖြစ်သည်၊ ထို့ကြောင့်ဖြစ်ခဲ့သည့်အမှားကို ပြုပြင်ကြပြီး ကျနော်တို့ကရင်အမျိုးသားနှင့် ပြည်သူတရပ်လုံးကို ရဲရဲကြီး စည်းရုံးကြရမည်။ ကျနော်တို့သည် တော်လှန်ရေးအောင်ပွဲခံရေးအတွက် ပြည်ပဖိအားကို အဓိက ထားသည့်အတွေးအခေါ်ကိုလည်း ပယ်လှန်ကြရမည်။

ပြည်ပ (ဝါ) နိုင်ငံတကာ ဖိအားသည် ကျနော်တို့အတွက် မလို၍မဟုတ်ပါ လိုပါသည်။ ဤဖိအားကို ကျနော်တို့ငြင်းပယ်မိပါက မှားလိမ့်မည်။ သို့သော် ဤဖိအားသည် အဓိကမဟုတ်ပေ။ တော်လှန်ရေးအောင်ပွဲခံရေးသည် ပြည်တွင်းဖိအားသာလျှင် အဓိကဖြစ်ပါသည်။ တနည်းအားဖြင့် မိမိကိုယ်ကို မိမိအားကိုးခြင်း၊ ကရင်အမျိုးသားအင်အားကို အားကိုးခြင်း၊ ဗမာပြည်သူတရပ်လုံး၏ အင်အားကိုအားကိုးခြင်းစသည်ဖြင့် (ဝါ) ကိုယ့်အားကိုယ်ကိုးပြီး ဆက်လက်တိုက်ပွဲဝင်သွားကြရမည်။ သို့မှသာ ကျနော်တို့အောင်ပွဲခံနိုင်မည်မှာ ကေန်မုချဖြစ်မည်။

အမှန်ပင် ကရင်အမျိုးသားများနှင့်တကွ ဗမာပြည်ရှိ လူမျိုးစုံပြည်သူတရပ်လုံးသည် စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်သာယာဝပြောရေးကို လိုလားလျက်ရှိသည်။ အူလိုက်သဲလိုက်ကို လိုလားလျက်ရှိနေပါသည်။ မငြိမ်းချမ်းမှုနှင့် ခေတ်နောက်ကျပြီး ဆင်းရဲမွဲတေမှုတို့ကို ကျနော်တို့ကရင်အမျိုးသားများနှင့်တကွ ဗမာပြည်ရှိလူမျိုးစုံပြည်သူတရပ်လုံးက ခါးသီးစွာခံစားခဲ့ကြရသည်မှာ ရှည်ကြာပြီးဖြစ်သည်။ ဤသည်ကိုအကြောင်းပြုပြီး နဝတ စစ်အုပ်စုသည် အတုအယောင်ငြိမ်းချမ်းရေး၊ အတုအယောင်ဖွံ့ဖြိုးတိုးတက်ရေးစသည်များကို ခါးမိုးပြီး အတင်းအမွှပြုလုပ်ကာ ပြည်သူတရပ်လုံးကို ကျွန်ပြုအုပ်စိုးလျက်ရှိနေသည်။ ဤသည်များကြောင့် စစ်မှန်သည့်ငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုကြီးအမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားပြုသူမှာ နဝတ စစ်အုပ်စုပင်ဖြစ်သည်။ နဝတ စစ်အုပ်စုသည် ပြည်သူများလိုလားသည့်အတိုင်း လုပ်နိုင်မည့်သူမဟုတ်ပေ။ လုပ်လည်းလုပ်မည်မဟုတ်ချေ။ အကြောင်းသော်ကား ၎င်းတို့သည် သမိုင်းတရားခံများဖြစ်လျက်ရှိနေပြီးဖြစ်သည်။ ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုအတွက် ထိုက်သင့်သည့်အပြစ်ဒါဏ်ခံယူရမည်ကို အင်မတန် ကြောက်ရွံ့နေကြသူများဖြစ်သည်။ ထို့ကြောင့် နဝတ စစ်အုပ်စုသည်၊ ၎င်းတို့၏ ခါးပိုက်ဆောင်ကြေးစား စစ်တပ်ကို မဏ္ဍိုင်ပြုပြီး စစ်မာန်ထောင်လွှားကာ ကျားကျားမီးယပ်သာ ဆက်လုပ်နေဦးမည်ဖြစ်သည်။ ဤသည်ကို

ကျနော်တို့သတိပြုပြီး ကရင်အမျိုးသားအားလုံး ညီညွတ်အောင် ကြိုးပမ်းကြရမည်။ တကယ့်ငြိမ်းချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားပြုလျက်ရှိသည့် နဝတစစ်အုပ်စုကို ပြည်သူအင်အားနှင့် ဖယ်ရှားကြရမည်ဖြစ်သည်။ ဤကဲ့သို့ ပြုလုပ်နိုင်မှသာ စစ်မှန်သည့်ပြည်တွင်းငြိမ်းချမ်းရေး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ ကရင့်တော်လှန်ရေးမှ မျှော်မှန်းခဲ့သည့် ကရင်အမျိုးသားများ၏ ဘဝလွတ်မြောက်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် တို့ကို ရရှိမည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် ကျနော်တို့တွင် ကျယ်ပြန့်ဖြစ်ရှိနေသည့် လစ်ဘရယ် ဝါဒ၊ ဂိုဏ်းဂန ဝါဒနှင့် မိမိကိုယ်ကျိုးကို ဦးစားပေးခြင်း၊ အဖွဲ့အစည်းအတွက် ဆောင်ရွက်ခြင်းကို အသုံးချပြီး မိမိကိုယ်ကျိုးအတွက် ပြုလုပ်ခဲ့ခြင်းများသည် ကျနော်တို့ ရဲရဲမြင်ပြီး ရဲရဲပြင်ကြရမည်။ တနည်းဆိုသော ကျနော်တို့သည် လေဘရယ်ဝါဒကို ပြတ်ပြတ်သန်းသန်း ဆန့်ကျင်ကြရမည်။ ဂိုဏ်းဂနဝါဒကိုလည်း ပြတ်ပြတ်သန်းသန်း ဆန့်ကျင်ကြရမည်။ ကိုယ်ကျိုးရှာမှုကို လုံးဝ စွန့်လွှတ်ကြရမည်။ သို့မှသာ တော်လှန်ရေးကို အောင်ပွဲခံသည့်အထိ ကျနော်တို့ရှေ့ဆောင်နိုင်မည်ဖြစ်သည်။

★ ကရင့်တော်လှန်ရေး မုချအောင်ရမည်။
★ တော်လှန်သောမျိုးချစ်စိတ်ဓါတ် အစွန့်ရှည်ပါစေ။

⌘⌘⌘⌘

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■